# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အနှစ်ရှိသော တရားကိုရနိုင်**

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏။

**ယမကဝဂ်(ဓမ္မပဒ-၁၂)**


၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက် | ၂၀၁၉ ခုနှစ်၊ ဇွန် ၁ ရက်၊ စနေနေ့ | အတွဲ (၅၈)၊ အမှတ် (၂၄၄)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် မေ ၃၁**

အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နယူးဒေလီမြို့မှ နေပြည်တော်သို့ မြန်မာအမျိုးသားလေကြောင်းလိုင်း အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် (ကောင်စစ်ရေးရာ) Shri Sanjiv Arora၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ ဆော်ရက်(ဘ်)ကူးမား၊ အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်နှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ် သိန်းဇော်နှင့် တာဝန်ရှိသူများက နယူးဒေလီမြို့ Palam လေတပ်စခန်းလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Sumit Seth နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြစဉ်။ သတင်းစဉ်

**ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် နှစ်စဉ် လူရှစ်သန်းကျော် သေဆုံးလျက်ရှိ**

ပြည်တွင်းသတင်း စာ ➤ ၁၂

**တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများ များပြားလာခြင်းကြောင့် အမေရိကန်က မက္ကဆီကိုအပေါ် အခွန်စည်းကြပ်မည်**

နိုင်ငံတကာသတင်း စာ ➤ ၁၄




မြန်မာ့အလင်း

# အဆုတ်ကျန်းမာအောင် ဆေးလိပ်နှင့် ကွမ်းယာရှောင်

ဆေးလိပ်သောက်ခြင်းက သင့်သွေးကြောများကို ပိတ်ဆို့စေသည်ဆိုသော စာတန်းနှင့်အတူ ပုပ်ရောင်နေသောကြောင့် ခြေချောင်းများ ဖြတ်တောက်ထားရသော ခြေဖဝါးပုံ၊ ပါးစပ်နှင့် လည်ချောင်းကင်ဆာ၏ အဓိကလက်သည်မှာ ဆေးလိပ်သောက်ခြင်းကြောင့်ဆိုသော စာတန်းနှင့်အတူ အနာများနှင့် အကြီးအကျယ်ထိခိုက်ပျက်စီးနေသော ပါးစပ်တစ်ခု၏ ပုံ၊ သင့်ဆေးလိပ်ငွေ့ကို ကလေးများ မရှူမိစေရန် ကာကွယ်ပါဟူသော စာတန်းနှင့်အတူ ကလေးငယ်၏ မျက်နှာနှင့် ဆေးလိပ်ငွေ့များပုံ စသည်တို့ အပါအဝင် ဆေးလိပ်(စီးကရက်) သောက်ခြင်းနှင့် ဆက်နွှယ်နေသော ကျန်းမာရေးပြဿနာများနှင့်စပ်လျဉ်းသည့် သတိပေးစာတန်းများ၊ ကြောက်ရွံ့ထိတ်လန့်ဖွယ် ရုပ်ပုံများနှင့် ဆင်ယင်ထားသည့် စီးကရက်ဘူးများသည် ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှုထိန်းချုပ်ရေးအတွက် ကြိုးပမ်းနေကြသည့် နိုင်ငံများတွင် ဈေးကွက်တင် ရောင်းချနေကြသည့် စီးကရက်ဘူးများ၏ အသွင်သဏ္ဌာန်များပင် ဖြစ်သည်။

သို့တိုင်အောင် ကမ္ဘာပေါ်တွင် အမျိုးသားလေးဦးတွင် တစ်ဦး၊ အမျိုးသမီးအယောက် ၂၀ လျှင် တစ်ဦးတို့သည် ဆေးလိပ်သောက်နေကြသည်။ တစ်ကမ္ဘာလုံးတွင် လူဦးရေ တစ်ဘီလီယံခန့် ဆေးလိပ်သောက်နေကြပြီး ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုကြောင့် သေဆုံးမှုနှုန်းမှာ မြင့်တက်နေသည်ဟုလည်း ဆိုသည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးကြောင့် နှစ်စဉ်လူရှစ်သန်းခန့်သေဆုံးနေရာ ယင်းအနက်မှ တစ်သန်းခန့်မှာ ကိုယ်တိုင်ဆေးလိပ်မသောက်ဘဲ သူများသောက်သည့် ဆေးလိပ်ငွေ့ကြောင့် သေဆုံးကြရခြင်းဖြစ်သည်ဟုလည်း သုတေသနမှတ်တမ်းများတွင် ဖော်ပြထားသည်။ ဆေးလိပ်သောက်မှုကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာသည့် ကျန်းမာရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးများ လျှော့ချနိုင်ရေးအတွက် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ကုန်ပစ္စည်းများပေါ်တွင် အခွန်တိုးမြှင့်ကောက်ခံခြင်း၊ ဥပဒေများပြဋ္ဌာန်း၍ ထိန်းချုပ်ခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းတို့ကြောင့် ဆေးလိပ်သောက်ခြင်းနှင့် ဆေးရွက်ကြီးသုံးစွဲခြင်းတို့အပေါ် အကျိုးသက်ရောက်မှုများရှိသည့်တိုင်အောင် တစ်ဖက်တွင်လည်း ဆေးလိပ် (စီးကရက်) ကုမ္ပဏီကြီးများက ၎င်းတို့၏ ထုတ်ကုန်များအတွက် ဈေးကွက်ရရှိရေး နည်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိကြရာ ဆေးလိပ်သောက်သူ အသစ် အသစ်များမှာလည်း တိုးပွားလျက်ရှိနေသည်ဟု ဆိုသည်။

မိမိတို့နိုင်ငံတွင် ဆေးရွက်ကြီး (Tobacco) ကို နည်းလမ်းနှစ်မျိုးဖြင့် သုံးစွဲလျက်ရှိနေသည်။ အငွေ့ထွက်သောနည်းအဖြစ် စီးကရက်၊ ဆေးလိပ်၊ ဆေးတံတို့တွင် ထည့်သွင်း၍ သောက်ခြင်း၊ ရှူခြင်း၊ အငွေ့မထွက်သောနည်းအဖြစ် ကွမ်းယာတွင် ထည့်စားခြင်း၊ ဆေးရွက်ကြီးသက်သက်ငုံခြင်းတို့ပင် ဖြစ်သည်။ ဆေးရွက်ကြီးတွင် ပါဝင်သော နီကိုတင်းဓာတ်၏ စွဲလမ်းစေသော အာနိသင်ကြောင့် ဆေးလိပ်သောက်၊ ကွမ်းစားခြင်းတို့က စွဲလမ်းသည့် အလေ့အထကို ဖြစ်စေသည်။ ကိုယ်တိုင်ဆေးလိပ်သောက်ခြင်း၊ သူများသောက်သည့် ဆေးလိပ်ငွေ့ကိုရှူရခြင်း၊ ကွမ်းစားဆေးငုံခြင်းတို့ကြောင့် ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အဆုတ်ကင်ဆာ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်း၊ အဆုတ်ရောင်ခြင်း၊ အဆုတ်ပွခြင်း၊ သွေးတိုးရောဂါ၊ ခြေပုပ်လက်ပုပ်ရောဂါ၊ ပန်းသေပန်းညှိုးရောဂါတို့ ဖြစ်စေနိုင်သည်။ ဆေးလိပ်ငွေ့ရှူရသည့် ကလေးများမှာ လသားအရွယ်ဆိုပါက ရုတ်တရက် သေဆုံးခြင်း၊ အဆုတ်ရောဂါရခြင်း၊ ရင်ကြပ်ပန်းနာဖြစ်ခြင်း၊ နားပြည်ယိုခြင်းတို့ ဖြစ်နိုင်သည်။ သို့ဖြစ်ခြင်းကြောင့် ဆေးလိပ်သောက်ခြင်းသည် မိမိကိုယ်တိုင်အပြင် အခြားသူအတွက်ပါ အန္တရာယ်ရှိစေသည်။

ယခုနှစ် မေ ၃၁ ရက် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ကို ''အဆုတ်ကျန်းမာအောင်၊ ဆေးလိပ်နှင့် ကွမ်းယာရှောင်''ဟူသော ဆောင်ပုဒ်ဖြင့် ကျင်းပခဲ့ရာ ဆေးလိပ်သောက် ကွမ်းစားကြသူတိုင်း ဂရုပြုကြဖို့ပင်ဖြစ်သည်။ မိမိအတွက်သာမက ပတ်ဝန်းကျင်ကိုပါ ထိခိုက်စေသည့် အလေ့အထ၊ ကြောက်မက်ဖွယ်ရောဂါများကို ငွေကုန်ကြေးကျခံကာ ဝယ်ယူနေကြရသည့် အစွဲအလမ်းများမှ လွတ်မြောက်နိုင်ကြပါစေကြောင်း။ ။

# အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံကို နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင် ၃၀၀)ဟု အမည်ပြောင်း

**နေပြည်တော် မေ ၃၁**

နေပြည်တော် ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့နယ်ရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံ (ခုတင်-၃၀၀) အား နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀) အဖြစ် ဆေးရုံအမည်ပြောင်း ဆိုင်းဘုတ်တင်ပွဲကို ယမန်နေ့က အဆိုပါ ဆေးရုံကြီး၌ ကျင်းပရာ ပြင်ပလူနာဌာနရှေ့တွင် ဆေးရုံအမည်သစ် ဆိုင်းဘုတ်ကို နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ ပြည်သူ့လွှတ်တော်၊ ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ စံရွှေဝင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဗဟိုအဆင့်ဆေးရုံများကွပ်ကဲရေးမှူး၊ ဆေးရုံအုပ်ကြီး (ပူးတွဲတာဝန်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာယဉ်သန္တာလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။




အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း အမှာစကားပြောကြားစဉ်။

ဆက်လက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ယခုအမည်သစ်ပြောင်းလိုက်သည့် နေပြည်တော် ပြည်သူ့ဆေးရုံ ကြီး (ခုတင် ၃၀၀)မှာ ယခင်ကတည်းက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများသာမက အနယ်နယ်အရပ်ရပ်မှ ပြည်သူများကိုပါ ကျန်းမာရေးပြုစုစောင့်ရှောက်မှုပေးနေသည့်အတွက် ပိုမိုပြီး ပြုစုစောင့်ရှောက်မှု ပေးနိုင်စေရန် ကောင်းသောရည်ရွယ်ချက်ဖြင့် ပိုမိုသင့်လျော်သောအမည်ကို ပြောင်းလဲခဲ့ခြင်းသာဖြစ်ကြောင်း။

ပြောင်းလဲလိုက်သော ဆေးရုံအမည်သစ်နှင့်အညီ ပိုမိုတိုးတက်ပြီး ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရေးအတွက် လိုအပ်ချက်များကိုလည်း ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်နေသေးကြောင်း၊ ဝန်ထမ်းအင်အား၊ စက်ပစ္စည်းအင်အားနှင့် ဆေးဝါးပစ္စည်းတို့ကိုလည်း ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ဤဆေးရုံကြီးအနေဖြင့်လည်း ပုံမှန်ဆေးကုသမှုလုပ်ငန်းများအပြင် မိမိတို့ဝန်ထမ်းများက စေတနာရှေ့ထားပြီး သက်ကြီးရွယ်အိုကျန်းမာရေး စောင့်ရှောက်မှု၊ ဆီးချိုသွေးချိုရောဂါကုဆေးခန်း၊ ဆေးရုံအခြေပြု ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများတိုးချဲ့ဆောင်ရွက်နေသည်ကို တွေ့ရသည့်အတွက် ချီးကျူးဂုဏ်ပြုကြောင်း။

ဆေးရုံအကျယ်အဝန်းမှာ ၅၂ ဧကရှိသည့်အတွက် ဆေးရုံအဆင့်မြှင့်တင်ရန် အခြေခံအဆောက်အအုံများ၊ ဝန်ထမ်းနေအိမ်လိုင်းခန်းများကိုလည်း တိုးချဲ့ဆောက်လုပ်ရန် အလားအလာကောင်းမွန်သည့် ဆေးရုံကြီးတစ်ရုံဖြစ်ကြောင်း၊ လူနာများ ပြုစုစောင့်ရှောက်မှုသာမက လူနာစောင့်များ နားနေရန်အဆောက်အအုံကိုလည်း ဆောက်လုပ်ပေးထားပြီးဖြစ်သည့်အတွက် ရေရှည်တည်တံ့ခိုင်မြဲစေရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုအဆင့်ဆေးရုံများကွပ်ကဲရေးမှူး၊ ဆေးရုံအုပ်ကြီး(ပူးတွဲတာဝန်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ယဉ်သန္တာလွင်က နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၃၀၀)၏ ဆေးရုံအမည်ပြောင်း ဆိုင်းဘုတ်တင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကာယပညာနှင့် အားကစားအခြေခံနည်းပြသင်တန်း အမှတ်စဉ် (၂၀) သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် မေ ၃၁**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ၂၀၁၉ ခုနှစ် ကာယပညာနှင့် အားကစား အခြေခံနည်းပြသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့က နေပြည်တော် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားလေ့ကျင့်ရေးစခန်းရှိ Gold Medal Hall ခန်းမ၌ ကျင်းပသည်။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ယခုသင်တန်းဆင်းမည့် အမှတ်စဉ်(၂၀)တွင် ကာယဆရာ ဆရာမ ၃၉၉ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ သင်တန်းသားသင်တန်းသူများအား ကာယပညာဘာသာရပ်နှင့် အားကစားနည်းအခြေခံများကို စနစ်တကျ သင်ကြားပို့ချပေးခဲ့ကြသည့် နည်းပြဆရာ ဆရာမများနှင့် သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များမှ နည်းပြများအား ပညာရေးဝန်ကြီးဌာနအနေဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ဆရာဆရာမများအနေဖြင့် သင်တန်းတွင် သင်ကြားပို့ချလိုက်သည့် ပညာရပ်များကို မိမိတို့ တာဝန်ကျသည့် အခြေခံပညာကျောင်းများတွင်ရှိသော ကျောင်းသားကျောင်းသူများအား စနစ်တကျပြန်လည်သင်ကြား ပို့ချပေးစေလိုကြောင်း၊ ကာယပညာဘာသာရပ်သည် စဉ်ဆက် မပြတ်လေ့လာသင်ယူနေရမည့် ဘာသာရပ်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများတွင် ကာယပညာဘာသာရပ်ကို အထူးအလေးထား သင်ကြားလေ့ကျင့်ပေးနေကြသည်ကို တွေ့မြင်ရကြောင်း၊ သင်တန်းတွင် သင်ကြားပို့ချခဲ့သမျှ သေချာစွာလေ့လာသင်ယူ မှတ်သားခဲ့ကြသလို စဉ်ဆက်မပြတ် ဆက်လက်လေ့လာသင်ယူနေကြရန်ဖြစ်ကြောင်း ပြောကြားသည်။




ကာယပညာနှင့် အားကစားအခြေခံနည်းပြသင်တန်း အမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲ ကျင်းပစဉ်။

ထို့နောက် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက သင်တန်းဆင်းလက်မှတ်များနှင့် ဂုဏ်ပြုလွှာများကို ချီးမြှင့်ပေးအပ်ရာ သင်တန်းသား သင်တန်းသူများနှင့် သင်တန်းနည်းပြများက လက်ခံယူကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက သင်တန်းသားစံပြဆုနှင့် သင်တန်းသူစံပြများကို ချီးမြှင့်ပေးအပ်ရာ (ကသ-၃၃) ဦးကျော်ရဲအောင်နှင့် (ကသ-၃၉၃) ဒေါ်ခိုင်ယဉ်မွန်တို့က လက်ခံယူကြသည်။

ဆက်လက်၍ အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်မောင်ဝင်းက သင်တန်းကာလအတွင်း လှူဒါန်းခဲ့သော အလှူရှင်များကိုယ်စား အလှူရှင်တစ်ဦးအား ဂုဏ်ပြုလွှာ ချီးမြှင့်ပေးအပ်သည်။

ကာယပညာနှင့် အားကစားအခြေခံနည်းပြသင်တန်း အမှတ်စဉ်(၂၀) သင်တန်းကို ဧပြီ ၂၀ ရက်မှ မေ ၃၀ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ချီဖွေမြို့နယ်မှ တိုက်ပွဲရှောင် အိမ်ထောင်စုများအတွက် အိမ်သုံးပစ္စည်းများထောက်ပံ့

**ချီဖွေ မေ ၃၁**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ချီဖွေမြို့ရှိ ယာယီတိုက်ပွဲရှောင် မိသားစုများအတွက် ဆောက်လုပ်ပြီးစီးသည့် တန်ဖိုးနည်းအိမ်ရာ ၁၁ လုံးတွင် နေထိုင်ကြမည့် အိမ်ထောင်စုများ အတွက် အိမ်သုံးပစ္စည်းများကို အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းဝင်များဖြစ်သည့် အိန္ဒိယနိုင်ငံသား Mr. Joy Singhal နှင့် Mr.Manish Ashok Tewani၊ ဆွီဒင်နိုင်ငံသူ Miss Ama Maria Elisabeth တို့နှင့်အတူ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမြသူနှင့် ကချင်ပြည်နယ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးဂဲနက်စ် တို့ဦးဆောင်သည့် အဖွဲ့က မေလနောက်ဆုံးပတ်အတွင်းက သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကာ ကျန်သောအိမ်ရာများ ဆက်လက်ဆောက်လုပ်နိုင်ရန် ငွေကြေးပံ့ပိုးခြင်းနှင့် တိုက်ပွဲရှောင်ပြည်သူများအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်းများလည်း ဆောင်ရွက်ပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အိန္ဒိယဝန်ကြီးချုပ်၏ ဒုတိယအကြိမ် သက်တမ်း ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ခြင်းဆိုင်ရာ သတင်းထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် အိန္ဒိယသမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် ရှရီ နရန်ဒရာမိုဒီ၏ ဖိတ်ကြားချက်အရ ၎င်း၏ ဒုတိယအကြိမ် ဝန်ကြီးချုပ်သက်တမ်း ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ တက်ရောက်ရန် မေ ၃၀ ရက်မှ ၃၁ ရက်အထိ အိန္ဒိယသမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည်။**

နိုင်ငံတော်သမ္မတ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၃၀ ရက် နံနက်ပိုင်းတွင် နယူးဒေလီမြို့ Palam လေဆိပ်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိခဲ့ပြီး မွန်းလွဲပိုင်းတွင် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး နေအိမ်၌ သံအမတ်ကြီး ဦးမိုးကျော်အောင် ဦးဆောင်သော မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။ ထို့နောက် နိုင်ငံတော်သမ္မတသည် အမျိုးသားပြတိုက်နှင့် India Gate တို့သို့ သွားရောက်လေ့လာကြည့်ရှုခဲ့သည်။

ယင်းနေ့ ညနေပိုင်းတွင် နိုင်ငံတော်သမ္မတသည် နယူးဒေလီမြို့ရှိ အိန္ဒိယသမ္မတ အိမ်တော် (Rashtrapati Bhavan)တွင် ကျင်းပသော အိန္ဒိယနိုင်ငံဝန်ကြီးချုပ် ရှရီ နရန်ဒရာမိုဒီ၏ ဒုတိယအကြိမ် ဝန်ကြီးချုပ်သက်တမ်း ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ အဆိုပါကျမ်းသစ္စာကျိန်ဆိုပွဲတွင် အိန္ဒိယသမ္မတ၏ ရှေ့မှောက်၌ အိန္ဒိယဝန်ကြီးချုပ်နှင့် ၎င်း၏ အစိုးရအဖွဲ့ ဝန်ကြီးများကောင်စီအဖွဲ့ဝင်များက ကျမ်းသစ္စာကျိန်ဆိုခဲ့ကြသည်။ အခမ်းအနားတွင် နိုင်ငံတော်သမ္မတသည် အိန္ဒိယဝန်ကြီးချုပ်အား ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်လျက် ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရရှိခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ ဒုတိယ သက်တမ်းကာလတွင် အောင်မြင်မှုများ ဆက်လက်ရရှိစေရေးနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ရေးအတွက် ဆုမွန်တောင်းကြောင်း နှုတ်ဆက်စကားပြောကြားခဲ့သည်။ အခမ်းအနားပြီးနောက် နိုင်ငံတော်သမ္မတသည် အိန္ဒိယနိုင်ငံ၊ သမ္မတ ရှရီ ရမ်နက်သ်ကိုဗင့်ဒ်က တည်ခင်းဧည့်ခံသော ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ညစာစားပွဲတွင် နိုင်ငံတော်သမ္မတသည် အိန္ဒိယနိုင်ငံသမ္မတနှင့် ဒုတိယသမ္မတ ရှရီ အမ်၊ ဗန်ကေနိုင်ဒူတို့နှင့်လည်း ခင်မင်ရင်းနှီးစွာ တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခွင့်ရရှိခဲ့သည်။

ဝန်ကြီးချုပ်၏ကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ ကာဂျစ်စတန်သမ္မတနိုင်ငံ သမ္မတ၊ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ၊ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတ၊ မောရစ်ရှပ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ ဘူတန်နိုင်ငံ ဝန်ကြီးချုပ်၊ နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီ ရမ်နက်သ် ကိုဗင့်ဒ်နှင့် ဝန်ကြီးချုပ် ရှရီ နရန်ဒရာမိုဒီတို့ ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားအပြီးတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာန၊ ဝန်ကြီးတို့လည်း တက်ရောက်ခဲ့ကြသည်။ ဖော်ပြပါအခမ်းအနားသို့ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ အကြီးအကဲများနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌတို့အား အထူးဧည့်သည်တော်များအဖြစ် ဖိတ်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ ၎င်းအခမ်းအနားသို့ ပြည်ပမှ အထူးဧည့်သည်တော်ခေါင်းဆောင်များ၊ သံတမန်များ၊ အိန္ဒိယအမျိုးသားဒီမိုကရေစီမဟာမိတ်အဖွဲ့ (National Democratic Alliance) မှ ခေါင်းဆောင်များနှင့် နိုင်ငံတော်အဆင့်နှင့် ပြည်နယ်အဆင့်တို့မှ နိုင်ငံရေးအဖွဲ့အစည်း ကိုယ်စားလှယ်များအပါအဝင် ကိုယ်စားလှယ် (၇၀၀၀) ခန့် တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်သမ္မတ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မေ ၃၁ ရက် မွန်းလွဲပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

အဆိုပါခရီးစဉ်သို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်လတ်နှင့် တာဝန်ရှိသူများ လိုက်ပါသွားခဲ့ကြသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ မေလ ၃၁ ရက်။**



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ ရှရီ ရမ်နက်သ် ကိုဗင့်ဒ်က တည်ခင်းဧည့်ခံသော ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်စဉ်။**

# ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် မေ ၃၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့သို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန (တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း/အဖွဲ့များ)နှင့် လွှတ်တော်ကိုယ်စားလှယ်မှတစ်ဆင့် လာရောက်လေ့လာကြသည့် ပြည်သူများ စုစုပေါင်း ၂၀၂ ဦး တက်ရောက်လေ့လာခဲ့ကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လွှတ်တော်သို့ လာရောက်လေ့လာသူပေါင်း ၅၂၄၁၁ ဦးရှိကြောင်း၊ လွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ သုံးရက်ကြိုတင်ပေးပို့နိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လယ်ဝေးမြို့နယ်၌ မြစိမ်းရောင်စီမံကိန်း ချေးငွေများထုတ်ပေး

**နေပြည်တော် မေ ၃၁**

ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင်မိသားစုငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် လူမှုဘဝမြှင့်တင်ပေးနိုင်ရန် ရည်ရွယ်၍ လယ်ဝေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သက္ကယ်ချင်းကျေးရွာအတွက် မြစိမ်းရောင်စီမံကိန်း ချေးငွေများကို မေ ၃၀ ရက်က ပဉ္စမအကြိမ် ထုတ်ချေးပေးခဲ့သည်။

ကျေးရွာမူလတန်းကျောင်း၌ ပြုလုပ်သည့် ချေးငွေပေးအပ်ပွဲတွင် လယ်ဝေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီပြုံးက မြစိမ်းရောင်ကျေးရွာစီမံကိန်းတွင်ပါဝင်သည့် အသင်းသားများအနေဖြင့် ယခုထုတ်ချေးပေးသည့် စီမံကိန်းရန်ပုံငွေချေးငွေများကို အကျိုးရှိစွာ သုံးစွဲလုပ်ကိုင်ကြရန် မှာကြားပြီး မြို့နယ်မြစိမ်းရောင်တာဝန်ခံ ဒေါ်နီနီအေး(ဒုတိယဦးစီးမှူး)က ငွေစာရင်းများ စနစ်တကျပြုစုထိန်းသိမ်းထားရှိရေး ရှင်းလင်းပြောကြားသည်။ ထို့နောက် ဦးစီးအရာရှိနှင့် ဝန်ထမ်းများက အဆိုပါကျေးရွာရှိ စီမံကိန်းဝင်အသင်းသား စိုက်ပျိုးရေးလုပ်ကိုင်သူ ၃၉ ဦး၊ မွေးမြူရေးလုပ်ကိုင်သူ ၅၆ ဦးနှင့် အရောင်းအဝယ်လုပ်ကိုင်သူ ကိုးဦးတို့အား ချေးငွေများ ထုတ်ချေးပေးခဲ့သည်။

**သိဒ်**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|
| (၁) ဒေါက်တာ မီမီခင်<br>ဒုတိယပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ်(မိတ္ထီလာ)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) ဒေါက်တာ ကျော့ခင်<br>ဒုတိယပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်(မအူပင်)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>နည်းပညာတက္ကသိုလ်(မအူပင်)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်အတိုင်ပင်ခံကောင်စီဥက္ကဋ္ဌ General Prem Tinsulanonda ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းခြင်းမှတ်တမ်းတွင် လက်မှတ်ရေးထိုး

နေပြည်တော် မေ ၃၁

**ထိုင်းဘုရင့်အတိုင်ပင်ခံကောင်စီဥက္ကဋ္ဌ General Prem Tinsulanonda ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းခြင်းမှတ်တမ်းတွင် လက်မှတ်ရေးထိုးရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ ထိုင်းဘုရင့်လေတပ် ဒွန်မောင်းလေဆိပ် (Win - 6) သို့ ရောက်ရှိရာ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်း၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ General Peerapong Maungboonchoo၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ခင်ဇော်နှင့် ထိုင်းဘုရင့်တပ်မတော်အရာရှိကြီးများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်းဘုရင့် အတိုင်ပင်ခံကောင်စီရုံးသို့ ရောက်ရှိကြပြီး ထိုင်းဘုရင့်အတိုင်ပင်ခံကောင်စီဥက္ကဋ္ဌ General Prem Tinsulanonda ၏ ဓာတ်ပုံအား ဂါရဝပြုကာ ဝမ်းနည်းခြင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဘန်ကောက်ပိုစ့်သတင်းဌာနမှ သတင်းထောက်က ထိုင်းဘုရင့်အတိုင်ပင်ခံကောင်စီဥက္ကဋ္ဌ ကွယ်လွန်ခြင်းနှင့်ပတ်သက်၍ အမှတ်ရဖွယ်ရှိခဲ့သည့် အကြောင်းအရာများ မေးမြန်းမှုကို ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် Wat Benchamabophit ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ နှစ်နိုင်ငံ တပ်မတော် အရာရှိကြီးများနှင့်အတူ ထိုင်းဘုရင့် အတိုင်ပင်ခံကောင်စီဥက္ကဋ္ဌ၏ ရုပ်ကလာပ်အား ဂါရဝပြုသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘန်ကောက်မြို့ရှိ ထိုင်းဘုရင့်လေတပ် ဒွန်မောင်းလေဆိပ်(Win-6)မှ ပြန်လည်ထွက်ခွာကြပြီး ညနေပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ရောက်ရှိကြရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တပ်မတော်အရာရှိကြီးများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းဘုရင့်အတိုင်ပင်ခံကောင်စီဥက္ကဋ္ဌ General Prem Tinsulanonda ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းခြင်းမှတ်တမ်းတွင် လက်မှတ်ရေးထိုးစဉ်။**

ဓာတ်ပုံ-တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံး

# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ကိုရီးယားသမ္မတနိုင်ငံ ဂျယ်ဂျူးမြို့၌ ပြုလုပ်သည့် (၁၄) ကြိမ်မြောက် ဂျယ်ဂျူးဖိုရမ်သို့ တက်ရောက်

**နေပြည်တော် မေ ၃၁**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ကိုရီးယားသမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် Jeju Free International City Development Center တို့မှကြီးမှူး၍ ကိုရီးယားသမ္မတနိုင်ငံ၊ ဂျယ်ဂျူးမြို့ International Convention Center (ICC) ၌ ကျင်းပပြုလုပ်သည့် (၁၄)ကြိမ်မြောက် ဂျယ်ဂျူးဖိုရမ် (14th Jeju Forum for Peace & Prosperity 2019) သို့ မေ ၂၉ ရက်မှ ၃၀ ရက်အထိ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၂၉ ရက် ညနေပိုင်းတွင် ဂျယ်ဂျူးအုပ်ချုပ်ရေးမှူး (Governor) Mr. Won Heeryong က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲနှင့် မေ ၃၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပပြုလုပ်သည့် (၁၄)ကြိမ်မြောက် ဂျယ်ဂျူးဖိုရမ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ (၁၄)ကြိမ်မြောက် ဂျယ်ဂျူးဖိုရမ်သို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**မိန့်ခွန်းပြောကြား**

ပြည်ထောင်စုဝန်ကြီးသည် မေ ၃၀ ရက် မွန်းလွဲပိုင်းတွင် ပြုလုပ်သည့် New Southern Policy, Achievements and Challenges over the Past Two years: In the Aspect of Foreign and Security Policy ခေါင်းစဉ်ဖြင့် သီးသန့်ဆွေးနွေးပွဲ၌ Keynote Speaker အဖြစ် အဖွင့်မိန့်ခွန်းပြောကြားသည်။

**ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးက အဖွင့်မိန့်ခွန်းပြောကြားရာတွင် ကိုရီးယားသမ္မတနိုင်ငံ၏ New Southern Policy ၏ အကျိုးရလဒ်များ၊ အာဆီယံ-ကိုရီးယားစီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ ကိုရီးယားသမ္မတနိုင်ငံ သမ္မတမွန်ဂျေအင်းအစိုးရ၏ ကိုရီးယားကျွန်းဆွယ်၌ နျူကလီးယားကင်းစင်ရေးနှင့် ထာဝရငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအပေါ် မြန်မာနိုင်ငံအနေဖြင့် အစဉ်အမြဲအားပေးထောက်ခံလျက်ရှိသည်များ၊ မြန်မာနိုင်ငံ၌ ကိုရီးယားစီးပွားရေးကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်သွားရေးကိစ္စရပ်များ၊ မြန်မာ-ကိုရီးယားနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရေး ကိစ္စရပ်များကို ထည့်သွင်း ပြောကြားခဲ့သည်။

(၁၄)ကြိမ်မြောက် ဂျယ်ဂျူးဖိုရမ်သို့ ဩစတြီးယားနိုင်ငံ သမ္မတဟောင်း Mr. Heiz Fischer၊ ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ်ဟောင်း Mr. Malcolm Trunbull၊ ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း Mr. Yukio Hatoyama၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဟောင်း Mr. Li Zhaoxing၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဟောင်း Mr. Marty Natalegawa၊ အာဆီယံအတွင်းရေးမှူးချုပ် Dato Lim Jock Hoi တို့လည်း တက်ရောက်ခဲ့သည်။

မေ ၃၀ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပပြုလုပ်မည့် (၂၅)ကြိမ်မြောက် အာရှအနာဂတ်ဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲ 25th International Conference on Future of Asia သို့ တက်ရောက်ရန်အတွက် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ဆက်လက်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံသို့ တရုတ်ဧည့်သည်များ ဝင်ရောက်မှုနှင့်ပတ်သက်၍ စနစ်တကျနှင့် ရေရှည်အကျိုးရှိသော ခရီးသွားလုပ်ငန်းအဖြစ် ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် မေ ၃၁**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် မြန်မာနိုင်ငံသို့ တရုတ်နိုင်ငံသားခရီးသည်များ လာရောက်လည်ပတ်ရာ၌ စနစ်ကျနသော ခရီးစဉ်ဝန်ဆောင်မှုပေးရေး၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းများဆောင်ရွက်ရေး၊ ခရီးသည်တိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်နှင့် လုပ်ငန်းဆောင်ရွက်သူများ၊ ဒေသခံပြည်သူများ အကျိုးရလဒ်ရှိစေရေး အတွက် ညှိနှိုင်းအစည်းအဝေးကို ဦးဆောင်၍ ယနေ့ မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန နီလာခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဇရက်ဆင်းနှင့် ဌာနတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာ-တရုတ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ တရုတ်ခရီးသည်များကို ဝန်ဆောင်မှုပေးနေသော ခရီးသွားကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အတွေ့အကြုံများ ဆွေးနွေးပေး**

ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ယနေ့ဆွေးနွေးပွဲကို မြန်မာနိုင်ငံသို့ ခရီးသည်များ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရေး၊ နိုင်ငံ၏ ပကတိအခြေအနေမှန်ကို သိရှိအောင်မြှင့်တင်ရေး၊ ခရီးသည် တိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်နှင့် လုပ်ငန်းရှင်များ အကျိုးရလဒ်ရရှိစေရေး၊ တာဝန်သိခရီးသွားလုပ်ငန်း၊ ရေရှည်ဖွံ့ဖြိုးတိုးတက်သော ခရီးသွားလုပ်ငန်းဖြစ်ပေါ်စေရေးအတွက် လိုအပ်သောမူဝါဒများ၊ နည်းဗျူဟာလုပ်ငန်းများ စနစ်ချမှတ်ဆောင်ရွက်နိုင်ရေး၊ ဝိုင်းဝန်းဆွေးနွေးကြရန် ဤအစည်းအဝေးကို ခေါ်ယူခဲ့ခြင်း ဖြစ်ပါကြောင်း၊ တက်ရောက်ကြသူများမှ မိမိတို့ဗဟုသုတ လက်တွေ့လုပ်ငန်းနယ်ပယ် အတွေ့အကြုံများကို အခြေခံဆွေးနွေးပေးကြပါရန် ပြောကြားသည်။




ယင်းနောက် တက်ရောက်ကြသူများက တရုတ်ခရီးသွားဈေးကွက်ကို အဓိကထား လုပ်ငန်းဆောင်ရွက်နေမှုများ၊ တိုးတက်လာသောခရီးသွားများကို စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ တရုတ်ခရီးသွားလုပ်ငန်းမှ အကျိုးရလဒ်များ ကျယ်ကျယ်ပြန့်ပြန့် ရရှိနိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်ပြောကြားရာတွင် ယနေ့ နိုင်ငံတော်က ခရီးသည်များ ပိုမိုလာရောက်ရေးနှင့် ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဦးစားပေးဆောင်ရွက်နေပါကြောင်း၊ လုပ်ငန်းခွင်များ လုပ်သာကိုင်သာရှိအောင် ဖြေလျှော့မှုများကို ဆောင်ရွက်နေပါကြောင်း၊ ဤလုပ်ငန်းနယ်ပယ်အတွင်း လုပ်ကိုင်နေသူများကလည်း နိုင်ငံတော်၏ စေတနာကို အလေးထားပြီး စနစ်တကျနှင့် မှန်ကန်သော လုပ်ငန်းဆောင်ရွက်မှုများ ဖြစ်စေရေးအတွက် လိုက်နာဆောင်ရွက်ကြပါရန်နှင့် ပူးပေါင်းကူညီဆောင်ရွက်ကြပါရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာလွှတ်တော်နှင့် Hanns Seidel Foundation-HSF တို့အကြား ချုပ်ဆိုသည့် မြန်မာလွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ သက်တမ်းတိုးလက်မှတ်ရေးထိုးပွဲကျင်းပ

နေပြည်တော် မေ ၃၁

**မြန်မာလွှတ်တော်နှင့် Hanns Seidel Foundation-HSF တို့အကြား ချုပ်ဆိုသည့် မြန်မာလွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာသက်တမ်းတိုးလက်မှတ်ရေးထိုးပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် လွှတ်တော်ရေးရာဆောင် I-9 ၌ ကျင်းပသည်။**

လက်မှတ်ရေးထိုးပွဲသို့ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့- JCC ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်နှင့် JCC အဖွဲ့ဝင်များ၊ Hanns Seidel Foundation-HSF မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ JCC ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး Hanns Seidel Foundation-HSF မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. AchimMunz က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နားလည်မှုစာချွန်လွှာအား ပြည်ထောင်စုလွှတ်တော် ညွှန်ကြားရေးမှူးချုပ် JCC အဖွဲ့ အတွင်းရေးမှူး ဦးကျော်စိုးနှင့် Hanns Seidel Foundation-HSF မှ ဌာနေကိုယ်စားလှယ် Mr. AchimMunz တို့က လက်မှတ်ရေးထိုးကြသည်။ **သတင်းစဉ်**



**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၏ ရှေ့မှောက်တွင် ပြည်ထောင်စုလွှတ်တော်ညွှန်ကြားရေးမှူးချုပ် JCC အဖွဲ့အတွင်းရေးမှူး ဦးကျော်စိုးနှင့် Hanns Seidel Foundation-HSF မှ ဌာနေကိုယ်စားလှယ် Mr. AchimMunz တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးကြစဉ်။** သတင်းစဉ်

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၃၁**

ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲအောင်မြင်စွာကျင်းပနိုင်ရေး မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ဇွန်လအတွင်း ပြုလုပ်သွားမည့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နိုင်ငံသား ကျောက်မျက်ရတနာအချောထည်လုပ်ငန်းရှင်များ ကုန်ကြမ်းပြတ်လပ်မှုမရှိစေရေး၊ အချောထည်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုဖန်တီးပေးနိုင်ရေး၊ ပြည်ပသို့ တရားမဝင်ရောင်းချခြင်းများ တားဆီးနိုင်ရေးနှင့် တူးဖော်ရေးလုပ်ငန်းရှင်များ ငွေကြေးလည်ပတ်မှုကို အထောက်အကူဖြစ်စေနိုင်ရေးစသည့် ရည်ရွယ်ချက်များနှင့် ကျင်းပသွားမည်ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

ကျောက်မျက်ရတနာရောင်းချပွဲကို ရောင်းချသူများနှင့် ဝယ်သူများအကြား သင့်တင့်မျှတသည့် စည်းကမ်းချက်များ သတ်မှတ်ထားပြီး ပွင့်လင်းမြင်သာစွာ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များကိုသာ တက်ရောက်ဝယ်ယူခွင့်ပြုသွားမည် ဖြစ်ပါကြောင်း။ နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် ကျောက်အတွဲများကို ဝယ်ယူသူအများရှေ့တွင် ခင်းကျင်းပြသရောင်းချခြင်းဖြင့် ကျောက်မျက်ရတနာများအား ထိုက်တန်သည့် တန်ဖိုးဖြင့် ရောင်းချနိုင်မည်ဖြစ်ပါကြောင်း၊ ကျောက်မျက်ရတနာများ ရောင်းချခြင်းမှ ရရှိလာသော အခွန်ဆောင်ပြီးငွေများနှင့် နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း။

ယခုကျင်းပသည့် ရောင်းချပွဲတွင် နိုင်ငံသားများကိုသာ တက်ရောက်ခွင့်ပြုမည်ဆိုသော်လည်း နိုင်ငံခြားငွေဖြင့် ရောင်းချသည့် ရတနာပြပွဲကြီးများနည်းတူ အဆင့်မီမီ ဆောင်ရွက်သွားရန်နှင့် ရောင်းချပွဲ အကြိုကာလမှစတင်၍ လုံခြုံရေးကောင်းမွန်စေရေး သက်ဆိုင်ရာလုပ်ငန်းကော်မတီများက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း၊ ရောင်းချပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲအခြေအနေများကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီများအလိုက် ရှင်းလင်းတင်ပြရန်နှင့် တင်ပြချက်များအပေါ် အစည်းအဝေး တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြရန် ပြောကြားသည်။

ယင်းနောက် စီမံရေးရာလုပ်ငန်းကော်မတီ၊ ကျောက်စိမ်းလုပ်ငန်းကော်မတီ၊ ကျောက်မျက်လုပ်ငန်းကော်မတီ၊ လုံခြုံရေးလုပ်ငန်းကော်မတီ၊ ဘဏ္ဍာရေးလုပ်ငန်းကော်မတီနှင့် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက ပြပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေနှင့် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။ ထို့နောက် ပြပွဲဗဟိုကော်မတီနာယက ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၀၁၉ ခုနှစ် ဇွန်လ ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကိုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ဇွန် ၈ ရက်မှ ၁၃ ရက်ထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး ရုံးအဆောက်အအုံ ပန္နက်တော်တင်ခြင်းနှင့် တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် မေ ၃၁

**တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး ရုံးအဆောက်အအုံ ဆောက်လုပ်ရန်အတွက် ပန္နက်တော်တင်ခြင်းနှင့် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီတွင် မုံရွာမြို့ ချမ်းမြဝတီရပ်ကွက် အကွက်အမှတ် ၇/ ၆ ရှိ ရုံးအဆောက်အအုံဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပသည်။**

ရှေးဦးစွာ ရုံးအဆောက်အအုံ ဆောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အယ်လ်တူးမိန်းဂေါင်က ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ ချင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးလာလ်ထောင်ထန်း၊ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နန်းမွှေးမွှေးခင်၊ လှျပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်းတို့က သတ်မှတ်ပန္နက်တော်နေရာအသီးသီး၌ ပန္နက်တော်တင် တွင်းတော်ဝန်းပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် “တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုဖိုရမ်”ဆွေးနွေးကျင်းပခြင်း၊ တိုင်းပြည်၏စီးပွားရေးကို အထောက်အကူပြုစေမည့် “မြန်မာနိုင်ငံတိုင်းရင်းသားလုပ်ငန်းရှင်များအသင်း” ဖွဲ့စည်းတည်ထောင်ခြင်း၊ တိုင်းရင်းသားပညာရေးကဏ္ဍ မြင့်မားတိုးတက်စေရန်အတွက် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ တိုင်းရင်းသားစာပေသင်ကြားရေး အထောက်အကူပြုနေ့စား၊ လပေးများခန့်ထားခြင်း၊ အဆိုပါ ဆရာ ဆရာမများမှ ဘွဲ့ရ ဆရာ ဆရာမများကို ပညာရေးကောလိပ်တက်ရောက်စေပြီး မူလတန်းပြ ဆရာ ဆရာမများအဖြစ် ဆက်လက်ခန့်ထားနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တိုင်းရင်းသားအခွင့်အရေးများဆိုင်ရာ ပညာပေးဟောပြောခြင်းနှင့် တိုင်းရင်းသားရေးရာအခြေခံအချက်များ ကောက်ယူခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး စစ်တမ်းကောက်ယူမှုများအရ “မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာမဟာဗျူဟာ ၂၀၁၉-၂၀၂၈”ကို ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး ရုံးအဆောက်အအုံ ဆောက်လုပ်ရန် ပန္နက်တော်တင်ပေးစဉ်။**

# စွန်ရဲအင်းနှင့် ရွှေကြာ

အန်ကယ်ပညာ

**ကားကို ကျောက်ဆည်မြို့ ရွှေသိမ်တော်ဘုရား၏မြောက်ဘက် မိုင်ဝက်ခန့်အကွာတွင်ရှိသော ရဲရွာလမ်းခွဲသို့ ချိုးဝင်လိုက်သည်။ ထိုလမ်းခွဲကို ကျောက်ပြားစက်ရုံလမ်းခွဲဟုလည်း ခေါ်ကြသည်။ အချိန်အားဖြင့် ညနေလေးနာရီခန့်ရှိပေပြီ။ ကားပေါ်တွင် ပါလာသည့်သမီးနှစ်ယောက်က ရွှေကြာပန်းများနှင့် ဓာတ်ပုံရိုက်ရန် အချိန်နည်းနေပြီဟု မကြားတကြား ပြောနေကြလေသည်။ ကျွန်တော့်အတွေ့အကြုံအရပြောရလျှင် ဤအချိန်မှာ ရွှေကြာခင်းကြီးအလယ်တွင် ဓာတ်ပုံရိုက်ရန်အချိန်ကောင်းပင်ဖြစ်၏။ ဤသို့ပြောနိုင်သည်မှာ ကျွန်တော့်အနေဖြင့် ရွှေကြာများ ပေါက်ရောက်ရာ စွန်ရဲအင်းသို့ ရောက်ဖြစ်သည်မှာ ဒီတစ်ခေါက်နှင့်ဆိုလျှင် သုံးကြိမ်မြောက်ဖြစ်သောကြောင့်ပေတည်း။**

### ရွှေကြာကအစွမ်းကုန်လှ

ပြောရမည်ဆိုလျှင် ကျွန်တော်သည် ကိုယ်ပိုင်ခရီးသွားလုပ်ငန်းငယ်လေးကို ရံဖန်ရံခါပြုလုပ်လေ့ရှိသည်။ ဤသို့သွားရင်းလာရင်း စိတ်ပါသည့်အခါများတွင် ဧည့်လမ်းညွှန်လည်းလုပ်ဖြစ်ပေသည်။ ဤသို့ပြောရသည်မှာလည်း ကြီးကျယ်လှသည်ဟုကားမဆိုသာပေ။ ရုံးအားရက်များတွင် ဇနီးနှင့်သမီးများ သွားလိုရာကို ကားမောင်းပို့ရသည့်အလုပ်နှင့် ဤသို့သွားလာချိန်များတွင် ထွေရာလေးပါးပြောဖြစ်သည်ကို ပုံကြီးချဲ့လိုက်ခြင်းသာဖြစ်ပါသည်။ မိသားစုနှင့် ကျောက်ဆည်သို့ရောက်ဖြစ်တိုင်း စွန်ရဲအင်းသို့ ပို့ဆောင်ပေးရာက ရွှေကြာပန်းများနှင့်တွဲလျက် ဓာတ်ပုံရိုက်ရန်အကောင်းဆုံးအချိန်မှာ ညနေစောင်း ဤအချိန်သည် အကောင်းဆုံးဖြစ်ကြောင်း သိလာရပေသည်။

အဘယ်ကြောင့်ဆိုသော် နေရောင်ဖျော့ဖျော့အောက်တွင် ရွှေကြာများက အစွမ်းကုန်လှနေကြသည်။ အင်းရေပြင်နှင့် ပတ်ဝန်းကျင်တစ်ခုလုံးကလည်း အေးချမ်းသာယာသည့် အလှတို့နှင့်ပြည်စုံနေသည်။ ထိုအခြေအနေမျိုးတွင် ရှိရင်းစွဲ သဘာဝအလှအပများနှင့် လူ၏ပုံရိပ်တို့ကို လိုသလိုပေါင်းစပ်၍ စိတ်ကြိုက်မှတ်တမ်းတင်နိုင်သောကြောင့် ဖြစ်ပေသည်။

ကားသည် လမ်းခွဲအတိုင်း မောင်းနှင်လာရာ ၁၅ မိနစ်ခန့်အကြာတွင် ရွှေကြာများရှိရာ စွန်ရဲအင်းသို့ ရောက်လေပြီ။ သို့ရာတွင် ရွှေကြာတောကြီးထဲသို့ရောက်ရန် စက်လှေဖြင့် ခရီးဆက်ကြရပေဦးမည်။ ခရီးရောက်မဆိုက်မှာပင် ဇနီးသည်က ဓာတ်ပုံရိုက်ဖို့ အရေးစိတ်စောနေကြသည့် သမီးနှစ်ယောက်ကိုခေါ်ကာ စက်လှေနှင့် ဆက်လက်ထွက်ခွာသွားကြလေသည်။ ကျွန်တော်တစ်ယောက်တည်းသာ ကမ်းစပ်ရှိ နားနေတဲတွင် ကားစောင့်ရင်းကျန်ရစ်ခဲ့လေ၏။ သူတို့ ကျွန်တော်နှင့် ပြန်ဆုံရန် အနည်းဆုံးတစ်နာရီခန့်ကြာပေလိမ့်မည်။ ထိုအချိန်ကို ကျွန်တော်ဘယ်လိုဖြုန်းရပါအံ့နည်း။



**"တလောကလည်း အခြားနယ်ကအဖွဲ့တွေ ကြာပန်းတွေ လာခူးကြတာ တစ်နေ့ကို လိုက်ထရပ်သုံးစီးလောက်လာတယ်။ ဆိုင်ကယ်နဲ့လာကြသူတွေလည်း ရှိတယ်။ ပုဂံဘက်ကနေကို လာကြတယ်။ စွယ်တော်လေးဆူနဲ့ ပြည့်ငါးပြည့် ဘုရားဖူးတွေကို ရောင်းကြတယ် ပြောတာပဲ။ အင်းကြီးက ဒီကြာတွေနဲ့ပဲ ကြာအင်းဆိုပြီးဖြစ်နေရတာလေ။ အဲဒီတုန်းက လည်း ကြာခူးတာကို တားမြစ်လိုက်ရတာပဲ... ကောင်းပါတယ်ဗျာ။ သဘာဝပတ်ဝန်းကျင် မပျက်စီးအောင်ဆိုတာ ဒီလိုပဲ ဝိုင်းဝန်း ထိန်းသိမ်းကြရမှာပဲ..."**

### ကြာခွက်

"ဘဘကြီး...သမီးရဲ့ ကြာခွက်ကလေး အားပေးပါဦးလား"

"ဘဘမကြိုက်ဘူးကွဲ့...ခါးသက်သက်ကြီးနဲ့"

ဆယ်နှစ်အရွယ်သမီးငယ်လေးတစ်ယောက်သည် ပြုံးချိုရဲရင့်သည့် အမူအရာဖြင့် သူရောင်းနေသည့် ကြာခွက်ဗန်းကို ကျွန်တော်ထိုင်နေသည့် ထိုင်ခုံအနီးရှိ စားပွဲပေါ်သို့ တင်လိုက်ရင်း အရောင်းမြှင့်တင်ရေးကို အစပြုလေသည်။ ဗန်းထဲတွင် ငါးပွင့်ဆိုင်စည်းထားသည့် ကြာခွက်လေးငါးစည်းခန့်သာကျန်တော့သည်ကို တွေ့ရ၏။ ထိုအစည်းများထဲက ကြာခွက်တစ်ခုကို ဆွဲထုတ်ပြီး ကြာခွက်၏မျက်နှာပြင်ကို ဖဲ့ထုတ်ကာ ထွက်လာသည့် ကြာစေ့လေးများကို ကျွန်တော့်ထံလှမ်းပေးရင်း ဤသို့ဆို၏။

"ရော့ ဘဘ၊ အခွံကိုခွာစားကြည့်။ မခါးပါဘူးဘဘရဲ့"

ဈေးသည်လေးပြောသည့်အတိုင်း စားကြည့်သည်။ သူပြောသည့်အတိုင်း မခါး၊ ချိုဆိမ့်ဆိမ့်လေးနှင့် စား၍ပင်ကောင်းနေသေး၏။

"တယ်ဟုတ်ပါလား၊ စားကောင်းသားပဲကွဲ့"

ဈေးသည်မလေးသည် သူမပြောလားဆိုသည့် မျက်နှာပေးလေးနှင့် သူ့လက်ထဲရှိ လက်ကျန်ကြာစေ့လေးများကို ထပ်၍ကမ်းပေးနေလေသည်။

ထိုအချိန်တွင် မိမိဘေးတွင် ထိုင်နေသည့် အသက်ကြီးကြီး ရွာသားတစ်ဦးက "ဒီနေရာကို နိုင်ငံခြားသားတွေလည်း လာကြတယ်၊ အဲဒီအထဲက တရုတ်တွေက ဒီကြာခွက်ကို အလွန်ကြိုက်ကြတာတွေ့ရတယ်" ဟုဆိုကာ ဈေးသည်မလေး ဗန်းထဲရှိ ကြာခွက်တစ်ခုကို ရွေး၍ဆွဲထုတ်လိုက်၏။ ထိုကြာခွက်မှ အစေ့တစ်စေ့ကို အခွံခွာပြီး ထက်ခြမ်းခွဲ၍ပြ၏။

"ခါးတယ်ဆိုတာ ဒီလိုအစေ့ရင့်တွေမှာ ဖြစ်တတ်တယ်။ အထဲမှာ ကြာပင်ပေါက်လာမယ့် အရွက်စိမ်းလေးက ခါးတာ။ အဲဒါဖယ်စားကြည့်" ဟူ၍ ထက်ခြမ်းခွဲထားသည့် ကြာစေ့ကို ကမ်းပေးလာ၏။ ထိုသူပြောသည့်အတိုင်း အစိမ်းရောင်အဖတ်ကလေးကိုဖယ်၍ စားကြည့်ရာ မခါးသည့်အပြင် ပို၍ပင်ကောင်းသည့် အရသာကို တွေ့ရလေသည်။ ဤသို့အရသာခံနေဆဲမှာပင် မိန်းမကြီးတစ်ဦးရောက်လာပြီး ဈေးသည်မလေးထံက ရှိသမျှ ကြာခွက်စည်းများကို သိမ်းကျုံး၍ ဝယ်သွားလေတော့သည်။ ဈေးသည်မလေးသည် သူ့ထံက အရောင်းပစ္စည်းကုန်သွားသော်လည်း ကျွန်တော့်ထံမှ မခွာသေးဘဲ အနားတွင် ရစ်သီရစ်သီလုပ် နေလေ၏။

### ကြာပွင့်ချိန်

ပြောရင်းဆိုရင်းနှင့် ရွာသားကြီးမှာ ရွှေကြာများရှိရာသို့ သွားလိုသူများအတွက် စက်လှေဆိပ်တွင် ကြီးကြပ်ပေးနေသူဖြစ်ကြောင်း သိလာရသည်။ သူနှင့် စကားဆက်ဖြစ်၏။

"ဦးလေး ဒီနေရာကို ခရီးသွားတွေများလာတာ ဘယ်လောက်ကြာသွားပြီလဲဗျ"

"၂၀၁၆ လောက်ကဆိုတော့ သုံးလေးနှစ်ဆိုပါတော့ဗျာ"

"အရင်က ကျွန်တော်လည်း မကြားဖူးဘူးဗျ၊ ဘယ်လိုကစလူသိများလာတာလဲ"

"ဒီစွန်ရဲအင်းကြီးကတော့ ဦးလေးတို့ငယ်စဉ်ကတည်းက ဒီအတိုင်းပါပဲ။ ဒီဘက်ခေတ်မှာ ဖုန်းတွေအသုံးပြုတာ တွင်ကျယ်လာကြတော့ လိုင်းပေါ်မှာ ဟိုလူကတင် ဒီလူကတင်နဲ့ တဖြည်းဖြည်း ခရီးသွားတွေများလာတော့တာပဲ"

"ဒီအင်းကြီးရဲ့နာမည်ကို ဘာလို့စွန်ရဲအင်းလို့ ခေါ်တာလဲဗျ"

"စွန်ရဲဆိုတာကတော့ ရွာနာမည်ပါ။ စွန်ရဲကျေးရွာအုပ်စုထဲမှာရှိနေတော့ စွန်ရဲအင်းလို့ ခေါ်လိုက်ကြတာပါပဲ။ ရွာသားတွေကတော့ ကြာတွေနဲ့ပြည့်နေလို့ ကြာအင်းလို့လည်း ခေါ်ကြတယ်"

"ကြာပွင့်ချိန်က တစ်နှစ်ပတ်လုံးပဲလားဗျ"

"အခုလို တစ်ပြင်လုံး ဖွေးနေအောင်ပွင့်တာကတော့ သုံးလပိုင်းကနေ ဆယ့်တစ်လပိုင်းလောက်အထိ ပွင့်ပါတယ်။ ဆောင်းတွင်းတော့ အပွင့်နားတယ်"

"အပွင့်နားတဲ့အချိန် ခရီးသွားလုပ်ငန်းပိတ်တာမျိုးကော ရှိလား"

"သင်္ကြန်တွင်းတော့ ပိတ်တယ်။ ဒါကလည်း ဒီနေရာမှာ ပြဿနာဖြစ်တယ်ဆိုတာမျိုးမရှိအောင် ကြိုတင်ကာကွယ်တဲ့ သဘောပါ။ ကျန်တဲ့အချိန်တွေကတော့ ခရီးသွားတွေရဲ့ သဘောပါပဲ"

ထိုအချိန်တွင် အမျိုးသမီးကြီးတစ်ဦး လက်ပွေ့တစ်ပွေ့ခန့်ရှိ ကြာရိုးစည်းကြီးကို ရွက်၍ နားနေတဲအတွင်း ဝင်လာတာကို တွေ့ရ၏။ ရွာသားကြီးလည်း အနီးရှိ ဈေးတန်းဘက်သို့ ထွက်သွားလေ၏။ ကြာခွက်ရောင်းသည့် ဈေးသည်မလေးမှာ အနားမှာပင် ရှိနေသေးသဖြင့် သူနှင့်စကားဆက်ဖြစ်ပြန်သည်။

"ဈေးသည်မကြီးက တက္ကသိုလ်ဘယ်နှစ်တွေ ရောက်နေပြီလဲကွ"

"ဟာ...ဘဘကြီးကလည်း..သမီးက လေးတန်းတက်ရမှာ ...ကျောင်းပိတ်တုန်း အမေ့ကို ဈေးကူရောင်းနေတာ"

"တယ်ဟုတ်ပါလား။ လိမ္မာလိုက်တာ။ ပညာတတ်ကြီး ဖြစ်ပါစေဗျာ"

"အမေ့ဆိုင်က ဟိုမှာ" ဟုဆိုကာ နားနေတဲဘေးရှိ စားသောက်ဆိုင်သို့ လက်ညွှန်ပြ၏။ ထိုအချိန်တွင် ရွာသားကြီးသည် လက်ထဲတွင် ကြာဖူးနှစ်ဖူးနှင့် အစိမ်းနုရောင်ဖက်လိပ် သုံးခုကိုင်၍ ပြန်လာ၏။ ထိုအရာတို့ကို ကျွန်တော့်ရှေ့ရှိ စားပွဲပေါ်တွင် တင်လိုက်ပြီး ကြာဖူး၏ ပွင့်ချပ်များကို ခွာလိုက်၏။ ကြာဝတ်ဆံတို့သည် ကြာခွက်နုလေးကို ဝန်းရံ၍ ဖုံးအုပ်ထားသည်ကို တွေ့ရ၏။

### ကြာခူးသည်ကို တားမြစ်ရ

ရွာသားကြီးသည် ပွင့်ချပ်တို့ကိုခွာထားသည့် ကြာရိုးကို ကျွန်တော့်ထံ ကမ်းပေးရင်း "နမ်းကြည့်၊ သင်းသင်းလေးနဲ့ မွှေးတယ်။ ကြာဝတ်ဆံကို ဆေးဖော်ရာမှာ သုံးကြတယ်လို့ ပြောတယ်။ ဈေးကြီးပေးဝယ်ကြလို့ တစ်နေ့တစ်နေ့ကြာတွေ အများကြီးခူးကြတယ်။ ကြာလာရင် ကြာမျိုးထိခိုက်မှာစိုးလို့ အဲဒီ အရောင်းအဝယ်ကို တားမြစ်လိုက်ရတယ်"

ကြာဝတ်ဆံကို နမ်းကြည့်ရာ ကံ့ကော်ဝတ်ဆံရနံ့နှင့် ခပ်ဆင်ဆင်တူသည်ကို တွေ့ရ၏။

"တလောကလည်း အခြားနယ်ကအဖွဲ့တွေ ကြာပန်းတွေ လာခူးကြတာ တစ်နေ့ကို လိုက်ထရပ်သုံးစီးလောက်လာတယ်။ ဆိုင်ကယ်နဲ့လာကြသူတွေလည်း ရှိတယ်။ ပုဂံဘက်ကနေကို လာကြတယ်။ စွယ်တော်လေးဆူနဲ့ ပြည့်ငါးပြည့် ဘုရားဖူးတွေကို ရောင်းကြတယ်ပြောတာပဲ။ အင်းကြီးက ဒီကြာတွေနဲ့ပဲ ကြာအင်းဆိုပြီးဖြစ်နေရတာလေ။ အဲဒီတုန်းကလည်း ကြာခူးတာကို တားမြစ်လိုက်ရတာပဲ"

"ကောင်းပါတယ်ဗျာ။ သဘာဝပတ်ဝန်းကျင် မပျက်စီးအောင်ဆိုတာ ဒီလိုပဲ ဝိုင်းဝန်းထိန်းသိမ်းကြရမှာပဲ"

"ဒီအင်းကြီးကို လာလည်ကြရင်း နည်းနည်းပါးပါးခူးတာလောက်ကတော့ ခွင့်ပြုထားပါတယ်"

ရွာသားကြီး၏ စကားအရ ဒေသခံရွာသူရွာသားတို့၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင်နှင့် ညီညွတ်စွာထိန်းသိမ်းနိုင်မှုကို လေးစားမိလေ၏။

### ကြာရွက်လိပ်သုပ်

"ဒါကတော့ ကြာရွက်လိပ်လို့ခေါ်တယ်။ ရေထဲကနေ ထိုးထွက်လာခါစ မပြန့်ခင် ရွက်နုလေးပေါ့။ ဒီအရွက်လိပ်ကလေးတွေကို ရေနွေးနဲ့သုံးခါလောက်ဖြော၊ ပါးပါးလှီးပြီး မြေပဲဆန်၊ သံပရာသီး၊ ငရုတ်သီးစိမ်းလေးနဲ့သုပ်စားလို့ရတယ်။ အရသာတစ်မျိုးလေး စားလို့ကောင်းတယ်"

"ကြာရွက်လိပ်သုပ်...သမီးတို့ဆိုင်မှာ ရောင်းတယ်...ဘဘ" ရွာသားကြီးရှင်းပြနေသည်ကို ဈေးသည်မလေးက လက်တွေ့စားကြည့်ရန် ဆွဲဆောင်ပြန်လေ၏။

"ဒါတော့တစ်ခါမှ မစားဖူးဘူးကွ။ ကဲ ကြာရွက်လိပ်သုပ် တစ်ပွဲ၊ ကောင်းကောင်းလေးသုပ်ပေးလို့ပြောနော်"

ဈေးသည်မလေးသည် "ဟုတ်" ဟုဆိုကာ သူ့ဈေးဗန်းကိုယူ၍ ပေါ့ပါးစွာပြေးထွက်သွားလေ၏။ ကြာရိုးစည်းကို ခေါင်းတွင် ရွက်၍ဝင်လာသည့် အမျိုးသမီးကြီးသည် ကျွန်တော်နှင့် မျက်နှာချင်းဆိုင်ကြမ်းပြင်တွင် ထိုင်လျက် ကြာချည်ထုတ်နေသည်မှာ အတော်ပင်အရှိန်ရနေသည်ကို တွေ့ရ၏။

### ကြာချည်

အမျိုးသမီးကြီးသည် ကြမ်းပြင်တွင် အခင်းပြားခင်း၍ တင်ပလ္လင်ခွေထိုင်ကာ ကြာရိုးမနုမရင့် ဆယ်ချောင်းခန့်ကို ဘယ်လက်ဖြင့် ဆုပ်ကိုင်ထား၏။ ထိုဆုပ်ကိုင်ထားသည့် ကြာရိုးတို့၏ထိပ်မှ တစ်လက်မခွဲခန့်အကွာကို ညာလက်တွင် ကိုင်ထားသည့် ခဲချွန်ဓားဖြင့် ရစ်၍ အရာပေးလိုက်၏။ ဓားကို လွှတ်၍ ကြာရိုးတို့ကို အရစ်နေရာမှချိုးကာ အမျှင်ထွက်အောင် ဆွဲရင်း လေးလက်မ အကျယ်သစ်သားတန်းလေးပေါ်သို့ အမျှင်ချလိုက်၏။

ဤသို့ သုံးခါလုပ်ပြီးတိုင်း သစ်သားတန်းပေါ်ရှိ ကြာမျှင်တို့ကို ကြာချည်ဖြစ်အောင် လက်ဖဝါးနှင့်ပွတ်လိပ်ပြီး ထွက်ပေါ်လာသည့် ကြာချည်ကို အောက်တွင်ခံထားသည့် ဒန်ဇလုံထဲသို့ လျှောချ၏။ ဒန်ဇလုံထဲရှိ ကြာချည်ခွေသည်ပင် အတော်ရနေသည်ကို တွေ့ရ၏။ ထိုကြာချည်ကို အင်းလေးဒေသမှ လာရောက်ဝယ်ယူသည်ဟု သိရ၏။ ရရှိသည့်ဈေးနှုန်းမှာ တစ်ကျပ်သားလျှင် ကျပ်သုံးထောင်နှုန်းရှိကြောင်း သိရ၏။ ကြာချည်ဈေးကောင်းသော်လည်း လူတစ်ယောက်တစ်နေ့လျှင် ကျပ်ငါးထောင်ဖိုးမျှသာ လုပ်နိုင်ကြောင်း သိရပေသည်။

### ရွှေကြာကိုပွေ့ပိုက်ရင်း

"ဘဘကြီး...ကြာရွက်လိပ်သုပ်ရပြီ"

"ဈေးသည်မကြီး ကြာရွက်လိပ်သုပ်ကလည်း ကြာလှချည့်လားကွာ"

"ရေနွေးဖြော်တာစောင့်ရလို့ပါ ဘဘကြီး။ ရေနွေးနဲ့ သေသေချာချာမဖြော်ရင် ခါးတယ်ဘဘကြီးရဲ့"

ဈေးသည်မလေးသည် စားကြည့်ပါဦးဆိုသည့်ပုံစံဖြင့် ကြာရွက်နုသုပ်ပန်းကန်ကို စားပွဲပေါ်လာချကာ ရပ်နေ၏။ မြေပဲဆန်အုပ်ထားသည့် အသုပ်ကို တစ်ဇွန်းစားကြည့်၍ "ကောင်းလိုက်တာ" ဟု ပြောလိုက်မှ "ရေနွေးသွားယူ ပေးဦးမယ်" ဟု ဆိုကာ ပြန်ထွက်သွားလေသည်။ ကြာရွက်လိပ်သုပ်မှာ ကြာရွက်၏ ခါးသက်သက်မူလအရသာ အနည်းငယ်ကျန်သေးသော်လည်း အရသာအလွန်ကောင်းသည့် ဒေသစာတစ်မျိုးဖြစ်ကြောင်း လက်ခံလိုက်မိပါသည်။ အရသာခံရင်း လေး၊ ငါးဇွန်းမျှ ဆက်တိုက်စားနေလိုက်မိ၏။ ထိုစဉ် စက်လှေတစ်စင်း ကမ်းသို့ ဆိုက်လာသည်။

'ဖေဖေရေ သမီးတို့အလွန်ပျော်တာပဲ။ အင်းကြီးက အကျယ်ကြီး။ ကြာတွေကလည်း လှလိုက်တာ။ ဓာတ်ပုံတွေလည်း အများကြီးရိုက်ခဲ့တယ်။ ဒီမှာကြည့်ပါဦး သမီးတို့ပုံတွေ " ဟု သမီးငယ်က ကင်မရာကို ထိုးပေးလျက်ပြသည်။

"အာ...ဗိုက်ဆာလိုက်တာ။ ဖေဖေဘာတွေစားနေတာလဲ" ဟု သမီးလတ်က ပါးစပ်ကမေးရင်း လက်က ကြာရွက်သုပ်ပန်းကန်သို့ လှမ်းသည်။

"သမီးကြီးပါလာရင် သိပ်ပျော်မှာပဲ" ဟုဆိုရင်း ဇနီးသည်က ကျွန်တော့်ဘေးတွင် ဝင်ထိုင်သည်။

ကျွန်တော်က သမီးငယ်ပြသည့်ကင်မရာထဲက ရွှေကြာဖူးများကို ပွေ့ကာပိုက်ကာ၊ နမ်းကာရှုပ်ကာဖြင့် သူတို့ပျော်ခဲ့ကြသည့်ပုံများကို ကြည့်ရင်း ကျောက်ဆည်မြို့အနီး စွန်ရဲအင်းထဲက ပဒုမ္မာရွှေကြာ၏အကြောင်းကို အဆုံးသတ်လိုက်မိလေသည်။ ။

# ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် ၂ နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း အစီအစဉ်အတွက် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ထံမှ အမေရိကန်ဒေါ်လာသန်း ၁၀၀ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြား



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့တွင် တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။

**နေပြည်တော်  မေ ၃၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်မည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် ၂ နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း အစီအစဉ်အတွက် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ (IDA) ထံမှ အမေရိကန်ဒေါ်လာသန်း ၁၀၀ ချေးငွေရယူရေး**နှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်တို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အဆိုပါချေးငွေသည် နှစ်ရှည်ဖွံ့ဖြိုးရေးချေးငွေ ဖြစ်ပါကြောင်း၊ ဆိုင်းငံ့ကာလ ငါးနှစ် ဖြစ်ပြီး ငါးနှစ်အတွင်းတွင် ပြန်လည်ပေးဆပ်ရန်မလိုဘဲ ခြောက်နှစ်မြောက်မှစ၍ နှစ်ပေါင်း ၃၀ ပြန်လည်ပေးဆပ်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ပေးဆပ်ရာတွင် ဝန်ဆောင်ခအနေဖြင့် ၀ ဒသမ ၇၅ ရာခိုင်နှုန်းပေးရမည်ဖြစ်ပြီး အတိုးနှုန်း ၁ ဒသမ ၂၅ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ ချေးငွေပမာဏသည် အမေရိကန်ဒေါ်လာသန်း ၁၀၀ ဖြစ်ပြီး ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စတင်မည်ဖြစ်ကာ သုံးစွဲသည့်နှစ်အလိုက်သာ ထုတ်ယူသုံးစွဲရမည် ဖြစ်ပါကြောင်း၊ ဆက်လက်တိုးချဲ့ဆောင်ရွက်မည့်နေရာများမှာ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ဖြစ်ပါကြောင်း၊ အကျိုးခံစားခွင့်ရှိသူများမှာ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားသော ၂ နှစ်အောက် ကလေးသူငယ်အားလုံး ဖြစ်ပါကြောင်း။

## အကျိုးခံစားခွင့်ရရှိသူတစ်ဦးကို တစ်လလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ထောက်ပံ့မည်

အကျိုးခံစားခွင့်ရရှိသူတစ်ဦးကို တစ်လလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ထောက်ပံ့မည်ဖြစ်ပြီး ထောက်ပံ့ငွေနှင့်အတူ ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ အပြုအမူပြောင်းလဲရေးအတွက် ကိုယ်ဝန်ဆောင်အာဟာရ၊ မီးနေသည်အာဟာရ၊ နို့တိုက်မိခင်အာဟာရဟူ၍ အာဟာရပညာပေးခြင်း၊ တစ်ကိုယ်ရေ သန့်ရှင်းရေးပညာပေးခြင်းနှင့် မိသားစုစီမံကိန်းပညာပေးရေးတို့နှင့်တွဲ၍ လူမှုရေးဆိုင်ရာပံ့ပိုးမှုများနှင့် ပူးတွဲဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ငွေကြေးထောက်ပံ့မည့်နည်းလမ်းမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ပံ့ပိုးခြင်းကို ရယူမည်ဖြစ်သော်လည်း မိမိတို့အနေဖြင့် နည်းလမ်းကောင်းများကို ရှာဖွေသုံးစွဲသွားမည် ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ရပ်ကွက်နှင့် ကျေးရွာအဆင့်အထိ လူမှုကာကွယ်စောင့်ရှောက်ရေးကော်မတီများ ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ ထောက်ပံ့မှုအစီအစဉ်တွင် အကျိုးခံစားရသူများအနေဖြင့် အဆင်မပြေမှုများရှိလာပါကလည်း တိုင်ကြားနိုင်မည့် အစီအစဉ်များကိုလည်း ဆောင်ရွက်ထားပါကြောင်း၊ မိမိတို့၏ ထောက်ပံ့ရေးအစီအစဉ်ကို စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်းကို သေချာစွာဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ထောက်ပံ့ရေးအစီအစဉ်၏ အကျိုးကျေးဇူးများမှာ လူ့ဘဝအစ ရက်ပေါင်း ၁၀၀၀ အတွင်းတွင် အာဟာရနှင့် ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များ ပြည့်မီပြီး ဦးနှောက်နှင့် ခန္ဓာကိုယ်ကောင်းစွာ ဖွံ့ဖြိုးတိုးတက်ခြင်းကို ရရှိမည်ဖြစ်ပါကြောင်း၊ ကလေးသူငယ်များ နာမကျန်းမှုနှင့် သေဆုံးမှုနှုန်းကျဆင်းနိုင်သည့် အကျိုးကျေးဇူးရရှိနိုင်မည် ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အာဟာရဆိုင်ရာ အသိပညာပေးအလေ့အထတိုးပွားရရှိလာမည် ဖြစ်သည့်အတွက် ဘဝအတွက်များစွာကောင်းမွန်သည့်ရလဒ်ကို ရရှိမည်ဖြစ်ပါကြောင်း။

ထို့ပြင် မိသားစုစီမံကိန်းပညာပေးပါဝင်သည့်အတွက် မိခင်နှင့်ကလေးများ ရေရှည်ကျန်းမာရေးကို အထောက်အကူပြုပြီး အဆင်ပြေသည့်မိသားစုတစ်ခု ဖြစ်ပေါ်နိုင်သည့် အကျိုးကျေးဇူးရရှိနိုင်မည် ဖြစ်ပါကြောင်း၊ အနာဂတ်နိုင်ငံတော်အတွက် ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်မြင့်မားသည့် လူသားအရင်းအမြစ် ပေါ်ထွန်းစေနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်မည့် အစီအစဉ်များသည် အကျိုးအမြတ်သေချာသည်ဟု မိမိအနေဖြင့် ပြောလိုပါကြောင်း၊ ကျန်ပြည်နယ်နှင့် တိုင်းများကိုလည်း နှစ်အလိုက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**ဒုတိယဝန်ကြီး ဦးဆက်အောင်**က အဆိုပါ ချေးငွေစီမံကိန်းသည် ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ၊ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ၊ ၂၀၁၈ခုနှစ် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာ၊ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒတို့နှင့် ကိုက်ညီမှုရှိသည့်အပြင် မကြာသေးမီက ထုတ်ပြန်ထားသော မြန်မာနိုင်ငံရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈ - ၂၀၃၀)၏ မဟာဗျူဟာ ၄ ဒသမ ၃ နှင့်လည်း ကိုက်ညီမှုရှိပါကြောင်း၊ သို့ပါ၍ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသည့် အသက် ၂ နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ပေးခြင်း အစီအစဉ်ကို ဆောင်ရွက်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနအတွက် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့ (IDA) ထံမှ ချေးငွေအမေရိကန်ဒေါ်လာ သန်း၁၀၀ ရယူနိုင်ရေးကိစ္စကို ပြည်ထောင်စု လွှတ်တော်က ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က အဆိုပါ ချေးငွေနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **၂၀၁၈ - ၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်တွင် ပါရှိသည့် မူနှင့်အခြေခံသဘော ဆွေးနွေးခြင်းများအပေါ်** ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်** က ဝန်ကြီးဌာနအနေဖြင့် အစိုးရအဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်း၊ ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် တင်ဒါလုပ်ငန်းများ၏ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ပါကြောင်း၊ ယနေ့အချိန်အထိ ဆောက်လုပ်ရေးတင်ဒါလုပ်ငန်းပြီးစီးမှုများမှာ ၂၀၁၈ - ၂၀၁၉ ခုနှစ် ငွေလုံးငွေရင်း ဆောက်လုပ်ရေးလုပ်ငန်းသစ်အနေဖြင့် လုပ်ငန်းပေါင်း ၁၁၈၁ ခုတွင် ၁၀၆၅ခု ပြီးစီးပြီးဖြစ်ပါကြောင်း၊ ငွေလုံးငွေရင်းဖြင့် ဆောက်လုပ်ဆဲ ဆောင်ရွက်ဆဲ လုပ်ငန်းများအနေဖြင့် ၃၁၈ခုတွင် ၃၀၅ခု ပြီးစီးပြီး ဖြည့်စွက်ရန်ပုံငွေအတွက် လုပ်ငန်းလျာထားချက်ပေါင်း ၂၃၀ တွင် ၂၁၆ခု ပြီးစီးပြီး ဖြစ်ပါကြောင်း၊ အခြားကုသရေးအတွက် ဆေးနှင့်ဆေးပစ္စည်း၊ ဆေးရုံသုံးပစ္စည်း၊ ဆေးသုတေသနပစ္စည်း၊ FDA နှင့် ပတ်သက်သော ပစ္စည်းများကို တင်ဒါခေါ်ယူပြီးစီးပြီး စာချုပ်ချုပ်ဆိုမှုများ ဆောင်ရွက်လျက်ရှိကာ ပစ္စည်းများရောက်ရှိရန် ဆောင်ရွက်လျက်ရှိနေပါကြောင်း။

## ပြည်သူလူထုအတွက် အကောင်းဆုံးဖြစ်စေရန် ဆောင်ရွက်သွားမည်

တိုင်းဒေသကြီးများသို့ ရန်ပုံငွေခွဲဝေခြင်း၊ လုပ်ငန်းကြီးကြပ်ရေး၊ စံချိန်စံညွှန်းများပြည့်မီအောင်ဆောင်ရွက်ရေး၊ အချိန်မီပြီးစီးရေးတို့အတွက် အောက်တိုဘာလမှစတင်ပြီး တိုင်းဒေသကြီးအစိုးရများသို့ အကူအညီတောင်းခံစာများ ပေးပို့ထားပါကြောင်း၊ တင်ဒါလုပ်ငန်းစဉ်များကို ဆောင်ရွက်သည့်အခါတွင် လုပ်ထုံးလုပ်နည်းအရ စနစ်တကျ ဖြစ်စေရေးအတွက် ဆွေးနွေးရာတွင် အချိန်ယူရပါကြောင်း၊ ဒေသအစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ ဌာနအတွင်း အဆင့်ဆင့် ကြီးကြပ်ခြင်းလုပ်ငန်းများနှင့် အချိန်မီပြီးစီးရေးကို သွက်လက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ကျန်လေးလ အတွင်းတွင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တောင်းခံထားသည့် ပစ္စည်းများ၊ အရေးပေါ်အခြေအနေတွင် သုံးစွဲနိုင်သည့် ပစ္စည်းများကိုလည်း အကောင်းဆုံးရယူနိုင်ရန်နှင့် ပြည်သူလူထုအတွက် အကောင်းဆုံးဖြစ်စေရန် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်**က အစီရင်ခံစာ အပိုဒ် ၁၈ တွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် ပေးဆောင်ရမည့် အခွန်အကောက်များနှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေတို့နှင့် ပတ်သက်၍ ထပ်မံလိုအပ်ချက် ပမာဏကိုသာ ဖြည့်စွက်ခွင့်ပြုငွေတွင် တောင်းခံစေသင့်ကြောင်းကို သုံးသပ်တင်ပြထားပါကြောင်း၊ ၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ခြောက်လဘတ်ဂျက်သာ ဖြစ်သဖြင့် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံရန် ခွင့်မပြုခဲ့ပါကြောင်း၊ ထို့ကြောင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၈ ခုနှစ် ခြောက်လအတွက် နှစ်ချုပ်စာရင်းများအရ အမြတ်ပိုမိုရရှိသော အဖွဲ့အစည်းများသည် ထပ်မံပေးဆောင်ရမည့် အခွန်အခနှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းတွင် တောင်းခံရခြင်းဖြစ်ပါကြောင်း။

အစီရင်ခံစာ အပိုဒ် ၃၂ တွင် ဖြည့်စွက်ခွင့်ပြုငွေများ သုံးစွဲရာတွင် ဘဏ္ဍာရေးကော်မရှင်၏ (၁/၂၀၁၉) ကြိမ်မြောက် အစည်းအဝေး၌ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မိန့်ကြားချက်များကို အလေးထားလိုက်နာဆောင်ရွက်သွားရန် ထောက်ပြထားချက်နှင့် ပတ်သက်၍ဌာန၊ အဖွဲ့အစည်းများက လိုက်နာဆောင်ရွက်နိုင်ရန် လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပစ္စည်းဝယ်ယူရေး၊ တင်ဒါခေါ်ယူရေးလုပ်ငန်းစဉ်များတွင် အဓိကကြန့်ကြာတတ်သည်ကို တွေ့ရှိရသည့်အတွက် ဌာန၊ အဖွဲ့အစည်းများသို့ တွန်းအားပေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

## အစိုးရ၏ ဝယ်ယူရေးဆိုင်ရာ ကိစ္စရပ်များအား လျင်မြန်ချောမွေ့စေရန် ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်း

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အစိုးရ၏ ဝယ်ယူရေးဆိုင်ရာ ကိစ္စရပ်များအား လျင်မြန်ချောမွေ့စေရန်နှင့် နိုင်ငံတကာစံချိန်စံညွှန်းမီဖြစ်စေရန် ကမ္ဘာ့ဘဏ်နှင့်ပူးပေါင်း၍ အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင် ရာ ဥပဒေအား အပြီးသတ်ရေးဆွဲကာ ဥပဒေအား ပြဋ္ဌာန်းနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတွင် အသုံးစရိတ်ကိုသာ ဖော်ပြထား သော်လည်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည့် ပြုပြင်ပြီးခန့်မှန်းငွေစာရင်းတွင် အသုံးစရိတ်သာမကရငွေ ပြောင်းလဲ မှု အခြေအနေများကိုလည်း ဖော်ပြထား ပါသဖြင့် ဥပဒေဖြင့် အတည်မပြုသော်လည်း စာရင်းကို အတည်ပြုသည်ဟု မှတ်ယူနိုင်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ဘဏ္ဍာ ရေးနှစ်စတင်သည့်ကာလသည် ပွင့်လင်း ရာသီကာလဖြစ်သည့်အပြင် ကာလရှည် ရုံးပိတ်ရက်များနှင့် လွတ်ကင်းသဖြင့် လုပ်ငန်းဆောင်ရွက်မှု မြန်ဆန်ခြင်း၊ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက် ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် ကာလသည် အောက်တိုဘာ ၁ ရက်တွင် စတင်သော ဘတ်ဂျက်အတွက် ရှစ်လကျော် တစ်ဆက်တည်း ရှိခြင်းနှင့် သုံးလပတ်အလိုက် ဘဏ္ဍာငွေသုံးစွဲမှု ပိုမိုညီညွတ်မျှတလာစေရန် စသည့် အနှစ်သာရများ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးနှင့် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပစ္စည်းဝယ်ယူရေး လုပ်ငန်းစဉ်များကို အချိန်မီအကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ညွှန်ကြားခဲ့ပြီးဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ သုံးသပ်ချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ သုံးသပ်အကြံပြုဆွေးနွေးချက်များအတွက် အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန်၍ ကြပ်မတ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း တင်ပြသည်။

ဆက်လက်၍ **၂၀၁၈ - ၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်း၏ ဥပဒေအကြောင်းအရာများ၊ ရငွေသုံးငွေများ**နှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက တစ်ပိုဒ်ချင်းစီအလိုက် အဆိုတင်သွင်းပြီး ပြည်ထောင်စုလွှတ်တော် နာယက က သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၏ သဘောထားမေးမြန်း၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ထို့နောက် **၂၀၁၈ - ၂၀၁၉ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတစ်ရပ်လုံး**ကို အတည်ပြုရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ထားသည့်အတိုင်း ပြင်ဆင်ထားသည့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၁ အပိုဒ်ခွဲ (က) နှင့် အညီ အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ဇွန်၄ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

❍ *ကျော့ဖုံးမှ*

တိုက်ခိုက်မှုရပ်စဲရေးကို ခိုင်မာအောင်ထိန်းသိမ်းရန် ပစ်ခတ်တိုက်ခိုက်မှုများမရှိအောင် ဆက်လက်ဆောင်ရွက်ရန်မှာ နံပါတ်နှစ် ဖြစ်ပါကြောင်း၊ နံပါတ်သုံးမှာ Union Peace Conference ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံနိုင်ငံရေးဆွေးနွေးပွဲကို အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ နံပါတ်လေးအချက်မှာ ပြည်ထောင်စုသဘောတူစာချုပ်တွင် အဓိကမှာ ဒီမိုကရေစီနှင့် ဖက်ဒရယ်အခြေခံမှုများနှင့် ပတ်သက်၍ သဘောတူညီချက်များရရှိအောင် ဦးတည်ချက်ထားပါကြောင်း၊ နံပါတ်ငါးအချက်မှာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ဧရိယာများတွင်ရှိသည့် တိုင်းရင်းသားပြည်သူများ ငြိမ်းချမ်းရေး၏အသီးအပွင့်များ ခံစားနိုင်ရန်၊ နံပါတ်ခြောက်အချက်မှာ ဒီမိုကရေစီကူးပြောင်းရေးနှင့် ဖက်ဒရယ်တည်ဆောက်ရေးကို ပြည်ထောင်စုသဘောတူစာချုပ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရန်ဆိုသည့် ရည်မှန်းချက်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ချဉ်းကပ်ဆောင်ရွက်ခဲ့ပါကြောင်း။

လက်ရှိအစိုးရအနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်နေသည့် Stake Holder များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပါကြောင်း၊ JMC ကို ၂၀၁၆ ခုနှစ် ဧပြီ ၂၇ ရက် တွင် တွေ့ဆုံ၍ JMC ကို အသိအမှတ်ပြု ဆက်လက်ဆောင်ရွက်ခဲ့ပါကြောင်း၊ မေလတွင် NRPC နှင့် ငြိမ်းချမ်းရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပါကြောင်း၊ မဖွဲ့စည်းမီ (၂၁)ရာစုပင်လုံညီလာခံ ကျင်းပရေး ဗဟိုကော်မတီကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်၍ ဖွဲ့စည်းခဲ့ပါကြောင်း၊ ကော်မတီအောက်တွင် လက်မှတ်ထိုးပြီးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊ လက်မှတ်မထိုးရသေးသည့် အဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရန် ဆပ်ကော်မတီနှစ်ခု ဖွဲ့စည်းခဲ့ပါကြောင်း။

**နိုင်ငံရေးပါတီဦးရေကို လျှော့ချဖွဲ့စည်းခဲ့**

၂၀၁၆ ခုနှစ်တွင် UPDJC ကို အသစ်ဖွဲ့စည်းခဲ့ပါကြောင်း၊ UPDJC ဥက္ကဋ္ဌအနေဖြင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဆောင်ရွက်ပြီး ၄၈ ယောက်နှင့် သုံးပွင့်ဆိုင် UPDJC အသစ်ဖြစ်ပေါ်လာပါကြောင်း၊ ထူးခြားချက်မှာ နိုင်ငံရေးပါတီ အစုအဖွဲ့တွင် ရွေးကောက်ပွဲ၌ တစ်နေရာ အနည်းဆုံးရရမည်ဆိုသည့် စည်းမျဉ်းသတ်မှတ်ချက်များဖြင့် UPDJC တွင်ပါဝင်သည့် နိုင်ငံရေးပါတီဦးရေကို လျှော့ချဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါကြောင်း။

၂၀၁၆ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် NRPC နှင့် Peace ကော်မရှင်ကို ဖွဲ့စည်းခဲ့ကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့ပါကြောင်း၊ (၂၁)ရာစုပင်လုံ သုံးကြိမ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုလက်ရှိကာလတွင် NCA ထိုးပြီးသားအဖွဲ့များ၊ မထိုးရသေးသည့်အဖွဲ့များနှင့် အကြိမ်ပေါင်းများစွာ အလွတ်သဘောဆွေးနွေးပွဲများ၊ တရားဝင်ဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပါကြောင်း၊ ဇွန်လတွင် NCA တွင် ပါဝင်သည့် ယန္တရားများ ပြန်လည်စတင်နိုင်ရန် မျှော်မှန်းပြီး လက်ရှိအခြေအနေအထိ ဆောင်ရွက်ခဲ့ပါကြောင်း။

NCA မထိုးရသေးသည့်အဖွဲ့များနှင့် အဆင့်သုံးဆင့် ချမှတ်ထားပါကြောင်း၊ လက်ရှိတိုက်ပွဲများ ဖြစ်ပွားနေသည့် မြောက်ပိုင်းလေးဖွဲ့နှင့်တိုက်ပွဲများ ရပ်ဆိုင်းရန် နောက်ထပ်တိုက်ပွဲများမဖြစ်ရန်အတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး Agreement တစ်ရပ် လိုအပ်လာပါကြောင်း၊ နောက်တစ်ချက်မှာ ယုံကြည်မှုတည်ဆောက်ရေး ဖြစ်ပါကြောင်း၊ တပ်ပိုင်းဆိုင်ရာသဘောတူညီချက်များနှင့် ထိုဒေသတွင်ရှိသည့် ပြည်သူများအရေးကိစ္စ၊ အထူးသဖြင့် IDP ကိစ္စများ ဆောင်ရွက်ရန် ညှိနှိုင်းပါကြောင်း၊ နောက်တစ်ချက်မှာ နိုင်ငံရေးအဖြေရှာရန်အတွက် ဖက်ဒရယ်အခြေခံမှုများညှိနှိုင်း ဆွေးနွေးသည့် အဆင့်ကိုတက်ရန် အဆင့်သုံးဆင့်အရ Bilateral Agreement ထိုးမည်ဖြစ်ပြီး နောက်တစ်ဆင့် NCA သွားမည်ဖြစ်ပါကြောင်း၊ NCA ၏ လမ်းပြမြေပုံ ၇ ဆင့်အတိုင်း ဆောင်ရွက်မည်ဖြစ်သကဲ့သို့ EAO များ၏ စိုးရိမ်ချက်ဖြစ်သည့် ၂၀၂၀ မတိုင်မီနှင့် ၂၀၂၀ နောက်ပိုင်းတွင် ဆက်လက်လုပ်ဆောင်မည့် သဘောတူညီချက်များ ရယူမည်ဖြစ်ပါကြောင်း။

လက်ရှိ ၂၀၁၉ ခုနှစ် မေလ ၃၁ ရက်အထိ UNFC အဖွဲ့ဟောင်းပါဝင်ပါကြောင်း၊ KNPP တစ်ဖွဲ့ကျန်ရှိ၍ Joint Statement ထုတ်ပြီး Bilateral ရှိပြီးသားဖြစ်ပါကြောင်း၊ NCA ထိုးရန် မူအားဖြင့် သဘောတူထားပြီးအချိန်ကို ဆက်လက်ညှိနှိုင်းနေပါကြောင်း။

နောက်တစ်ဆင့်မှာ NCA ထိုးပြီးသား ၁၀ ဖွဲ့ဖြစ်ပါကြောင်း၊ NCA အရ JICM ၊ UPDJC ၊ JMC ပြီးပါက UPC အထိသွားရန် သဘောတူညီချက်ရနေသည့် အနေအထားတွင် ပြည်ထောင်စုက ခွဲမထွက်ရေးနှင့် တစ်ခုတည်းသော တပ်မတော်ကိစ္စတွင် ညှိနှိုင်း၍ အဆင်မပြေသေးသည့်အနေအထား ကြုံလာပါကြောင်း၊ Union Accord Part 1 ၊ Part 2 ရရှိနေပြီး “ဝ”၊ မိုင်းလား၊ SSPP ၊ KIA တို့နှင့် Bilateral Ceasefire Agreement ရှိပြီး KIA နှင့် Bilateral Ceasefire Agreement ပျက်ကာ တိုက်ပွဲများဆက်ဖြစ်နေပါကြောင်း၊ နောက် AA၊ TNLA၊ MMDA သုံးဖွဲ့ဖြစ်ပါကြောင်း၊ Statement ထုတ်ရန် ညှိနှိုင်းခဲ့ပြီး ပူးတွဲကြေညာချက် ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ Bilateral Ceasefire Agreement ကြိုးပမ်းနေပါကြောင်း၊ တွေ့ဆုံရန် သဘောတူထားပါကြောင်း၊ ဧပြီလ ၃၀ ရက်တွင် ထိုအဖွဲ့များဖြင့် နောက်ဆုံးတွေ့ဆုံခဲ့ပြီး နေရာကို ဆက်လက်ညှိနှိုင်းနေဆဲဖြစ်ပါကြောင်း၊ နေရာကို ၎င်းတို့ က ကူမင်း၊ ပန်ဆန်း၊ မူဆယ် အဆိုပြုထားပြီး မိမိတို့က နေပြည်တော်၊ ရန်ကုန်၊ မြစ်ကြီးနားသုံးနေရာကို ဧပြီ ၃၀ တွင် အဆိုပြုပါကြောင်း၊ နေရာကို သဘောတူညီချက်မရသေးပါကြောင်း၊ ရရှိပါက Bilateral Ceasefire Agreement ထိုးသည့်အဆင့်ရောက်မည်ဖြစ်ပါကြောင်း၊ နောက်တစ်ဆင့်မှာ NCA ထိုးသည့်အဆင့်သွားမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ လွတ်လပ်ရေးမရခင်က ဖြစ်ပေါ်ခဲ့သည့် သမိုင်းကြောင်းကို ပြန်ကြည့်ပါက ၁၉၄၇ ခုနှစ်တွင် ပင်လုံစာချုပ်ချုပ်ဆိုခဲ့ပါကြောင်း၊ ထိုကာလမတိုင်ခင်က သောင်းကျန်းသူအဖွဲ့အစည်း ၅ ဖွဲ့ရှိပြီး ဖြစ်ပါကြောင်း၊ ထို့နောက် 47 Constitution ပေါ်လာကြောင်း၊ ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီ တက်လာပါကြောင်း၊ တော်လှန်ရေးကောင်စီတက်ပြီးသည့်နောက် Ceasefire Agreement ကို ကရင်အဖွဲ့တစ်ဖွဲ့နှင့် လက်နက်ဖြုတ်သိမ်းလိုက်သည့် အဆင့်ရရှိခဲ့ပါကြောင်း။

**NCA ကဲ့သို့ သဘောတူစာချုပ် မပေါ်ခဲ့**

၁၉၇၄ ခုနှစ်တွင် ဆိုရှယ်လစ်လမ်းစဉ် ပေါ်လာပါကြောင်း၊ ၁၉၈၈ ခုနှစ်အထိ ဖြစ်ပါကြောင်း၊ ၁၉၈၈ ခုနှစ်မှ ၂၀၁၀ အထိ တပ်မတော်အစိုးရကာလ ဖြစ်ပါကြောင်း၊ ယင်းကာလတွင် အဖွဲ့ပေါင်း ၄၀ နှင့် Ceasefire Agreement ရခဲ့ပါကြောင်း၊ ယင်းခေတ်တွင် တစ်နိုင်ငံလုံးလွှမ်းခြုံသည့် NCA ကဲ့သို့ သဘောတူစာချုပ် မပေါ်ခဲ့ပါကြောင်း။

၂၀၁၀ ခုနှစ် ရွေးကောက်ပွဲအပြီးတွင် သမ္မတဦးသိန်းစိန် အစိုးရမှ ၂၀၁၅ အထိ တာဝန်ယူခဲ့ပါကြောင်း၊ ထိုကာလတွင် Bilateral Ceasefire Agreement ၁၅ ဖွဲ့ဖြင့် ရခဲ့ပါကြောင်း၊ NCA ပေါ်ပေါက်လာပါကြောင်း၊ NCA တွင် ရှစ်ဖွဲ့ လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ political frame work နိုင်ငံရေးဆွေးနွေးမည့် မူဘောင်တစ်ရပ်ပေါ်လာပါကြောင်း၊ သို့သော် နိုင်ငံရေးဆွေးနွေးပွဲ အဆင့်အထိမရောက်ခဲ့ပါကြောင်း၊ ၂၀၁၅ ခုနှစ် မှ ၂၀၁၉ ခုနှစ်အတွင်း မွန်ပြည်သစ်နှင့် LDU တို့မှာ NCA ထဲသို့ ရောက်လာပါကြောင်း၊ KNPP နှင့်လည်း NCA Agreement ရလာပါကြောင်း။

နိုင်ငံရေးဆွေးနွေးပွဲတွင် ညီလာခံ သုံးကြိမ်နှင့် အခြေခံမူသဘောတူညီချက် ၅၁ ချက် ရရှိခဲ့ပါကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲနှင့် frame work ပေါ်ပေါက်လာပါကြောင်း၊ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ အစည်းအဝေးပြီးသည့်နောက်တွင် EAO ဘက်က ပြန်ပြီးဆိုင်းငံ့ထားသည့် ပြဿနာများ ဖြစ်လာပါကြောင်း။

DDR ၊ SSR လုံခြုံရေးကဏ္ဍနှင့် တစ်ခုတည်းသော တပ်မတော်ကိစ္စကို ဆက်ပြီးဆွေးနွေးရမည် ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်ပြဿနာမှာ ARSA က တိုက်ခိုက်မှုဖြစ်ပွားခဲ့သည့် နှစ်ကြိမ်အတွင်း စုစုပေါင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ပြည်သူများ သေဆုံး၊ ပျောက်ဆုံး၊ ဒဏ်ရာရ ၄၃၇ ယောက်ရှိခဲ့ပါကြောင်း၊ ယင်းမှာ မေ ၃၁ ရက်အထိ စာရင်းဖြစ်ပါကြောင်း၊ ရခိုင်ကိစ္စမှာ အဓိကဖြေရှင်းရမည့် ပြဿနာဖြစ်သည်ကို မျှော်မှန်းထားသည့်အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ဗဟိုကော်မတီကိုဖွဲ့စည်းခဲ့ပါကြောင်း၊ မကြာမီ ကိုဖီအာနန် အကြံပေးကော်မရှင်ကိုဖွဲ့စည်းခဲ့ပြီး ကိုဖီအာနန် မြန်မာနိုင်ငံကိုလာ၍ ပြန်သွားသည့် တစ်လတင်းတင်းပြည့်သည့်နေ့တွင် ARSA က ရဲစခန်းများကို စတင်တိုက်ခိုက်ခဲ့ပါကြောင်း၊ ယင်းဖြစ်စဉ်နှင့်စပ်လျဉ်းပြီး လူ့အခွင့်အရေးဆိုင်ရာ စွပ်စွဲမှုများရှိသည့်အတွက် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင် ဒီဇင်ဘာတွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ်ထဲတွင် စတင်ဖြစ်ပွားခဲ့ပြီး ARSA ၏ ဒုတိယအကြိမ် တိုက်ခိုက်မှုမှာ ၂၀၁၇ ခုနှစ်တွင် ဖြစ်ပါကြောင်း၊ ကိုဖီအာနန် report ထွက်သည့် ဩဂုတ် ၂၄ ရက် ညနေပိုင်းတွင် ARSA က ရဲစခန်းများကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်ခဲ့ပါကြောင်း၊ နောက်ပိုင်းတွင် ယင်းဒေသမှ အစ္စလာမ်ဘာသာဝင်များ ဘင်္ဂလားဒေ့ရှ်ဘက်သို့ ထွက်ပြေးသည့် ပြဿနာကြောင့် ဖိအားများ များစွာကြုံတွေ့လာရပါကြောင်း၊ ယင်းအချိန်တွင် ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေး၊ ရေရှည်တည်ငြိမ်ရေး လုပ်ငန်းဆောင်ရွက်ရန် UEHRD ကို စတင်ဖွဲ့စည်းခဲ့ပါကြောင်း။

ထို့နောက် AA အဖွဲ့နှင့် တိုက်ပွဲများဖြစ်လာပါကြောင်း၊ ထိတွေ့မှု အကြိမ်ပေါင်း (၂၀၆) ကြိမ်ရှိပြီး AA သေဆုံးတပ်ဖွဲ့ဝင် ၁၀၀ နီးပါးရှိပါကြောင်း၊ အရှင် ၄၈ ဦး ဖမ်းမိပါကြောင်း၊ ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးဆောင်ရွက်နေပါကြောင်း၊ မိုင်းဖြစ်စဉ် (၂၁)ကြိမ်ရှိပါကြောင်း၊ တပ်မတော်ယာဉ်တန်းများ၊ စစ်ကြောင်းများအား တိုက်ခိုက်မှု (၉)ကြိမ် ရှိပါကြောင်း၊ ရဲတပ်ဖွဲ့ဝင်များနှင့်ပြည်သူများကို မိုင်းခွဲတိုက်ခိုက်မှု (၉)ကြိမ်ရှိပါကြောင်း၊ ရခိုင်ပြည်နယ် မြို့နယ် (၇)ခုနှင့် ချင်းပြည်နယ် ပလက်ဝတွင် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားပါကြောင်း၊ လူပေါင်း ၃ သောင်း ၃ ထောင်ကျော် IDP တွင် နေထိုင်နေရပါကြောင်း ရှင်းလင်းပြောကြားသည်။

**သိမ်းဆည်းခံမြေများ မူလတောင်သူများထံ ပြန်လည်ပေးအပ်နိုင်ရေး**

တက်ရောက်လာကြသည့် သတင်းမီဒီယာများက နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရခိုင်ပြည်နယ် အင်းဒင်ကိစ္စနှင့်ပတ်သက်ပြီး အရေးယူခံထားရသည့် တပ်မတော်သားများ ပြန်လည်လွတ်မြောက်မှုရှိ မရှိ၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ကြန့်ကြာနေရသည့်ကိစ္စရပ်များ၊ နေပြည်တော်ကောင်စီ၌ နိုင်ငံတော်သမ္မတနှင့် ဝန်ထမ်းများ တွေ့ဆုံပွဲတွင် နိုင်ငံတော်သမ္မတ ပြောကြားခဲ့သည့်မိန့်ခွန်း၊ ဆရာတော် ဦးဝီရသူအား ဖမ်းဆီးရန် ဆောင်ရွက်နေမှု အခြေအနေ၊ နိုင်ငံတော်အစိုးရအဖွဲ့အစည်းများတွင် နိုင်ငံခြားသား အကြံပေးပညာရှင်များအား ခန့်အပ်ထားသည့် အရေအတွက်နှင့် ခန့်အပ်သည့်မူဝါဒ၊ မြန်မာနိုင်ငံအတွင်း မလေးရှားနိုင်ငံဘက်မှ အကြမ်းဖက်သမားများဝင်ရောက်လာမှု အခြေအနေနှင့် နိုင်ငံတော်အစိုးရမှ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အမျိုးသားရေးထောက်ခံပွဲများအားဖမ်းဆီးအရေးယူသည့်အခါ နောက်ဆက်တွဲပြဿနာများ မဖြစ်ပေါ်စေရန် စီမံခန့်ခွဲမှု အခြေအနေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများကို အုပ်ချုပ်ရန် ဝန်ကြီးတစ်ပါး တိုးချဲ့ခန့်အပ်ရန် အစီအစဉ် ရှိ မရှိ၊ သိမ်းဆည်းခံမြေများ ပြန်လည်စွန့်လွှတ်ရေးနှင့် မူလတောင်သူများထံ အမြန်ပြန်လည်ပေးအပ်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ အစိုးရအပြောင်းအလဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ငွေကြေးကွာဟမှု ဖြစ်စဉ်များကို ပြည်သူကိုချပြရန် အစီအစဉ် ရှိ မရှိ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များက ရရန်ရှိသော ငွေကြေးများနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေ၊ မြောက်ပိုင်းအဖွဲ့ လေးဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသွားမည့် အခြေအနေ၊ တပ်မတော်နှင့် AA တိုက်ပွဲကိစ္စ၊ မြစ်ဆုံကိစ္စနှင့်စပ်လျဉ်း၍ ထုတ်ပြန်ရန် အစီအစဉ် ရှိ မရှိ မေးမြန်းကြရာ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ တတိယ(၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများ**

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ(၁) နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကြည်မင်းက သာသနာရေးဆိုင်ရာဆောင်ရွက်ချက်များအနေဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲနှင့် ဆွမ်းဆန်တော်လောင်းလှူပွဲ အခမ်းအနားကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ နှစ်စဉ် တပေါင်းလပြည့်နေ့၌ ကျင်းပလျက်ရှိရာ ၂၀၁၉ ခုနှစ်တွင် ရဟန်း ၂၅၄ ပါး၊ သီလရှင် ၁၄ ပါးနှင့် လူပုဂ္ဂိုလ် ၉၃ ဦး တို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းချီးမြှင့်အပ်နှင်းခဲ့ပါကြောင်း။

တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲနှင့် ချီးကျူးပူဇော်ပွဲ အခမ်းအနားများကို နှစ်စဉ် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ဒီဇင်ဘာလမှစတင်၍ ၃၃ ရက်ကြာ ကျင်းပပြုလုပ်ပါကြောင်း၊ ထို့အပြင် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ အခမ်းအနားကိုလည်း မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ နှစ်စဉ် မေလ၌ ကျင်းပပြုလုပ်ပါကြောင်း။

(၆၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် စကားဝါလမ်း တိပိဋကနိကာယကျောင်းတိုက်မှ ဘဒ္ဒန္တဝီရိယာနန္ဒသည် (၁၄)ပါးမြောက် တိပိဋကဓရ တိပိဋကကောဝိဒအဖြစ် သာသနာ့အာဇာနည် အရှင်သူမြတ်တစ်ပါး ထပ်မံပေါ်ထွန်းခဲ့ပါကြောင်း။

ဓမ္မာစရိယစာမေးပွဲ၊ အစိုးရ ပါဠိပထမပြန်စာမေးပွဲနှင့် နိကာယ်စာမေးပွဲများ ကျင်းပခြင်းအနေဖြင့် မြန်မာတစ်နိုင်ငံလုံးတွင် ဓမ္မာစရိယစာဖြေဌာန ၅၄ ဌာနရှိပြီး နှစ်စဉ် မတ်လ၌ စာမေးပွဲများ ကျင်းပပြုလုပ်ပါကြောင်း၊ အစိုးရပါဠိပထမပြန်စာမေးပွဲကို တစ်နိုင်ငံလုံးတွင် စာဖြေဌာန ၂၄၀ ၌ နှစ်စဉ် သင်္ကြန်မတိုင်မီ ဧပြီလပထမပတ်အတွင်း ကျင်းပပြုလုပ်ပါကြောင်း၊ နိကာယ်စာမေးပွဲကို စာဖြေဌာန ၇၄ ဌာနတို့၌ နှစ်စဉ်ဇွန်လအတွင်း ကျင်းပပြုလုပ်ပေးလျက်ရှိပါကြောင်း။

ယခင်က နိကာယ်စာဖြေဌာန ၇၀ ရှိရာမှ (၃)နှစ်တာကာလအတွင်း ဘားအံ စာဖြေဌာန၊ လမ်းမတော်စာဖြေဌာန၊ တွံတေးစာဖြေဌာနနှင့် သာကေတ စာဖြေဌာနဟူ၍ အသစ်လေးခု တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

ဓမ္မာစရိယစာမေးပွဲ၊ အစိုးရပါဠိပထမပြန်စာမေးပွဲ၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲများကို နှစ်စဉ် ကျင်းပလျက်ရှိရာ ၂၀၁၈ ခုနှစ်တွင် ဓမ္မာစရိယစာပေးပွဲ အောင်မြင်သူ ၂၉၃၂ ဦး၊ အစိုးရပါဠိပထမပြန်စာမေးပွဲများ အောင်မြင်သူ ၂၄၁၅၉ ဦး၊ အဘိဓမ္မာ(ရိုးရိုး) အောင်မြင်သူ ၁၈၂၅၉ ဦး၊ အဘိဓမ္မာ (ဂုဏ်ထူးဆောင်) အောင်မြင်သူ ၂၈၁၃ ဦး၊ ဝိသုဒ္ဓိမဂ် အောင်မြင်သူ ၄၃၈၄ ဦး ရှိခဲ့ပါကြောင်း။ *စာမျက်နှာ ၉ သို့*



**ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲတွင် သတင်းရယူနေသည့် မီဒီယာသမားများကို တွေ့ရစဉ်။** သတင်းစဉ်

*စာမျက်နှာ ၈ မှ*

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Sanam Luang Pavilion ရှိ ဆာနမ်လွှန် မဟာချက်သဓဘောဒင် မင်္ဂလာမဏ္ဍပ်၌ ကျင်းပပြုလုပ်သည့် The New Year's for Happiness in 2019 သို့ တက်ရောက်ခဲ့ပြီး ဗုဒ္ဓဓာတ်တော်၊ ဆံတော်ပွားနှင့် စွယ်တော်ပွားများ လှူဒါန်းခြင်း၊ နဝကမ္မအလှူတော်ငွေများ လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ရေးလုပ်ငန်း ဆောင်ရွက်ရန် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ရေး ဦးစီးကော်မတီနှင့် ဆပ်ကော်မတီ ရှစ်ခုအား ဖွဲ့စည်းတာဝန်ပေးအပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် အရည်အသွေး ပြည့်မီသော တစ်ပေပတ်လည် ရွှေစင် ရွှေပြားများဖြင့် တာရှည်တည်တံ့ခိုင်မြဲစွာ ရွှေသင်္ကန်းများ ကပ်လှူနိုင်ရေးနှင့် ရွှေစင်ရွှေပြားများ စတင်ထုတ်လုပ်ရာတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် ရွှေတိဂုံစေတီတော် အောက်ပစ္စယံတောင်ဘက်တွင် ရွှေပြားကြိတ်စက်ရုံ တည်ဆောက်၍ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ကာဒီနယ်ချားလ်မောင်ဘို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ၂၀၁၈ ခုနှစ် မေ ၂၆ ရက်မှ ၂၈ ရက်အထိ ရခိုင်ပြည်နယ် စစ်တွေ (မောင်တော)သို့ သွားရောက်ခဲ့ကြပါကြောင်း။

**ရခိုင်ပြည်နယ်သို့ သွားရောက်လှူဒါန်း**

ထို့နောက် ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုများ ကြုံတွေ့ခံစားခဲ့ရသော ပြည်သူလူထုအတွက် ထောက်ပံ့ပေးနိုင်ရန် ပုပ်ရဟန်းမင်းကြီး His Holiness Pope Francis က မြန်မာနိုင်ငံ၊ ကက်သလစ်ဂိုဏ်းချုပ်ဆရာတော် ကာဒီနယ် ချားလ်မောင်ဘိုမှတစ်ဆင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ၂၀၁၈ ခုနှစ် ဇွန် ၄ ရက်တွင် လှူဒါန်းခဲ့သော အမေရိကန်ဒေါ်လာ တစ်သိန်းနှင့်ညီမျှသည့် မြန်မာငွေကျပ် ၁၃၃၀၀၀၀၀၀ (ကျပ်သိန်းတစ်ထောင်သုံးရာသုံးဆယ်) ကို ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော တာဝန်ရှိသူများက ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၉ ရက်မှ ၃၀ ရက်အထိ ရခိုင်ပြည်နယ်သို့ သွားရောက်လှူဒါန်းမှု ပြုခဲ့ပါကြောင်း။

ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကို နှစ်စဉ် ဧပြီလ၌ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်ပေါင်း ၁၄၆ မြို့နယ်၌ ကျင်းပပြုလုပ်လျက်ရှိပြီး ၂၀၁၈ ခုနှစ်တွင် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်ခဲ့ရာ စာရင်းသွင်းသူပေါင်း ၁၁၂၇၅၁ ဦး၊ ဖြေဆိုသူပေါင်း ၁၀၃၄၅၉ ဦး ရှိရာ၌ ရိုးရိုးအောင်မြင်သူပေါင်း ၅၈၃၄၅ ဦး၊ ဂုဏ်ထူးအောင် ၃၀၄၀၆ ဦးနှင့် သုံးဘာသာအောင်မြင်သူပေါင်း ၁၃၆၈၉ ဦးတို့ ရှိခဲ့ပါကြောင်း။

တက္ကသီလမဟာဘွဲ့နှင်းသဘင် အခမ်းအနားအား နှစ်စဉ် ရန်ကုန်နှင့် မန္တလေးတို့၌ တစ်လှည့်စီ ကျင်းပပြုလုပ်လျက်ရှိပြီး ၁၃၈၀ ပြည့်နှစ် (၂၀၁၈) တွင် (၂၄) ကြိမ်မြောက် တက္ကသီလမဟာဘွဲ့နှင်းသဘင်အခမ်းအနားကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)၌ ကျင်းပပြုလုပ်ခဲ့ရာ နပသ (ရန်ကုန်)တွင် ဓမ္မာစရိယဘွဲ့ B.A (Buddhism) ၅၅ ပါး၊ နပသ (မန္တလေး)တွင် ဓမ္မာစရိယဘွဲ့ B.A (Buddhism) ၅၆ ပါး၊ နပသ(ရန်ကုန်)တွင် မဟာဓမ္မာစရိယဘွဲ့ M.A (Buddhism) ခုနစ်ပါး၊ နပသ (မန္တလေး)တွင် မဟာဓမ္မာစရိယဘွဲ့ M.A(Buddhism) ခုနစ်ပါးအား ဆက်ကပ်အပ်နှင်းချီးမြှင့်နိုင်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

**ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ် အတည်ပြု - မပြု ဆုံးဖြတ်မည်**

ယဉ်ကျေးမှုဆိုင်ရာ ဆောင်ရွက်ချက်များအနေဖြင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် အဆိုပြုစာတွဲ(အပြည့်အစုံ) Nomination Dossier (Complete) ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ တင်ပြခဲ့ပါကြောင်း၊ ကမ္ဘာ့အမွေအနှစ်ကော်မတီ၏ အကြံပေးအဖွဲ့ဖြစ်သော နိုင်ငံတကာ အထိမ်းအမှတ်အဆောက်အအုံနှင့် နေရာများကောင်စီ (ICOMOS-International Council on Monuments and Sites) သည် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၅ ရက် မှ ၂၅ ရက်အထိ လာရောက်စစ်ဆေးကြည့်ရှုခဲ့ပြီး ဖြစ်ပါကြောင်း၊ အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့တွင် ၂၀၁၉ ခုနှစ် ဇွန် ၃၀ ရက်မှ ဇူလိုင် ၁၀ ရက်အထိ ကျင်းပမည့် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံအစည်းအဝေးတွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ် အတည်ပြု - မပြု ဆုံးဖြတ်မည်ဖြစ်ပါကြောင်း။

> **“နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံသားတိုင်း လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရရှိစေရေးနှင့် မတူကွဲပြားသည့် ဘာသာဝင်များအချင်းချင်း အတူတကွ ချစ်ကြည်စွာဖြင့် ရေရှည်ယှဉ်တွဲနေထိုင်ရေးအတွက် တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိ”**

မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် အဆိုပြုစာတွဲ (မူကြမ်း)နှင့် ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် မတိုင်မီ အဆိုပြုစာတွဲ (အပြည့်အစုံ) Nomination Dossier (Complete)ကို တင်ပြဆောင်ရွက်မည် ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ် မြောက်ဦးဒေသရှိ အာနန္ဒစန္ဒြကျောက်စာ၏ အဆိုပြုပုံစံကို ၂၀၁၇ ခုနှစ် ဩဂုတ် ၃၁ ရက်က အာရှ - ပစိဖိတ်ဒေသတွင်း မှတ်တမ်းအမွေအနှစ်ကော်မတီသို့ တင်သွင်းခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၂၉ ရက်မှ ဇွန် ၁ ရက်အထိ ကိုရီးယားနိုင်ငံ ဂွမ်ဂျူးမြို့တွင် ပြုလုပ်ခဲ့သည့် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်ကော်မတီ၏ အဋ္ဌမအကြိမ်မြောက် အထွေထွေအစည်းအဝေးတွင် အာရှ-ပစိဖိတ်ဒေသတွင်း ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင်အဖြစ် အသိအမှတ်ပြုခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် UNESCO သို့ ဆက်လက်၍ တင်သွင်းမည် ဖြစ်ပါကြောင်း။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် ပရိုင်းမိတ် သုတေသနပြုလုပ်ခြင်း၊ ကျောက်ခေတ်သုတေသနပြုလုပ်ခြင်း၊ ကြေးခေတ်/သံခေတ် သုတေသနပြုလုပ်ခြင်း၊ ဟန်လင်းမြို့ဟောင်းတူးဖော်မှု၊ သရေခေတ္တရာမြို့ဟောင်း တူးဖော်ခြင်း၊ ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာ အထောက်အထားများရရှိရေးအတွက် မြို့ဟောင်းများ၊ စေ့ဖိုများ၊ နန်းတော်ရာများ အစရှိသည့် တူးဖော်မှုများနှင့် အခြားတူးဖော်သုတေသနလုပ်ငန်းများ၊ ကွင်းဆင်းသုတေသနလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

**ရှေးဟောင်းဝတ္ထုပစ္စည်းများ ဆုကြေးငွေချီးမြှင့်ထိန်းသိမ်း**

ရှေးဟောင်းပစ္စည်းများ စုဆောင်းထိန်းသိမ်းခြင်းအဖြစ် မြန်မာနိုင်ငံတစ်ဝန်းတွင် ပျံ့နှံ့တည်ရှိနေသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို ဆုကြေးငွေချီးမြှင့်၍ စုဆောင်း ထိန်းသိမ်းခြင်းအတွက် လာရောက်အပ်နှံသူ ၉၆ ဦးထံမှ ရှေးဟောင်းဝတ္ထုပစ္စည်း ၃၆၁၅ မျိုးအား ချီးမြှင့်ငွေကျပ်သိန်းပေါင်း ၂၃၃၆ ဒသမ ၁၃၇၂၀၅ နှင့် လှူဒါန်းမှုများမှ လက်ခံထိန်းသိမ်းခြင်းအတွက် လာရောက်လှူဒါန်းအပ်နှံသူ ၂၃ ဦးထံမှ ရှေးဟောင်းဝတ္ထုပစ္စည်း ၈၁ မျိုးအား စုဆောင်းထိန်းသိမ်းနိုင်ခဲ့ပါကြောင်း။

ဇုန်နယ်နိမိတ် သတ်မှတ်ထိန်းသိမ်းခြင်းလုပ်ငန်းအဖြစ် မြန်မာနိုင်ငံအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များ တစ်စုတစ်ဝေးတည်ရှိရာဒေသ ၄၈ နေရာအား သတ်မှတ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာ ၂၀၁၈ ခုနှစ် မေ ၈ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာ(၂/၂၀၁၈) ဖြင့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံ-ညောင်ဦးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်-ပုဂံ ယဉ်ကျေးမှုအမွေအနှစ်ဒေသအား ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်များအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပါကြောင်း။

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် ဟိုခိုကျေးရွာအနီးရှိ သမိုင်းဝင်ဆရာစံ သဘာဝထုံးကျောက်ဂူအား ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၇ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာ (၁/၂၀၁၉) ဖြင့် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်အဖြစ် သတ်မှတ်ခဲ့ပါကြောင်း။

အမျိုးသားစာကြည့်တိုက် (ရန်ကုန်) ပြောင်းရွှေ့ဖွင့်လှစ်မည့် အမှတ် (၆၀၄/၆၀၈) ကုန်သည်လမ်း ပန်းဘဲတန်းမြို့နယ်ရှိ အဆောက်အဦကို အကြီးစားပြင်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၇ ခုနှစ် ဩဂုတ် ၁၀ ရက်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦ ဦးစီးဌာနတို့ လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆို၍ လုပ်ငန်းများ စတင်လုပ်ကိုင်ခဲ့ပြီး ဆက်လက်ဆောင်ရွက်ဆဲဖြစ်ပါကြောင်း။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် အမျိုးဘာသာ သာသနာတော် ထွန်းကားပြန့်ပွားရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကိုသာမက အမျိုးသားရေးလက္ခဏာများကိုလည်း မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ခိုင်မာစေရေးတို့ကိုပါ ဆောင်ရွက်လျက်ရှိပါကြောင်း။

**ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်း**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံသားတိုင်း လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရရှိစေရေးနှင့် မတူကွဲပြားသည့် ဘာသာဝင်များအချင်းချင်း အတူတကွ ချစ်ကြည်စွာဖြင့် ရေရှည်ယှဉ်တွဲနေထိုင်ရေးအတွက် တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယဉ်ကျေးမှုဆိုင်ရာ ဘာသာရပ်ကျွမ်းကျင်သူများကို မွေးထုတ်ပေးလျက်ရှိသည့်အပြင် ပြည်တွင်း/ပြည်ပ ယဉ်ကျေးမှုအမွေအနှစ်၊ စာပေအမွေအနှစ်များ၊ အထောက်အထား အချက်အလက်များ စုဆောင်းထိန်းသိမ်း ဝန်ဆောင်မှုပေးရာ ပြတိုက်နှင့်စာကြည့်တိုက်များကိုလည်း ဗဟိုဌာနအဖြစ်ရပ်တည်၍ သတင်းအချက်အလက်များအား ပြည်သူလူထုအတွက် ဝန်ဆောင်မှုပေးလျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

တက်ရောက်လာကြသည့် သတင်းမီဒီယာများက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ဝန်ကြီးဌာနအနေဖြင့် သံဃာတော်များ ဆန္ဒထုတ်ဖော်ပွဲများတွင် မပါဝင်ရေး ညွှန်ကြားချက်ထုတ်ပြန်ရန် ရှိ မရှိ၊ မြောက်ဦးဒေသတွင် ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများကြောင့် အဆိုပါဒေသရှိ ဘုရား၊ စေတီ၊ ပုထိုးနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ပျက်စီးဆုံးရှုံးမှု အခြေအနေနှင့် နိုင်ငံတော်အစိုးရမှ အရေးယူရန် အစီအစဉ် ရှိ မရှိ၊ မြောက်ဦးဒေသတွင် ဖြစ်ပွားလျက်ရှိသော တိုက်ပွဲများ၏ အကျိုးဆက်ကြောင့် ဖြစ်ပေါ်လာသည့် ပျက်စီးဆုံးရှုံးမှုများသည် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ် စာရင်းဝင်ရန် ဆောင်ရွက်နေမှုကို ထိခိုက်မှု ရှိ မရှိ၊ နိုင်ငံအတွင်း အမျိုးသားရေးလှုပ်ရှားမှုများကြောင့် ဘာသာတစ်ခုနှင့်တစ်ခုအကြား ပဋိပက္ခများ မဖြစ်ပေါ်စေရန် ဆောင်ရွက်နေမှု၊ ဆရာတော် ဦးဝီရသူအား ဝိနည်းမညီညွတ်သဖြင့် အရေးယူရန် ဆောင်ရွက်နေမှု၊ ရွှေတိဂုံဘုရားမှ ရွှေစင်ပြားများ စစ်ဆေးမှုရလဒ်ကို ထုတ်ပြန်ရန် ရှိ မရှိ၊ နိုင်ငံအတွင်းရှိ တန်ခိုးကြီးဘုရားစေတီပုထိုးများ၏ ဂေါပကအဖွဲ့များတွင် အငြိမ်းစားတပ်မတော်သားများ ပါဝင်မှုများနေခြင်း၊ ဂေါပကအဖွဲ့ ဖွဲ့စည်းသည့် ရွေးချယ်မှုနှင့် မူဝါဒ၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းဝင်ရန် ဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေ စသည့် မေးခွန်းများကို မေးမြန်းကြရာ ဒုတိယဝန်ကြီး ဦးကြည်မင်းနှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာကာလ ဆောင်ရွက်ခဲ့မှုများ**

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှထွန်းက စိုက်ပျိုးရေးဦးစီးဌာနသည် စားနပ်ရိက္ခာဖူလုံရေး၊ အစားအစာ ဘေးကင်းလုံခြုံစေရေး၊ တောင်သူများ၏ ဝင်ငွေတိုးတက်ရရှိစေရေး၊ အရည်အသွေးကောင်းမွန်ပြီး ပြည်တွင်း၊ ပြည်ပ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အမယ်စုံသီးနှံများနှင့် စက်မှုကုန်ကြမ်းသီးနှံများ တိုးချဲ့စိုက်ပျိုးရေးကို မျှော်မှန်းပြီး အားထုတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုနှစ်တွင် ဆန်စပါးမျိုးစေ့ထုတ်ဧက ပေါင်း ၇၁၃၇ ဧကကို စိုက်ပျိုးနိုင်ခဲ့ပြီး တင်းပေါင်း ၅၈၀၅၆၂၀ တင်း ထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ GAP စံပြကွက်များအဖြစ် မိုးမြေပဲ ၁၅၅၈ ဧက၊ ဆောင်းမြေပဲ ၃၂၅ဧက၊ ဆောင်းနှမ်း ၆၅ ဧက နှင့် ဆောင်းနေကြာ ၈၃ ဧကကို စိုက်ပျိုးပေးနိုင်ခဲ့ပါကြောင်း။

GAP အသိအမှတ်ပြုလက်မှတ် ၂၅၃ စောင်ထုတ်ပေးခဲ့ပြီး မြေဩဇာကော်မတီအနေနှင့် မှတ်ပုံတင်လက်မှတ် ၁၁၉၇ ခုကို ထုတ်ပေးခဲ့ပါကြောင်း၊ ဇီဝနည်းပညာဓာတ်ခွဲခန်းကို ကြံသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (ပျဉ်းမနား) တွင် ဖွင့်လှစ်နိုင်ခဲ့ပြီး ရောဂါအမျိုးအစားများကို ခွဲခြားပေးနိုင်ခဲ့ပါကြောင်း၊ ကြံမျိုးသစ် (၂)မျိုး အသိအမှတ်ပြုလက်မှတ်ရရှိခဲ့ပြီး ရာသီကော်ဖီဌာနခွဲအနေဖြင့် နိုင်ငံပိုင်ခြံနှင့် ပုဂ္ဂလိကခြံ ရှစ်ခုတို့ကို GAP Certificate ထုတ်ပေးခဲ့ကာ ကော်ဖီမျိုးကောင်းမျိုးသန့် ၁၂ မျိုးကိုလည်း မှတ်ပုံတင်နိုင်ခဲ့ပါကြောင်း။

ချည်မျှင်ရှည်ဝါအနေနှင့် မျိုးကောင်းမျိုးသန့် ၄၃၄၆၂ ဒသမ ၅ ပိဿာ ထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ ပိုးချည်ထုတ်လုပ်ရေးအတွက် F1 မျိုးပိုးဥ ၂၈၈ ကတ် ဖြန့်ဖြူးပေးခဲ့ပြီး တောင်သူ ၅၂၂ ဦးကိုလည်း ပညာပေးသင်တန်း အကြိမ် ၂၀ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် လက်ရှိအချိန်အထိ တောင်သူပေါင်း ၆၀၂၈၀၉၀ ကို ဧရိယာ ၂၅၂၀၆၂၇၄ ဧက အတွက် ပုံစံ(၇) ထုတ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ရာခိုင်နှုန်းအားဖြင့် ၉၃ ဒသမ ၃၅ ဆောင်ရွက်နိုင်ခဲ့ပြီး ယခုနှစ်အတွင်း တောင်သူပေါင်း ၅၉၅၄၈ ဦးအတွက် ဧရိယာ ၂၄၆၃၀၉ ဧကကို ပုံစံ(၇) ထုတ်ပေးနိုင်ခဲ့ကာ ၃ နှစ်တာကာလအတွင်း တောင်သူ ၂၁၅၁၉၀ အတွက် ပုံစံ(၇) ၉၆၇၁၀၁ ဧကကို ထပ်မံထုတ်ပေးနိုင်ခဲ့ပါကြောင်း။

ယခင်ခွင့်ပြုခဲ့ပြီးဖြစ်သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအနက် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ခြင်းမရှိသည့် မြေ ၁၄၃၆၉၉၅ ဒသမ ၂၂ ဧကကို လက်ရှိအချိန်အထိ ပြန်လည်သိမ်းဆည်းခဲ့ပြီး ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ယင်းမြေများအပါအဝင် နိုင်ငံတစ်ဝန်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံသားတိုင်း လျှောက်ထားရယူပြီး အသုံးပြုနိုင်ရေးကို သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီများမှ စိစစ်ခွင့်ပြုပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် နွေစပါးနှင့် အခြားသီးနှံဧက ၁၃ ဒသမ ၉၂ သိန်းခန့်နှင့် မိုးစပါး ၁၂ ဒသမ ၃ သိန်းခန့်ကို ဆည်ရေပေးဝေနိုင်ခဲ့ပြီး ယခုနှစ်နွေရာသီတွင် နွေစပါးနှင့် အခြားသီးနှံ စိုက်ဧက ၁၄ ဒသမ ၁ သိန်းခန့်အထိ တိုးတက်ပြီး ဆည်ရေပေးဝေနိုင်ခဲ့ပါကြောင်း။

**လယ် ၂၁၆၂၈၅ ဧကကို တောင်သူများ သုံးစွဲနိုင်ရေးဆောင်ရွက်**

ယခုနှစ်အတွင်း ပဲခူးတိုင်းအနောက်ခြမ်းရှိ တောင်နဝင်း၊ မြောက်နဝင်း၊ ဝဲကြီး၊ တောင်ညိုဆည်များ၏ ဆည်ရေသောက်စနစ်များ တူးမြောင်းများကို ယခုနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် စုစုပေါင်း လယ်ဧက ၂၁၆၂၈၅ ဧကကို ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေကို ထိရောက်အကျိုးရှိစွာသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးနိုင်ပြီဖြစ်ပါကြောင်း။

ရေကြီးနစ်မြုပ်မှုကာကွယ်ရေးလုပ်ငန်းများအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ချောင်းကော၊ မြောင်းကောနှင့် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းပေါင်း ၄၉၃ ခုကို ဆောင်ရွက်နိုင်ခဲ့သည့်အတွက် လယ်မြေဧက ၃ ဒသမ ၂၉ သိန်းခန့်ကို ထိရောက်စွာ ကာကွယ်ပေးနိုင်တော့မည် ဖြစ်ပါကြောင်း။

စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် မြို့နယ်ပေါင်း ၉၄ မြို့နယ်မှ ပုဂ္ဂလိကလယ်ယာဝန်ဆောင်မှုလုပ်ဆောင်သူ ၂၄၀၇ ဦးကို စုစည်းပြီး စက်မှုလယ်ယာဝန်ဆောင်မှုအသင်း ၁၁၅ သင်းကို ဖွဲ့စည်းပေးနိုင်ခဲ့ပြီး ယင်းတို့ပိုင် ထွန်စက်ကြီး ၁၇၉၅ စီးနှင့် ရိတ်သိမ်းခြွေလှေ့စက် ၄၉၉ စီးတို့ဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေပါကြောင်း။

တန်ဖိုးကြီးမားသည့် လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူသုံးစွဲလိုသူများနှင့် လယ်ယာဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လိုသူများအတွက် စက်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းကို ပထမအရစ်ပေးသွင်းပြီး စက်ရယူကာ ကျန် ၉၀ ရာခိုင်နှုန်းကို သုံးနှစ်အတွင်း ခြောက်ကြိမ်ခွဲပြီး ပြန်လည်ပေးသွင်းနိုင်အောင် ဌာနနှင့် ပုဂ္ဂလိက ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယခုနှစ်အတွင်း ထွန်စက်ကြီး ၃၈၁ စီးနှင့် ရိတ်သိမ်းခြွေလှေ့စက် အစီး ၆၀ အပါအဝင် (၃)နှစ်တာကာလအတွင်း ထွန်စက်ကြီး ၁၈၇၃ စီး နှင့် ရိတ်သိမ်းခြွေလှေ့စက် ၁၃၃ စီးအထိ ရောင်းချပေးနိုင်ခဲ့ပါကြောင်း၊ ထို့အပြင် ဌာနရန်ပုံငွေအစီအစဉ်ဖြင့် ၂၀၁၈ ခုနှစ် ဧပြီလမှ ယခုအထိ လက်တွန်းထွန်စက် ၅၈၄၇ စီး၊ ထွန်စက်ကြီး ၁၁၇ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၇၇ စီး ဖြန့်ဖြူးပေးနိုင်ခဲ့သည့်အတွက် (၃) နှစ်တာ ကာလအတွင်း လက်တွန်းထွန်စက် ၂၁၈၄၁ စီး၊ ထွန်စက်ကြီး ၄၉၆ စီးနှင့် ရိတ်သိမ်းခြွေလှေ့စက် ၁၄၇ စီးတို့ကို လက်ငင်းငွေချေစနစ်၊ နှစ်နှစ်သုံးရစ်ဆပ် စနစ်များနှင့် ဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း။

တိုးတက်များပြားလာသည့်စက်များကို ပြင်ဆင်ထိန်းသိမ်းနိုင်ရန် စက်မှုလယ်ယာစခန်း ၄၉ ခုတွင် ပြင်ဆင်ရေး အလုပ်ရုံများ အဆင့်မြှင့်တင် တိုးချဲ့ဖွင့်လှစ်ခဲ့ပြီး ယခုနှစ်အတွင်း စက်ပေါင်း ၉၂၀ စီး ကို ပြင်ဆင်ပေးနိုင်ခဲ့ပါကြောင်း။

*စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၉ မှ*

စက်မှုလယ်ယာစနစ်ကျင့်သုံးနိုင်သည့် လယ်ယာမြေ အဆင့်မြှင့်တင်ခြင်းနှင့် ကုန်းမြင့်လယ်ယာ ဖော်ထုတ်ခြင်းတို့ကို ယခုနှစ်အတွင်း အဆင့်မြှင့်တင်ခြင်း ၁၂၄၀ ဧကနှင့် ကုန်းမြင့် လယ်ယာ ၃၈၈ ဧက ဖော်ထုတ်ပေးခဲ့ပြီး (၃) နှစ်တာ ကာလ အတွင်း လယ်ယာမြေ အဆင့်မြှင့်တင်ခြင်း ၁၇၀၀၆ ဧကနှင့် ကုန်းမြင့်လယ်ယာ ၃၄၂၆ ဧကကို ဖော်ထုတ်ဆောင်ရွက်ပေးနိုင်ခဲ့ ပါကြောင်း။

ယခုနှစ်အတွင်း မိုးရာသီ ရေကြီးရေလျှံမှုကြောင့် မကွေး၊ စစ်ကိုင်း၊ ပဲခူး၊ တနင်္သာရီတိုင်းဒေသကြီးများနှင့် ကရင်ပြည်နယ်ရှိ ပျက်စီးလယ်ယာမြေများကို သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရေး အတွက် ဧကလွှာ ၅၁၀၂၀ ကို ထွန်ယက်ပေးနိုင်ခဲ့ပါကြောင်း။

စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် ဒေသအလိုက် သင့်တော်သည့် အထွက်ကောင်းမျိုး မျိုးသစ်မွေးမြူထုတ်လုပ်ခြင်း သုတေသနလုပ်ငန်းတွင် စပါးသီးနှံအတွက် ရှစ်မျိုး၊ ပြောင်းသီးနှံ အတွက် တစ်မျိုး၊ နေကြာ တစ်မျိုး၊ မြေပဲ တစ်မျိုး၊ ပဲစင်းငုံ တစ်မျိုး၊ ဂျုံ တစ်မျိုးနှင့် ကြံ တစ်မျိုး အပါအဝင် စုစုပေါင်း မျိုးသစ် ၁၄ မျိုးကို ထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ ယခုနှစ်အတွင်း စစ်ကိုင်း တိုင်းဒေသကြီးအတွင်းရှိ ဇလုပ်စိုက်ပျိုးရေးသုတေသနခြံ ကိုလည်း ဒေသအဆင့်မြင့်သုတေသနခြံအဖြစ် တိုးမြှင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**သမဝါယမ အသင်းပေါင်း ၄၀၅၁၈ သင်း ဖွဲ့စည်းထား**

သမဝါယမဦးစီးဌာနအနေဖြင့် တစ်နိုင်ငံလုံး သမဝါယမ အသင်းပေါင်း ၄၀၅၁၈ သင်း ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း၊ (၃) နှစ်တာကာလအတွင်း အသင်းသစ် ၆၅၄ သင်းကို တိုးချဲ့ ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း၊ မြို့နယ် ၁၁၉ မြို့နယ်တွင် လယ်ယာ အထောက်အကူပြု ဝန်ဆောင်မှုအဖြစ် သမဝါယမအသင်း ၅၄ သင်း အပါအဝင် မြို့နယ်သမဝါယမအသင်းစုများက ဝန်ဆောင်မှုလုပ်ငန်း ၁၄၀ ခုကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးရေး သမဝါယမအသင်းများဖွဲ့စည်းစေပြီး မြို့နယ်အသင်း ၁၆၆ သင်းမှ မျိုးစေ့ထုတ်ဧက ၁၂၃၁၃ ဧက အတွက် ချေးငွေကျပ် ၂၆၇၃ ဒသမ ၅၈၅ သန်းကို ထုတ်ချေး နိုင်ခဲ့ပါကြောင်း။

လယ်ယာမြေအဆင့်မြှင့်တင်သည့်လုပ်ငန်းအတွက် မြို့နယ် ၁၆၈ မြို့နယ်မှာ လယ်ယာမြေ စုစုပေါင်း ၈၇၀၀၂ ဒသမ ၈ ဧက အတွက် ချေးငွေကျပ်သန်းပေါင်း ၂၆၆၂၅ ဒသမ ၀၀၁ သန်းကို ထုတ်ချေးပြီး အဆင့်မြှင့်တင်သည့်လုပ်ငန်းများကို ဆောင်ရွက် ပေးခဲ့ပါကြောင်း။

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၁၈ ခုနှစ် ဧပြီလမှ ယခု အချိန်ထိ အသက်မွေးဝမ်းကျောင်းကာလတို သင်တန်း ၃၆၆ ကြိမ် အပါအဝင် (၃) နှစ်တာ ကာလအတွင်း သင်တန်းပေါင်း ၁၁၄၅ ခုကို ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ပြည်သူလူထုများအနေဖြင့် တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်း များ လုပ်ကိုင်လာနိုင်ပြီး ဝင်ငွေတိုးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ခြင်းတို့ကို ဖြစ်စေခဲ့ပါကြောင်း၊ (၃) နှစ်တာ ကာလအတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်း ၆၈၈၉ ခုကို မှတ်ပုံတင်ပေးနိုင်ခဲ့ပြီး ထုတ်ကုန်များအတွင်း ဘေးဥပဒ်ဖြစ်စေသည့် ဓာတုပစ္စည်းများ ပါဝင်မှု ရှိ၊ မရှိ ဓာတ်ခွဲ စမ်းသပ်ပေးသည့် လုပ်ငန်းပေါင်း ၉၂၅၇ ခုကိုလည်း ဆောင်ရွက် ပေးခဲ့ပါကြောင်း။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် တိရစ္ဆာန် ကောင်ရေ စာရင်းကောက်ယူခြင်းကို ဆောင်ရွက်ပြီးစီးခဲ့ပြီး ယခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် တိရစ္ဆာန်ကောင်ရေ စာရင်းကို အတည်ပြုထုတ်ပြန် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**ကျွဲ၊ နွား အရှင်များ ပြည်ပတင်ပို့နိုင်ရေး ထောက်ခံချက်များထုတ်ပေး**

စီးပွားဖြစ်မွေးမြူရေးခြံများနှင့် တစ်ပိုင်တစ်နိုင်ခြံများမှ မွေးမြူထားသော ကျွဲ၊ နွား အရှင်များကို ပြည်တွင်းစားသုံးမှုနှင့် လုပ်ငန်းခွင်အသုံးပြုမှု မထိခိုက်စေဘဲ တည်ဆဲဥပဒေများနှင့်အညီ ပြည်ပ တင်ပို့နိုင်ရေးအတွက် ကျန်းမာရေးထောက်ခံချက်များ ထုတ်ပေးကာ ဈေးကွက်ဖော်ဆောင်ခြင်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ သည့်အတွက် နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ ၅၆၂ ဒသမ ၈၅၉ သန်းကျော် ရှာဖွေပေးနိုင်ခဲ့ပါကြောင်း။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် မြန်မာ့ပင်လယ်ပြင် ငါးသယံဇာတတည်ရှိမှုနှင့် သဘာဝအခြေအနေများကို လေ့လာရန် နော်ဝေနိုင်ငံ Dr. Fridjof Nansen သုတေသန ရေယာဉ်ဖြင့် ငါးများ၏ ဥနှင့် သားလောင်းများ ပျံ့နှံ့တည်ရှိမှု၊ အသားတွင်း မိုက်ခရိုပလတ်စတစ် ပါဝင်မှုတို့ကို သုတေသနပြု ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ပြည်ပသို့ ရေထွက်ပစ္စည်းတင်ပို့မှုအနေဖြင့် ၂၀၁၈ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် မတ်လ အထိ ငါး၊ ပုစွန်နှင့် အခြားရေထွက် ပစ္စည်း အမေရိကန်ဒေါ်လာ ၇၂၀ ဒသမ ၀၂၁ သန်းဖိုး တင်ပို့နိုင်ခဲ့ပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသတွင် သန့်ရှင်းသည့် သောက်သုံးရေ ဖူလုံစွာ ရရှိရန် UNICEF နှင့် ပူးပေါင်းပြီး ကျေးလက်ရေရရှိရေးနှင့် ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ရေးဆွဲကာ ရေရရှိရေးလုပ်ငန်းပေါင်း ၁၀၅၁ ခုကို ကျေးရွာ ၉၈၉ ရွာတွင် ဆောင်ရွက်ခဲ့သည့်အတွက် လူဦးရေ ၇ ဒသမ ၀၈ သိန်းကို အကျိုးပြုစေနိုင်ခဲ့ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင်လည်း ကျေးလက်ရေရရှိရေး လုပ်ငန်းပေါင်း ၂၂၀၉ ခုကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

**ကုန်ထုတ်လမ်း အရှည်မိုင် ၂၂၀ ကျော် ဖောက်လုပ်ပေးသွားမည်**

မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်မီးလင်းရေးလုပ်ငန်း များကို ကျေးရွာ ၂၄၆၇ ရွာတွင် လူဦးရေ ၆ ဒသမ ၆၉ သိန်း အတွက် အကျိုးပြုဆောင်ရွက်နိုင်ခဲ့ပြီး ကျေးလက် ကုန်ထုတ် လမ်းဖောက်လုပ်ခြင်းကို ကျေးရွာ ၇၉ ရွာအတွက် အရှည် ၇၅ မိုင်ကျော်ကို ဖော်ထုတ်ပေးနိုင်ခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင်လည်း ကုန်ထုတ်လမ်း ၁၇၁ လမ်း အရှည်မိုင် ၂၂၀ ကျော်ကို ဖောက်လုပ် ပေးသွားမည်ဖြစ်ပါကြောင်း။

လူထုဗဟိုပြုစီမံကိန်းကို မြို့နယ် ၆၁ မြို့နယ်ရှိ ကျေးရွာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်း ၁၄၇၆၉ ခုတွင် ဆောင်ရွက်နိုင်ခဲ့ပြီး လူဦးရေ ၇ ဒသမ ၁ သန်းကို အကျိုးပြုစေ နိုင်ခဲ့ပါကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် မြို့နယ် ၂၆ မြို့နယ်မှ ပျက်စီးမှုများကို ပြင်ဆင်ရန် ငွေကျပ် ၅၅၈ ဒသမ ၆၆၁ သန်းကို ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း၊ မြစိမ်းရောင်စီမံကိန်း အနေဖြင့် ကျေးရွာတစ်ရွာလျှင် အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ်သိန်း ၃၀၀ စီနှင့် ကျေးရွာပေါင်း ၁၀၀၀ အတွက် တိုးချဲ့ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့အပြင် ကျေးရွာဖွံ့ဖြိုး ရေးစီမံချက် ရေးဆွဲခြင်းစီမံကိန်းကို ကျေးရွာ ၃၁၉၈ ရွာတွင် ဆောင်ရွက်နိုင်ခဲ့ပြီး ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေမြှင့်တင်ရေးစီမံကိန်းကို ကျေးရွာ ၂၉၃ ရွာတွင် အကောင် အထည်ဖော်နိုင်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

ကျွမ်းကျင်လုပ်သားများ စစ်ဆေးအကဲဖြတ်ခြင်းအနေဖြင့် မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေး အဖွဲ့မှ အတည်ပြုထားသည့် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ဌာန များတွင် အလုပ်အကိုင် ၂၃ မျိုးအတွက် ကျွမ်းကျင်မှု အဆင့် (၁) လုပ်သား ၄၄၀၁ ဦး၊ ကျွမ်းကျင်မှု အဆင့် (၂) အတွက် လုပ်သား ၅၁၅ ဦး စုစုပေါင်း ၄၉၁၆ ဦးကို ကျွမ်းကျင်မှုအသိ အမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ အဆိုပါ လုပ်ငန်းစဉ်အတွက် သက်ဆိုင်ရာဝန်ကြီးဌာန ၁၀ ခုနှင့် ပုဂ္ဂလိက သင်တန်းကျောင်းများ၊ အလုပ်ရှင်အဖွဲ့အစည်းများ၊ အလုပ်သမား အဖွဲ့အစည်းများ၊ ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများ၊ လုပ်ငန်း ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းပါဝင်သော အလုပ်အကိုင် ဆိုင်ရာကျွမ်းကျင်မှု “စံ” ရေးဆွဲရေးကော်မတီ ၁၅ ခု၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရေးကော်မတီ၊ အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု လေ့ကျင့်ရေးကော်မတီတို့ ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

**အနည်းဆုံးအခကြေးငွေ အတည်ပြုထုတ်ပြန်နိုင်ခဲ့**

အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသား ကော်မတီ၏ ညှိနှိုင်းအစည်းအဝေးများကို အကြိမ်ကြိမ်ကျင်းပ ပြုလုပ်ခဲ့ပြီး ၁၀ ဦးနှင့် အထက်ရှိသော လုပ်ငန်းများအတွက် တစ်နာရီ လျှင် ၆၀၀ ကျပ်နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ (တစ်ရက်) အတွက် ကျပ် ၄၈၀၀/- သတ်မှတ်နိုင်ရေး ပြည်ထောင်စုအစိုးရ အဖွဲ့ရုံး၏ အတည်ပြုချက်ဖြင့် ၂၀၁၈ ခုနှစ် မေ ၁၄ရက်တွင် အတည်ပြုထုတ်ပြန်နိုင်ခဲ့ပြီး ဖြစ်ပါကြောင်း။

လုပ်သားအင်အားစစ်တမ်းများ ကောက်ယူခြင်းအနေဖြင့် ရာသီချိန်အလိုက် အလုပ်သမားများ အလုပ်အကိုင်ရရှိမှုအခြေ အနေ သိရှိနိုင်ရန် လုပ်သားအင်အားစစ်တမ်း၊ ကလေးလုပ်သား နှင့် ကျောင်းပြီးလုပ်ငန်းခွင်ဆောင်ရွက်မှု အကူးအပြောင်း ဆန်းစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ စာရင်းကောက်ကွက် ၇၈၀ အိမ်ထောင်စုပေါင်း ၁၄၀၄၀ ကို လွှမ်းခြုံကောက်ယူခဲ့ပြီး ဖြစ်ပါကြောင်း။

> **“သံတမန်နိုင်ငံကူးလက်မှတ်နှင့် အထူးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထား သူများအား အပြန်အလှန် ဗီဇာကင်းလွတ်ခွင့် သဘောတူညီချက်ကို မြန်မာ နိုင်ငံနှင့် အာဆီယံနိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၂၄ နိုင်ငံနှင့် စာချုပ် ချုပ်ဆို နိုင်ခဲ့ပြီး အစ္စရေးနိုင်ငံနှင့် သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်သော်လည်း စာချုပ်အသက်ဝင်သည့်ရက်အား အတည်မပြုနိုင်သေး”**

တက်ရောက်လာကြသည့် သတင်းမီဒီယာများက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပြီး ပြန်လည်မပေးဆပ်နိုင်သည့် တောင်သူအရေ အတွက်နှင့် ဝန်ကြီးဌာနမှ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေ၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရန် နှောင့်နှေးကြန့်ကြာနေမှုများကို ဖြေရှင်း ဆောင်ရွက်သွားမည့် အခြေအနေ၊ ဝန်ကြီးဌာနအနေဖြင့် တောင်သူများကို သီးနှံဈေးကွက်အခြေအနေနှင့် သီးနှံဈေးနှုန်း များကို အလွယ်တကူသိရှိစေရန် ဆောင်ရွက်နေမှုအခြေအနေ စသည့်မေးခွန်းများကို မေးမြန်းကြရာ ဒုတိယအမြဲတမ်း အတွင်းဝန် ဦးလှထွန်းနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ(၁)နှစ်တာ ကာလ အတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ အလုပ်သမားရေးရာ ဆိုင်ရာ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က အလုပ်သမား ရေးရာဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် အလုပ် သမားညွှန်ကြားရေးဦးစီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနဟူ၍ ဦးစီးဌာန လေးခုဖြင့် ဆောင်ရွက် လျက်ရှိပါကြောင်း။

အလုပ်သမားရေးရာဆိုင်ရာ လုပ်ငန်းစဉ်များဆောင်ရွက် ရာတွင် ပြည်တွင်း၌ အစိုးရဌာနများတွင် ၉၈၂၂ ဦး၊ ပုဂ္ဂလိက ကဏ္ဍတွင် ၂၃၇၆၂၀ ဦး စုစုပေါင်း ၂၄၇၄၄၃ ဦး အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ပြည်ပကိုးနိုင်ငံသို့ ၂၅၀၆၉၉ ဦး စေလွှတ်ပေးနိုင်ခဲ့ပါကြောင်း။

ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ရေးဗဟိုဌာန MRC ရုံးများဖွင့်လှစ်ခြင်းအနေဖြင့် ရွှေ့ပြောင်းလုပ်သားများ လုံခြုံစွာ ရွှေ့ပြောင်းသွားလာလုပ်ကိုင်နိုင်ရေးအတွက် ရွှေ့ပြောင်း လုပ်သားများ ထောက်ပံ့ရေးဗဟိုဌာန MRC ရုံးနှစ်ရုံး တိုးချဲ့ ဖွင့်လှစ်ခဲ့ပြီး စုစုပေါင်း ၁၅ ရုံး ရှိပြီဖြစ်ပါကြောင်း။

လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ပြန်လည်ထုတ်ပေးခြင်း အပိုင်းတွင် တတိယ (၁) နှစ်တာ ကာလအတွင်း အကျုံးဝင် အာမခံအလုပ်သမား ၁၃၀၄၈၅၅ ဦးတို့အတွက် ဆေးကုသမှု ကုန်ကျစရိတ်များနှင့် ငွေကြေးအကျိုးခံစားခွင့်အဖြစ် စုစုပေါင်း ငွေကျပ် ၂၁၃၆၃ ဒသမ ၀၈၀ သန်းကို ဥပဒေနှင့်အညီ ခွင့်ပြု ထုတ်ပေးနိုင်ခဲ့ပါကြောင်း။

**ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ ဖွဲ့စည်း**

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေး အစီအစဉ် ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းအပိုင်းတွင် ဒုတိယ သမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့် မြန်မာနိုင်ငံ ကလေး အလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းထားကာ အစည်းအဝေး(၂)ကြိမ် ကျင်းပခဲ့ပြီး ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှစပြီး အကောင်အထည်ဖော် ဆောင်ရွက်နိုင် ရေးကို မူအားဖြင့်ချမှတ်ဆောင်ရွက်လျက်ရှိသည့်အပြင် ကလေး အလုပ်သမားဆိုင်ရာ အန္တရာယ်ရှိသော အလုပ်စာရင်း(မူကြမ်း) ရေးဆွဲကာ အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက် လျက်ရှိပါကြောင်း။

လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ကော်မတီဖွဲ့စည်းခြင်းအပိုင်းတွင် စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်အထိ ကော်မတီ ၁၂၇၄ ခု ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ ဖြေရှင်းဆောင်ရွက်ရာတွင် အခြေခံကျသည့် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) ကို မြန်မာနိုင်ငံတစ်ဝန်းရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် ၁၂၈၁ ဖွဲ့ ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါကြောင်း။

အလုပ်သမားရေးရာအငြင်းပွားမှုများ ဖြေရှင်းဆောင်ရွက် ခြင်းအပိုင်းတွင် ခုံသမာဓိကောင်စီမှ အလုပ်သမားရေးရာ အငြင်းပွားမှု ၆၈ မှုကို ဖြေရှင်းပေးခဲ့ရာ အလုပ်သမား ၁၂၁၉ ဦး အတွက် ငွေကြေး အကျိုးခံစားခွင့် ငွေကျပ်သန်းပေါင်း ၃၃၂၆၃၆ နှင့် အမေရိကန်ဒေါ်လာ ၁၆၀၄၇ ရရှိစေခဲ့ပါကြောင်း။

ထို့ပြင် ခုံသမာဓိအဖွဲ့အနေဖြင့် အလုပ်သမားရေးရာ အငြင်းပွားမှု ၁၀၆ မှုကို ဖြေရှင်းပေးခဲ့ရာ အလုပ်သမား ၁၃၈ ဦး အတွက် ငွေကြေး အကျိုးခံစားခွင့် ငွေကျပ်သန်းပေါင်း ၂၇ ဒသမ ၁၁ နှင့် အမေရိကန်ဒေါ်လာ ၁၉၇၅ ကို ရရှိအောင်ဆောင်ရွက်ပေး နိုင်ခဲ့ပါကြောင်း။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ အလုပ်သမားရေးရာဆိုင်ရာ ကိစ္စရပ်များနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ကိစ္စရပ်များကို အစိုးရ၏ တတိယ (၁)နှစ်တာ ကာလအတွင်း ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းများအား ပြည်သူများအတွက် ဖြေလျှော့မှုနည်းလမ်းများ နှင့် စီမံချက်များရေးဆွဲချမှတ်ကာ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့ပါကြောင်းနှင့် ဆက်လက်၍ ဝန်ကြီးဌာန၏ နောင်လာမည့်ကာလများတွင် ယခုထက်ပိုမိုတိုးတက်စေရန် ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်း ပြောကြားသည်။

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများ**

ဆက်လက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ပြည်သူ့အတွက် တတိယ (၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ အမြဲတမ်း အတွင်းဝန် ဦးအေးလွင်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်ပြီး လူဝင်မှုကြီးကြပ် ရေးဦးစီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန စသည့် ဦးစီးဌာန သုံးခုနှင့် အဓိက လုပ်ငန်းတာဝန် (၃)ရပ်ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ပေးချက်အရ မိမိတို့ ဝန်ကြီးဌာနသည် ပြည်ဝင်ဗီဇာဆိုင်ရာ တာဝန်ခံဝန်ကြီးဌာန (Focal Ministry) အဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဆိုက်ရောက်ဗီဇာ(Visa On Arrival) စနစ်နှင့် e-visa စနစ်ဖြင့် ခွင့်ပြုပေးခြင်းကို မိမိတို့ ဝန်ကြီးဌာနက တာဝန်ခံ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသို့ လာရောက်လို သည့် နိုင်ငံခြားသားများအား အပြည်ပြည်ဆိုင်ရာ လေဆိပ် သုံးခုဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော် လေဆိပ်တို့မှ လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းမှ လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ နယ်စပ်ဝင်ထွက်ပေါက် ခြောက်ခုဖြစ်သည့် တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ ထီးခီး၊ တမူး၊ ရိခေါဒါ နယ်စပ်ဝင်ထွက်ပေါက်တို့မှ လည်းကောင်း ဝင်ထွက်ခွင့်ပြုလျက်ရှိပါကြောင်း မြန်မာ-လာအို နယ်စပ်ရှိ ကျိုင်းလပ်-စီအင်ကောက်ဂိတ်အား ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ယင်းဂိတ်ကိုလည်း အပြည်ပြည်ဆိုင်ရာ နယ်စပ် ဝင်/ထွက်ပေါက်အဖြစ် သတ်မှတ်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

**ဆိုက်ရောက်ဗီဇာကို နိုင်ငံပေါင်း ၅၅ နိုင်ငံ ခွင့်ပြုပေးလျက်ရှိ**

ဆိုက်ရောက်ဗီဇာ (Visa On Arrival) စနစ်ဖြင့် လုပ်ငန်း ဗီဇာ၊ အလုပ်ရုံ/ဆွေးနွေးပွဲ/ အစည်းအဝေး/သုတေသနဗီဇာ၊ ယာဉ်အမှုထမ်းဗီဇာနှင့် ဖြတ်သန်းဗီဇာတို့ကို နိုင်ငံပေါင်း ၅၃ နိုင်ငံ ခွင့်ပြုဆောင်ရွက်လျက်ရှိရာမှ ယခုအခါ ရုရှားနှင့် ယူကရိန်းတို့ကို ထပ်မံခွင့်ပြုခဲ့သည့်အတွက် ဆိုက်ရောက်ဗီဇာကို နိုင်ငံပေါင်း ၅၅ နိုင်ငံ ခွင့်ပြုပေးလျက်ရှိပါကြောင်း။

ထို့ပြင် သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သော တရုတ်နိုင်ငံသားနှင့် အိန္ဒိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသွား များအား ဆိုက်ရောက်ဗီဇာ (VOA) စနစ်ဖြင့် ထပ်မံခွင့်ပြု ပေးခဲ့ပါကြောင်း၊ ယခုအခါ ဆိုက်ရောက်ဗီဇာ (VOA) စနစ်ဖြင့် နိုင်ငံခြားသားခရီးသည် ၄၁၅၆၀၇ ဦးကို ခွင့်ပြုခဲ့ပါကြောင်း။

သံတမန်နိုင်ငံကူးလက်မှတ်နှင့် အထူးနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများအား အပြန်အလှန် ဗီဇာကင်းလွတ်ခွင့် သဘောတူညီချက်ကို မြန်မာနိုင်ငံနှင့် အာဆီယံနိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၂၄ နိုင်ငံနှင့် စာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီး အစ္စရေးနိုင်ငံနှင့် သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်သော်လည်း စာချုပ်အသက်ဝင်သည့်ရက်အား အတည်မပြု နိုင်သေးသဖြင့် လက်ရှိတွင် နိုင်ငံပေါင်း ၂၃ နိုင်ငံမှ သံတမန် နိုင်ငံကူးလက်မှတ်နှင့် အထူးနိုင်ငံကူးလက်မှတ် ကိုင်ဆောင် ထားသူများအား ဗီဇာကင်းလွတ်ခွင့်ပြုလျက်ရှိပါကြောင်း၊ သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများအတွက် အပြန်အလှန်ဗီဇာကင်းလွတ်ခွင့် သဘောတူညီချက်ကို မလေးရှားနိုင်ငံမှအပ ကျန်အာဆီယံ ရှစ်နိုင်ငံနှင့် စာချုပ်ချုပ်ဆို ခွင့်ပြုလျက်ရှိပါကြောင်း၊ ထို့ပြင် ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်နိုင်ငံ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်တဲ့ ဟောင်ကောင် နှင့် မကာအိုတို့မှ နိုင်ငံသားများအား ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်မှစပြီး ဗီဇာကင်းလွတ်ခွင့်ဖြင့် အပြည်ပြည်ဆိုင်ရာ ဝင်/ ထွက်ပေါက်များမှ ဝင်/ထွက်ခွင့် ပြုလျက်ရှိပါကြောင်း။

*စာမျက်နှာ ၁၁ သို့*

# မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းများ အသုံးပြုတဲ့အပေါ်မှာ မူတည်ပြီးတော့ မြေအမျိုးအစားတွေကို ခွဲခြား

**၂၀၁၈ ခုနှစ်တွင် ပြင်ဆင်ခဲ့သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေအရ လက်ရှိကျင့်သုံးဆောင်ရွက်နေသော မြေယာမူဝါဒများနှင့်စပ်လျဉ်း၍ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးနှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။**

**မေး ။ ။ ၂၀၁၈ ခုနှစ်တွင် ပြင်ဆင်ခဲ့သည့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေရဲ့ အားသာချက်တွေကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ။ ၂၀၁၈ ခုနှစ် မြေလွတ်မြေရိုင်းများ စီမံခန့်ခွဲရေး ပြင်ဆင်တဲ့ဥပဒေကို ပြီးခဲ့တဲ့နှစ် ၁၁ လပိုင်းမှာ စတင်ပြီးတော့ ပြဋ္ဌာန်းပေးနိုင်ခဲ့ပါတယ်။ ဥပဒေရဲ့အဓိကအားသာချက်က တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးအားလုံးရဲ့ ဓလေ့ထုံးစံအရ အသုံးပြုထားတဲ့ မြေတွေအားလုံး၊ နောက်သူတို့ရဲ့ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးအတွက် သုံးတဲ့ မြေတွေအားလုံးကို ဒီဥပဒေကနေ ပြီးတော့ နုတ်ပယ်လိုက်တဲ့ အနေအထား၊ မြေလွတ်မြေရိုင်းစာရင်းကနေ နုတ်ပယ်လိုက်တဲ့ အနေအထားကိုဒီဥပဒေမှာ အသားပေးပြီးတော့ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။

နောက်ပြီး လုပ်ပိုင်ခွင့်အသုံးပြုခွင့် ချထားရတဲ့ အနေအထားနဲ့ ပတ်သက်ပြီးတော့လည်း ယခင်တုန်းက တိုင်းဒေသကြီးနဲ့ ပြည်နယ်လုပ်ငန်းအဖွဲ့မှာ အဓိက ဧက ၅၀ အထိပဲ လုပ်ပိုင်ခွင့်ပေးထားရာကနေပြီးတော့ အခု စိုက်ပျိုးရေးအတွက် ဧက ၃၀၀၊ မွေးမြူရေးအတွက် ဧက ၅၀ အထိ တိုးပြီး လုပ်ပိုင်ခွင့်ပိုမိုပြီး ချပေးတာဖြစ်ကြောင်း ရှင်းလင်းတင်ပြလိုပါတယ်။



ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦး

**မေး ။ ။ အများပြည်သူတွေ ပူပန်နေကြတဲ့ ဥပဒေပုဒ်မ ၂၂(ခ) (၂)ပါ ၆ လအတွင်း လျှောက်ထားရမယ်ဆိုတဲ့ ကိစ္စနဲ့ပတ်သက်ပြီးတော့လည်း သိလိုပါတယ်။**

ဖြေ ။ ။ ဒီ ခြောက်လအတွင်းဆိုတဲ့ ကိစ္စနဲ့ ပတ်သက်လို့ကတော့ လက်ရှိ အနေအထားမှာ လျှောက်လွှာပေါင်း လေးသိန်းလောက် လက်ခံရရှိပါတယ်။ ဒီခြောက်လအတွင်းမှာတော့ စတင်လျှောက်ထားတဲ့ လျှောက်လွှာနဲ့ ပတ်သက်ပြီးတော့ စိစစ်မှုတွေ စတင်ဆောင်ရွက်နေပါတယ်။ ခြောက်လကျော်လွန်သွားခဲ့ရင်လည်း ဆက်ပြီး လျှောက်ခွင့်ရှိမှာပါ။ တစ်ခါတည်းပဲ ဒီဥပဒေအရ အရေးယူသွားမယ်ဆိုတဲ့ ကောလာဟလ သတင်းတွေကတော့ မှန်ကန်မှုမရှိပါဘူး။ တကယ်လို့ ဒီလိုမျိုး ခြောက်လအတွင်းမှာ လျှောက်ထားမှု မရှိဘဲနဲ့ အသုံးပြုထားတယ်ဆိုတဲ့ အနေအထားမျိုး သတင်းပို့ချက်ရရှိရင်လည်း ကျွန်တော်တို့ ဌာနက ဝန်ထမ်းတွေအနေနဲ့ရော၊ သက်ဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့်က စိစ်ဆေးပြီးတော့ မှန်ကန်တယ်ဆိုရင် သူတို့ကို ဒါနဲ့ပတ်သက်ပြီးတော့ လျှောက်ထားဖို့နဲ့ မလျှောက်ထားဘူးဆိုရင် ထွက်ခွာဖို့ဆိုတာ သတိပေးစာထုတ်မှာပါ။ တစ်ကြိမ်ပေးမယ်၊ နှစ်ကြိမ်ပေးမယ်၊ သုံးကြိမ်အထိ သတိပေးပြီး လိုက်နာဆောင်ရွက်မှုမရှိဘူးဆိုရင် ဥပဒေပါအတိုင်း ဆက်လက်ဆောင်ရွက်ရမယ့် အနေအထားဖြစ်ပါတယ်။

အဓိကကတော့ ခွင့်ပြုချက်မရဘဲနဲ့ အသုံးပြုထားတဲ့မြေကို အသုံးပြုထားတဲ့သူတွေကို ပိုင်ဆိုင်မှုဖြစ်စေချင်တဲ့အတွက်ကြောင့် လုပ်တဲ့အနေအထားဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ မြေလွတ်၊ မြေရိုင်းတွေ အများကြီးရှိပါတယ်။ တစ်နိုင်ငံလုံးမှာ မြေဧရိယာပေါင်း ၁၆၇ သန်းကျော်ရှိတဲ့အထဲမှာ မြေလွတ်မြေရိုင်း ဧကပေါင်းက ၄၅ သန်းနဲ့ သန်း ၅၀ ကြားမှာ ရှိပါတယ်။ ဒီမြေတွေမှာလည်း အခုလို တရားမဝင် သူတို့ဟာ သူတို့ လုပ်နေတဲ့ အနေအထားတွေလည်း ရှိပါတယ်။ ဒီမြေတွေကို ကျွန်တော်တို့က ပိုင်ဆိုင်ခွင့်ပေးစေလိုတဲ့အတွက်ကြောင့် လုပ်တဲ့အနေအထားဖြစ်တာကို ရှင်းလင်းတင်ပြလိုပါတယ်။

**မေး ။ ။ ပုဒ်မ ၃၀ (ခ)နဲ့ (ဂ)ပါ တိုင်းရင်းသား လူမျိုးများရဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာအရ သတ်မှတ်မြေများ၊ အများပြည်သူနဲ့ တိုင်းရင်းသားများဆိုင်ရာ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ လမ်းပန်းဆက်သွယ်ရေးတို့အတွက် လက်ရှိအသုံးပြုထားတဲ့ မြေတွေနဲ့ ပတ်သက်လို့လည်း ဘယ်လို ဆက်လက်ဆောင်ရွက်သွားမယ်ဆိုတာကို ပြောပြပေးပါဦး။**

ဖြေ ။ ။ တိုင်းရင်းသားလူမျိုးတွေရဲ့ မြေတွေနဲ့ ပတ်သက်လို့ မြေလွတ်မြေရိုင်းများ စာရင်းကနေပြီး ကျွန်တော်တို့ နုတ်ပယ်လိုက်တဲ့ အတွက်ကြောင့် သူတို့မှာ အရင်တုန်းက စိုးရိမ်ပူပန်နေရတဲ့ အနေအထားတွေ မရှိတော့ပါဘူး။ ဒါနဲ့ပတ်သက်လို့လည်း သတ်မှတ်ချက်တစ်ခုကတော့ နောက်ပိုင်းကျရင် သက်ဆိုင်ရာ ဒေသ အာဏာပိုင်တွေနဲ့ ညှိနှိုင်းပြီးတော့ ဆောင်ရွက်ရမယ့်အရာ ဖြစ်ပါတယ်။

မြေတစ်ခုကို ရှုမြင်မယ်ဆိုရင် ဘယ်နိုင်ငံမှာပဲ ဖြစ်ဖြစ် မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းများ အသွင်နဲ့ စတင်ပြီးတော့ ရှုမြင်ရပါတယ်။ ဒီမြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းများအပေါ်မှာမှ အသုံးပြုတဲ့အပေါ်မှာ မူတည်ပြီးတော့ မြေအမျိုးအစားတွေကို ခွဲခြားရပါတယ်။ လက်ရှိ ကျွန်တော်တို့နိုင်ငံမှာဆိုရင် မြေ ၂၂ မျိုး ခွဲခြားထားပါတယ်။ မြို့မြေ၊ ရွာမြေ၊ လမ်းမြေ၊ မီးရထားမြေ၊ သတ္တုတွင်းမြေ၊ သစ်တောမြေ စသည်ဖြင့် ခွဲခြားထားပါတယ်။ အဲဒီမြေတွေကိုလည်း သက်ဆိုင်ရာ ဥပဒေနဲ့အညီ စီမံခန့်ခွဲ အုပ်ချုပ်ရပါတယ်။ ဒါမှလည်း နိုင်ငံတော်ရဲ့ စနစ်ကျတဲ့ စီမံခန့်ခွဲမှုအဆင့်တွေကို မြေက အခြေပြုတဲ့အတွက်ကြောင့် ဒါတွေ အောင်မြင်စွာ သုံးစွဲနိုင်မယ့်အနေအထားဖြစ်ပါတယ်။ သူတို့ကို နုတ်ပယ်လိုက်တဲ့အတွက်ကြောင့် တိုင်းရင်းသားလူမျိုးတွေကလည်း သူတို့ရဲ့ စိုးရိမ်ပူပန်မှုတွေ လျော့ပါးသွားနိုင်သလို၊ မရှိနိုင်တော့သလို ကျွန်တော်တို့ဘက်ကလည်း မြေလွတ်မြေရိုင်းတွေ ချထားမယ်ဆိုရင် ဒီမြေတွေကို ရှောင်လွှဲပြီးတော့ ချထားတဲ့ စနစ်မျိုးဖြစ်အောင် ကျွန်တော်တို့အနေနဲ့ ဆက်ပြီးတော့ ဆောင်ရွက်မှာဖြစ်ပါတယ်။ သူတို့အနေနဲ့ကလည်း မိမိတို့ရဲ့ ရိုးရာအနေနဲ့ပဲ ပြောပြော၊ ဘာသာရေးအနေနဲ့ပဲပြောပြော၊ ဓလေ့ထုံးစံအနေနဲ့ပဲပြောပြော ရယူထားတဲ့ မြေတွေနဲ့ပတ်သက်ပြီး အသုံးပြုမှုကို အစိုးရက သိအောင် လုပ်ရမယ့် အနေအထားတွေ ရှိပါတယ်။ ဒါတွေက နောက်ပိုင်းကျတော့ တစ်ဆင့်ချင်းလုပ်သွားမှာပါ။ အဲဒီလိုလုပ်မှပဲ အသိအမှတ်ပြုမှာပါ။ နိုင်ငံတော်ကလည်း ဒါကို ပြန်တမ်းသဖွယ်ထုတ်ပြီးတော့ အသိအမှတ်ပြုမှပဲ စာရင်းဇယားဆိုတာ ခိုင်မြဲမှာပါ။ စာရင်းဇယား တိကျမှန်ကန်မှသာလျှင် နိုင်ငံတော်ရဲ့ စီမံခန့်ခွဲမှုစနစ်ကလည်း ကောင်းမွန်တဲ့ အနေအထားဖြစ်မှာဖြစ်ကြောင်း ကျွန်တော့် အနေနဲ့ ရှင်းလင်းပြောကြားလိုပါတယ်။

**ဟန်လင်းနိုင်**

---

*စာမျက်နှာ ၁၀ မှ*

### online e-Visa စနစ် ၂၀၁၄ ခုနှစ်ကစတင်

မြန်မာနိုင်ငံ၏ online e-Visa စနစ်ကို ၂၀၁၄ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး e-Visa (Tourist) ဖြင့် နိုင်ငံပေါင်း ၁၀၀ နှင့် e-Visa (Bussiness) ဖြင့် နိုင်ငံပေါင်း ၅၅ နိုင်ငံအား ခွင့်ပြုပေးခဲ့ပါကြောင်း၊ ထပ်မံ၍ Express e-Visa (Tourist) အား ၂၄ နာရီအတွင်း ထပ်မံခွင့်ပြုဆောင်ရွက်ခဲ့ရာ e-Visa စနစ် စတင်ဆောင်ရွက်ချိန်မှ ယခုကာလအထိ နိုင်ငံခြားသားခရီးသည် ၁၁၄၇၈၅၇ ဦးတို့ကို ခွင့်ပြုပေးခဲ့ပါကြောင်း။

မြန်မာနိုင်ငံသားဟောင်းများအား မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုခဲ့ရာ ယခုအချိန်ထိ စုစုပေါင်း ၂၁၁ ဦးအား မြန်မာနိုင်ငံသားအဖြစ် ပြန်လည်ခံယူခွင့်ပြုပေးနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့် (PR) စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ PR စနစ် စတင်ချိန်မှ ယခုထိ ခွင့်ပြုပြီးသူ ၄၈၀ ရှိပြီဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးအတွက် တောင်ပြို(ဝဲ)နှင့် ငါးခူရ ပြန်လည်လက်ခံရေးစခန်းနှစ်ခု ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

### နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ခဲ့

နိုင်ငံအတွင်းနေထိုင်သည့် ပြည်သူများအားလုံး ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးနိုင်ရေးအတွက် ဖြေလျှော့မှုနည်းလမ်းများကိုအသုံးပြု၍ သစ္စာစီမံချက်ဖြင့် အစိုးရသစ်၏ (၃)နှစ်တာကာလအတွင်း ပြည်သူ ၆၇၆၂၀၁၃ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ (၃)နှစ်တာကာလအတွင်း ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများနှင့် အလုပ်သမားများကို ၎င်းတို့ရောက်ရှိသည့် ဒေသမှာပင် အိမ်ထောင်စု ၄၄၇၆၇ စုအား အိမ်ထောင်စု လူဦးရေစာရင်းထုတ်ပေးနိုင်ခဲ့ပြီး ရွှေ့ပြောင်းနေထိုင်သူ ၁၆၈၂၅ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ ဒေသအသီးသီးရှိ စာသင်ကျောင်းများမှာ အသက်ပြည့်မီသူ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၁၃၂၄၁၂ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ပါကြောင်း။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၄ မြို့နယ်မှ စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများမှ အလုပ်သမားများအား သစ္စာစီမံချက်ဖြင့် လုပ်ငန်းခွင်မပျက် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ လုပ်သား ၈၄၈၃ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံအတွင်းနေထိုင်သူများအနက် နိုင်ငံသားစိစစ်မှုခံယူရန် လိုအပ်သူများအား ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးဆောင်ရွက်လျက်ရှိရာ အစိုးရ၏ (၃)နှစ်တာကာလအတွင်း စုစုပေါင်း ၆၇၆၉၉ ဦးအား NV Card ထုတ်ပေးခဲ့ပါကြောင်း။

### ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူသွားမည်

၂၀၂၄ ခုနှစ်တွင် နောက်တစ်ကြိမ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ထပ်မံမကောက်ယူမီ လျင်မြန်စွာပြောင်းလဲနေသည့် လူမှုစီးပွားရေးဆိုင်ရာ အကြောင်းအရာများကို လေ့လာသုံးသပ်ရန်နှင့် စာရင်းအင်းလိုအပ်ချက်များကို အချိန်နှင့် တစ်ပြေးညီ ဖြည့်ဆည်းရန်အတွက် ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူသွားမည်ဖြစ်ပြီး ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

တက်ရောက်လာကြသည့် သတင်းမီဒီယာများက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ပြီးခဲ့သည့် သင်္ကြန်ကာလက ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လာကြသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများထံမှ မြန်မာဘက်မှ ဘတ် ၁၀၀ ကောက်ခံခဲ့မှုနှင့် အရေးယူသွားမည့် အခြေအနေ၊ လာမည့်နှစ်တွင် ကိုရီးယားနိုင်ငံသို့ မြန်မာလုပ်သားများ စေလွှတ်ရေးဆောင်ရွက်သွားမည့် အခြေအနေ၊ ၂၀၁၈ ခုနှစ်အတွင်း အများပြည်သူရုံးပိတ်ရက်များတွင် အလုပ်ဆင်းခိုင်းသည့် အမှုအရေအတွက်နှင့် အရေးယူဆောင်ရွက်ခဲ့မှု၊ အမည်မည်းစာရင်းမှ ပယ်ဖျက်ပေးခဲ့သည့် နိုင်ငံသားနှင့် နိုင်ငံခြားသားအရေအတွက်နှင့် ကျင့်သုံးလျက်ရှိသည့် မူဝါဒ၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား အရေးယူခဲ့မှု၊ ယခုနှစ်တွင် အရေးယူခဲ့သည့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဝန်ထမ်းအရေအတွက်၊ ဝန်ထမ်းများထံမှ လူမှုဖူလုံရေးကြေးဖြတ်တောက်မှုနှင့် ဝန်ဆောင်မှုအခြေအနေ၊ အနိမ့်ဆုံး လုပ်ခလစာကို ၂ နှစ်တစ်ကြိမ် ပြန်လည်သုံးသပ်သတ်မှတ်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်းများကို မေးမြန်းကြရာ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ အမြဲတမ်းအတွင်းဝန် ဦးအေးလွင်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**ထွန်းနန္ဒာ**

---

## လောက်ကိုင်မြို့နယ်တွင် ရွှေ့လျားဝန်ဆောင်မှုပေး

**လောက်ကိုင် မေ ၃၁**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ထင်ပါကျိုင်းကျေးရွာအုပ်စု ဆီအောကျေးရွာ၌ ယမန်နေ့က မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shops - OSS) ရွှေ့လျားဝန်ဆောင်မှုဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် လောက်ကိုင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းမောင်က OSS လုပ်ငန်းစဉ်များ၊ OSS ရုံးတွင် ပါဝင်သည့် ဌာနတာဝန်ခံများက မိမိတို့ဌာနအလိုက် ဆောင်ရွက်ပေးသည့် လုပ်ငန်းများအား ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒေသခံများအား မှတ်ပုံတင်ကတ်ထုတ်ပေးခြင်း၊ အိမ်ထောင်စုမိတ္တူထုတ်ပေးခြင်း၊ အိမ်ထောင်စုဇယားတွင် မွေး/တိုး ဖြည့်သွင်းခြင်း၊ မွေးလက်မှတ်ပေးခြင်းနှင့် သေဆုံးလက်မှတ်ထုတ်ပေးခြင်းများကို မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံး၏ ရွှေ့လျားဝန်ဆောင်မှုအဖြစ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သိခ်**

---

✪ *ကျော်ဖုံးမှ*

ယခုရာသီတွင် အသင်းများ၏ ရမှတ်ကွာဟမှုမရှိဘဲ ထိပ်ဆုံးမှ ရှမ်းယူနိုက်တက်နှင့် အဆင့် ၆ နေရာမှ ရောဝတီအသင်းတို့၏ အမှတ်ကွာဟမှုမှာ သုံးမှတ်သာရှိသောကြောင့် ဒုတိယအကျော့ပွဲစဉ်များမှာ အကြိတ်အနယ်ရှိဖွယ်ရှိနေသည်။ အမှတ်ပေးပြိုင်ပွဲကို ၁၁ ကြိမ်မြောက် ကျင်းပနေခြင်းဖြစ်ပြီး ရန်ကုန်အသင်းက ငါးကြိမ်၊ ရတနာပုံအသင်းက လေးကြိမ်နှင့် ရှမ်းယူနိုက်တက်အသင်းက တစ်ကြိမ် ဗိုလ်စွဲထားသည်။ **ညီမြတ်သော်တာ**

---

■ *ကျော်ဖုံးမှ*

မြန်မာ ယူ-၂၂ အသင်းသည် မေ ၂၁ ရက်မှစ၍ လေ့ကျင့်မှုပြုလုပ်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ကျင်းပနေသည့်ကာလဖြစ်သောကြောင့် ရက်အနည်းငယ်သာ လူစုံလေ့ကျင့်နိုင်ခဲ့ပြီး တောင်ကိုရီးယားကလပ် ပိုဟန်စတီးလားစ်အသင်းနှင့် ခြေစမ်းပွဲအပြီးတွင်လည်း ဆီမီးဖိုင်နယ်ကစားရမည့် သက်ဆိုင်ရာ ကလပ်အသင်းများသို့ ပြန်လည်စေလွှတ်ပေးခဲ့သောကြောင့် ဇွန် ၃ ရက်မှသာ လူစုံလေ့ကျင့်နိုင်မည်ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ဗီယက်နမ်နှင့်ခြေစမ်းပွဲကို ကစားသမား ၂၀ ဖြင့် ယှဉ်ပြိုင်မည်ဖြစ်သောကြောင့် ပဏ္ဍာမခြောက်ဦး လျှော့ချရမည်ဖြစ်ပြီး ရက်ပိုင်းအတွင်း အပြီးသတ်လူစာရင်း ထုတ်ပြန်ဖွယ်ရှိနေသည်။ မြန်မာနှင့် ဗီယက်နမ် ယူ-၂၂ အသင်းသည် ဇွန် ၇ ရက်တွင် ဗီယက်နမ်နိုင်ငံ၌ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းတွင် **ဂိုးသမား-**ဆန်းဆက်နိုင် (ရန်ကုန်)၊ ဘုန်းသစ္စာမင်း (ရှမ်းယူနိုက်တက်)၊ စိုးအာကာ(မကွေး)၊ **နောက်တန်း-**ကျော်သူထွန်း (မကွေး)၊ ရဲရင့်အောင် (ရတနာပုံ)၊ ရဲမင်းသူ၊ ဟိန်းဖြိုးဝင်း၊ ဖွဲ့ထက်မင်း (ရှမ်းယူနိုက်တက်)၊ သူရိန်စိုး (ရန်ကုန်)၊ ဇင်ရဲနောင်(အား/ကာသိပ္ပံ)၊ စည်သူမိုးခန့်(ယူ-၁၈)၊ **အလယ်တန်း-**လွင်မိုးအောင်၊ နန်းထိုက်ဇော်(ရောဝတီ)၊ မြတ်ကောင်းခန့်၊ အောင်နိုင်ဝင်း (ရတနာပုံ)၊ ကျော်မျိုးနိုင်(အား/ကာသိပ္ပံ)၊ ကောင်းထက်စိုး(ရန်ကုန်)၊ စိုးလွင်လွင်၊ နေမိုးနိုင်၊ ဇင်မင်းထွန်း (မကွေး)၊ **ရှေ့တန်း-**ဟိန်းထက်အောင် (ဟံသာဝတီ)၊ ဝင်းနိုင်ထွန်း(ရတနာပုံ)၊ ထက်ဖြိုးဝေ၊ စအောင်ပြည့်ကို(ရှမ်းယူနိုက်တက်)နှင့် အောင်ကောင်းမာန်(ရောဝတီ) တို့ ပါဝင်ကြသည်။ **ညီမြတ်သော်တာ**

---

## မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ အနောက်တောင်မုတ်သုံလေ ဝင်ရောက်နိုင်

**နေပြည်တော် မေ ၃၁**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများသို့ ဝင်ရောက်နိုင်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် မုတ်သုံလေ အားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

# ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် နှစ်စဉ်လူ ရှစ်သန်းကျော်သေဆုံးလျက်ရှိ

**နေပြည်တော် မေ ၃၁**

ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် နှစ်စဉ်လူဦးရေ ရှစ်သန်းကျော်သေဆုံးနေပြီး ၎င်းတို့အထဲတွင် တစ်ပါးသူ၏ ဆေးလိပ်ငွေ့ကို ရှူရှိုက်ရသောကြောင့် သေဆုံးသူ တစ်သန်းခန့် ပါဝင်ကြောင်း ယနေ့ နံနက်ပိုင်းက နေပြည်တော်တွင် ကျင်းပသည့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အခမ်းအနားမှ သိရသည်။

"ဆေးလိပ်ငွေ့အန္တရာယ်ကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံတွေမှာ နှစ်စဉ် လူရှစ်သန်းခန့် သေဆုံးနေပါတယ်။ ကိုယ်တိုင်ဆေးလိပ်သောက်လို့ သေဆုံးနေရတာတွေ၊ ရောဂါဖြစ်ပွားနေတာတွေရှိသလို တစ်ဆင့်ခံဖြစ်တဲ့ ဆေးလိပ်သောက်သူရဲ့ မီးခိုးငွေ့တွေကို ရှူရှိုက်မိပြီး သေဆုံးနေရတာတွေရှိသလို ရောဂါဝေဒနာတွေ ခံစားနေရတာတွေလည်း အများကြီးရှိပါတယ်"ဟု ပြည်သူ့ကျန်းမာရေးဦးစီးဌာန မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်ကံကောင်းက ပြောသည်။




### အန္တရာယ်များကို သတိပေး

ယနေ့ကျရောက်သည့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ကို နေပြည်တော်တွင် ကျင်းပခဲ့ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အမှာစကားပြောကြားခဲ့သည်။ **(ယာပုံ)** အဆိုပါ အခမ်းအနားကို မြန်မာနိုင်ငံရှိ ပြည်သူများ ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှုနှင့် ဆက်စပ်နေသည့် အန္တရာယ်များကို သတိပေးနိုင်ရန်နှင့် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှု လျော့ကျစေရန်နှင့် ထိရောက်သည့် နည်းဗျူဟာ၊ မဟာဗျူဟာများ ချမှတ်အကောင်အထည်ဖော်နိုင်စေရန် ရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်သည်။

ဆေးလိပ်သောက်သုံးခြင်းမရှိသော အများပြည်သူများ တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူရှိုက်နေရခြင်းကြောင့် ရောဂါရရှိမှုကို ကာကွယ်နိုင်ရန်အတွက် ဆေးလိပ်ကင်းစင်နယ်မြေများ သတ်မှတ်ဖော်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ ဒေါက်တာကျော်ကံကောင်းက "ဆေးလိပ်မသောက်သူတွေ ဆေးလိပ်ငွေ့ မရှူမိစေဖို့ ဆေးလိပ်ကင်းစင်နယ်မြေတွေ သတ်မှတ်ပြီး လုပ်ဆောင်နေတာတွေရှိပါတယ်။ အောင်မြင်မှုလည်း ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပိုအောင်မြင်ဖို့က ကျွန်တော်တို့ ဌာနဆိုင်ရာတွေကပဲ ဆေးလိပ်ကင်းစင်နယ်မြေ သတ်မှတ်ဖို့ ညွှန်ကြားနေလို့မရပါဘူး။ မိမိဒေသမှာ ဆေးလိပ်ကင်းစင်နယ်မြေ ထူထောင်ဖို့ ကြိုးစားကြဖို့လည်း လိုပါတယ်။ ဆေးလိပ်ကင်းစင်တဲ့ နယ်မြေကို ကိုယ့်ရဲ့ Own Initiate နဲ့ လုပ်မယ်ဆိုရင် ကျွန်တော်တို့ ဌာနဆိုင်ရာတွေအနေနဲ့လည်း အကူအညီတွေ ပေးသွားမှာပါ"ဟု ပြောသည်။

### ကျောင်းသားအရွယ်ကလေးတွေ ဆေးလိပ်သောက်ကြ

မြန်မာနိုင်ငံရှိ ၁၃ နှစ်မှ ၁၅ နှစ်ကြား ကျောင်းသားလူငယ်များ ဆေးလိပ်သောက်သုံးမှုနှင့်စပ်လျဉ်း၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျောင်းကျန်းမာရေးဦးစီးဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာစိုးမင်းဦးက "ကျွန်တော်တို့နိုင်ငံမှာ ကျောင်းသားအရွယ် လူငယ်တွေမှာ ဆေးလိပ်သောက်သုံးမှု ဘယ်လောက်ရှိတယ်ဆိုတာကို Monitoring လုပ်တဲ့ Survey ကို ၂၀၀၇ ခုနှစ်မှာ တစ်ကြိမ်၊ ၂၀၁၆ ခုနှစ်မှာ တစ်ကြိမ် လုပ်ခဲ့ပါတယ်။ အချက်အလက်တွေအရဆိုရင် ၁၃ နှစ်ကနေ ၁၅ နှစ်အရွယ် ကျောင်းသားအရွယ် ကလေးတွေမှာ ယောကျ်ားလေး ၂၁ ရာခိုင်နှုန်းက ဆေးလိပ်သောက်ကြတယ်။ မိန်းကလေးတွေမှာလည်း ၂ ရာခိုင်နှုန်းကျော်ကျော်က ဆေးလိပ်သောက်ကြတယ်။ သောက်နေတဲ့ ပမာဏကို ကြည့်ရင် ၁၃ နှစ်ကနေ ၁၅ နှစ်အရွယ် ကလေး ငါးယောက်မှာ တစ်ယောက်က ဆေးလိပ်နဲ့ ဆေးရွက်ကြီးပါတဲ့ ကွမ်းစားသုံးနေတာကို တွေ့ရပါတယ်။ ၂၀၀၇ တုန်းက ကျွန်တော်တို့နိုင်ငံမှာ ၁၃ နှစ်ကနေ ၁၅ နှစ်ကြား ကလေးတွေ ဆေးလိပ်သောက်သုံးတဲ့ ရာခိုင်နှုန်းက ၆ ဒသမ ၆ ရာခိုင်နှုန်းပဲရှိတယ်။ တစ်ရာမှ ခြောက်ယောက်ပဲ ဆေးလိပ်သောက်ရာကနေ ၂၀၁၆ မှာ ၁၅ ရာခိုင်နှုန်းလောက်က ဆေးလိပ်သောက်တာကို တွေ့ရတယ်"ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "ကျွန်တော်တို့နိုင်ငံမှာ ဆေးလိပ်မသောက်ဖို့ ဥပဒေတွေ၊ Action တွေ၊ Activity တွေ လုပ်နေပေမယ့် လိုအပ်နေတဲ့ အရေးယူဆောင်ရွက်မှုတွေလုပ်တာ အားနည်းနေပါသေးတယ်။ ဒီထက်ပိုပြီး အားထုတ်ဆောင်ရွက်ရဦးမယ်ဆိုတာကို တွေ့မြင်နေရပါတယ်"ဟု ပြောသည်။

### ဝိုင်းဝန်းဆွေးနွေး

ဆက်လက်၍ ၎င်းက "ဒါကြောင့် ကျွန်တော်တို့ ကျောင်းကျန်းမာရေးဌာနခွဲက အဓိက Focus အနေနဲ့ တာဝန်ယူပြီးတော့ မကြာခင်မှာ National Level Seminar လုပ်ဖို့ ရှိပါတယ်။ အဲဒီ National Level Seminar မှာ ကျောင်းတွေမှာရှိတဲ့ ကလေးတွေ ဆေးလိပ်ကို စပြီးစမ်းမသောက်နိုင်အောင် မိဘတွေနဲ့ ကျောင်းတွေကနေ ဘာတွေလုပ်ပေးမလဲ။ ကလေးတွေ ကိုယ်တိုင်ကလည်း ဒီအလေ့အကျင့်ကို မစွဲသွားအောင် ဘယ်လိုလုပ်မလဲ။ ဒီလိုဖြစ်နိုင်တဲ့ ပတ်ဝန်းကျင်ကို ဘယ်လိုဖန်တီးပေးမလဲ။ ကလေးတစ်ယောက်က ဘေးအန္တရာယ်ကင်းရမယ်။ ဆေးလိပ်ငွေ့အပါအဝင် မူးယစ်ဆေးတွေ၊ Alcohol ၊ သူ့ရဲ့ Active Lifestyle တွေအကုန်လုံး Safe ဖြစ်ပြီး ပိုပြီးကျန်းမာတဲ့၊ နိုင်ငံအတွက်၊ အနာဂတ်အတွက် ကျန်းမာသန်စွမ်းတဲ့ လူငယ်လူရွယ်တွေ ပေါ်ထွန်းလာဖို့ ရည်ရွယ်ပြီးတော့ Seminaries လုပ်ဖို့ရှိတယ်။ အဲဒီ Seminar မှာလည်း နီးနွယ်တဲ့ဌာနတွေ၊ ပညာရှင်တွေအားလုံးက ကျောင်းတွေကို အခြေပြုပြီးတော့ ဆေးလိပ်အပါအဝင် အန္တရာယ်ဖြစ်စေတဲ့ အမူအကျင့်တွေကို မစဖို့၊ နည်းပါးသွားဖို့ ဘယ်လိုလုပ်မလဲဆိုတာ ဝိုင်းဝန်းဆွေးနွေးပြီးတော့ Action Plan တွေထွက်သွားအောင် ကျွန်တော်တို့ လုပ်ဖို့ ရည်ရွယ်ထားပါတယ်"ဟု ပြောသည်။

**ဟန်လင်းနိုင်**

# စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှု မင်းဘူးမြို့တွင် ပြုလုပ်

**မင်းဘူး မေ ၃၁**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ မန်းရေနံမြေတွင် ရေနံတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် MPRL E & P Pte Ltd. ၏ CSR လုပ်ငန်းအစီအစဉ်အရ မန်းရေနံမြေ ဒေသခံပြည်သူများအတွက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိရာ မန်းရေနံမြေဒေသခံပြည်သူများ၊ အမှိုက်ကောက် သူရဲကောင်းအဖွဲ့ - မင်းဘူး (Trash Hero Minbu) နှင့် ပူးပေါင်း၍ မင်းဘူးမြို့တွင်း သတ်မှတ်နေရာများတွင် အမှိုက်ကောက်လှုပ်ရှားမှုကို ယမန်နေ့က မင်းဘူးမြို့တွင် ပြုလုပ်သည်။



မင်းဘူး၌ စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှု ပြုလုပ်စဉ်။

အဆိုပါ အမှိုက်ကောက်လှုပ်ရှားမှု အစီအစဉ်သို့ Trash Hero Myanmar ၏ ဌာနေကိုယ်စားလှယ်နှင့်အတူ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၁)နှင့် (၂) ၊ မင်းဘူး (စကု)မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မန်းရေနံမြေ အထွေထွေမန်နေဂျာနှင့် ဌာနမှူးများ၊ MPRL E&P Pte Ltd. နှင့် Myint & Associates Co., Ltd. တို့မှ မန်းရေနံမြေရုံးအသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၊ CSR ဝန်ထမ်းများ၊ ဒေသခံစေတနာ့ဝန်ထမ်းများ၊ ကျေးရွာ ရှစ်ရွာမှ အမှိုက်ကောက်သူရဲကောင်းများ၊ မင်းဘူးမြို့နယ်စည်ပင်သာယာရေးကော်မတီ နှင့် မီးသတ်ဦးစီးဌာနတို့မှ တာဝန်ရှိသူများ ပူးပေါင်းပါဝင်ခဲ့သည်။

MPRL E & P အနေဖြင့် ရေနံမြေတစ်ခွင် သန့်ရှင်းသာယာရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ရေရှည်ဆောင်ရွက်နိုင်မည့် အစီအမံများဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ မန်းရေနံမြေဒေသခံများ ဦးဆောင်သည့် ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းစနစ်ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် မင်းဘူးမြို့နယ်စည်ပင်သာယာ နယ်နိမိတ်တွင် မပါရှိသော ကျေးရွာ ရှစ်ရွာတွင် ကနဦးစီမံချက်အဖြစ် စတင်ခဲ့သည်။ မတ်လမှ စတင်၍ အဆိုပါစီမံချက်ကို ရာနှုန်းပြည့် အကောင်အထည်ဖော်နိုင်ရန် MPRL E & P က ပံ့ပိုးခြင်းဖြင့် မင်းဘူးမြို့နယ်စည်ပင်သာယာနယ်နိမိတ်အတွင်း မပါရှိသည့် မန်းရေနံမြေနှင့် ထိစပ်ကျေးရွာ ကျေးရွာ ၁၂ ရွာတွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းစနစ် ကနဦးစတင်သည့် စီမံချက်ကာလအတွင်း မန်းရေနံမြေတစ်ခွင်တွင် စွန့်ပစ်အမှိုက်ကင်းစင်ရေး လှုပ်ရှားမှုများ ဆက်တိုက်ဆောင်ရွက်ခဲ့ရာ ယနေ့ ညနေပိုင်းတွင် အမှိုက်ကောက်သူရဲကောင်းအဖွဲ့ - မင်းဘူးနှင့် ပူးပေါင်း၍ မကြီးချောင်းမှ မန်းရေနံမြေအဝင်အထိ စုစုပေါင်း အင်အား ၄၀၀ ကျော်ဖြင့် အမှိုက် စုစုပေါင်း ၅ ဒသမ ၈၉ တန် အထိ ကောက်ယူရှင်းလင်းနိုင်ခဲ့သည်။

မြန်မာနိုင်ငံရှိ ကုန်းတွင်းရေနံထုတ်လုပ်သည့် ရေနံမြေများတွင် ရေနံအထွက်တိုးရေး လုပ်ငန်းစီမံချက်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ထုတ်ပေးသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ကို ပထမဆုံးရရှိသည့် ရေနံမြေဖြစ်သည်။ ထို့ပြင် မန်းရေနံမြေတွင် လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်လျက်ရှိသည့် MPRL E & P သည် ကုန်းတွင်းနှင့် ကမ်းလွန်ရေနံလုပ်ကွက်များတွင် ရေနံတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများကို တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသားပိုင် မြန်မာစွမ်းအင်ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မန်းတွင် ကျင်းပမည့် ပွဲများ

### ကမ္ဘာ့ခြေခွင်ကလေးများနေ့အထိမ်းအမှတ်အခမ်းအနား

ကမ္ဘာ့ခြေခွင်ကလေးများနေ့အထိမ်းအမှတ်အခမ်းအနားကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၆၂ လမ်းပေါ်ရှိ ခုတင်(၅၀၀) အရိုးရောဂါအထူးကုဆေးရုံကြီး ခြေခွင်ကလေးဌာန၌ ဇွန် ၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။

### နိုင်ငံတကာပညာရေးပြပွဲနှင့် ပညာရေးဆွေးနွေးပွဲ

နိုင်ငံတကာပညာရေးပြပွဲနှင့်ပညာရေးဆွေးနွေးပွဲကို မန္တလေးမြို့ ၂၆လမ်းပေါ်ရှိ Mandalay Swan Hotel ၌ ဇွန် ၈ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### သမဝါယမကောလိပ်(မန္တလေး) အာစရိယပူဇော်ပွဲ

သမဝါယမကောလိပ်(မန္တလေး)ကျောင်းသား ကျောင်းသူဟောင်းများ စုပေါင်း၍ ဆဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ သမဝါယမကောလိပ်(မန္တလေး)၌ ဇွန် ၁၆ ရက် နံနက် ၈ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

### စားသောက်ကုန်ဈေးရောင်းပွဲတော်

စားသောက်ကုန်ဈေးရောင်းပွဲတော်ကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် Mandalay New Ocean ၌ ဇွန် ၂၉ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

**သန်းဇော်မင်း(ပြန်/ဆက်) စုစည်းတင်ပြသည်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၃၁**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မိုး/ဇလ**

# မြေပုံမြို့နယ် ရန်ကုန်-စစ်တွေကားလမ်းမကြီးပေါ်၌ ခရီးသည်တင်ယာဉ်တစ်စီး AA အဖွဲ့ထောင်ထားသည့် မြေမြှုပ်မိုင်းအား နင်းမိ ပေါက်ကွဲ



**နေပြည်တော် မေ ၃၁**

မြေပုံမြို့နယ် ကြာအင်းတောင်ကျေးရွာအနီး ရန်ကုန် - စစ်တွေသွားကားလမ်း မိုင်တိုင်အမှတ် (၆၉/၇၀)အကြား စစ်တွေမြို့မှ ရန်ကုန်မြို့သို့ထွက်ခွာလာသည့် "ရွှေမန်းရတနာ" ခရီးသည်တင်မှန်လုံယာဉ်သည် ယနေ့ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် AA အဖွဲ့ထောင်ထားသည့် မြေမြှုပ်မိုင်းအား နင်းမိပေါက်ကွဲခဲ့ရာ ယာဉ်အနည်းငယ်ပျက်စီးပြီး (ဝဲပုံ) ယာဉ်ပေါ်ပါသူများ ထိခိုက်ဒဏ်ရာ ရရှိခြင်းမရှိခဲ့ကြောင်း သိရသည်။

**ခရီးသည်များအား အခြားယာဉ်တစ်စီးဖြင့် ပို့ဆောင်**

ယာဉ်ပေါ်ပါ ခရီးသည်များအား အခြားယာဉ်တစ်စီးဖြင့် ပို့ဆောင်နိုင်ရေး ဆောင်ရွက်ခဲ့ကြောင်းမြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်း ရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၁-၆-၂၀၁၉ (စနေနေ့)

**နံနက်ပိုင်း**

၆:၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၇:၃၅ - အပူဒဏ်အန္တရာယ် ကာကွယ်ရေး
၁၀:၃၀ - မုန်တိုင်းကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်
၁၀:၃၅ - လုံမမှတ်စု(၈၉)
၁၂:၃၅ - မြန်မာဇာတ်လမ်းတွဲ "သူ" (အပိုင်း-၁၈)
၁၃:၄၅ - ဟိုးတုန်းက...ကက်ဆက်ဇာတ်လမ်းများ " အရုပ်မျက်နှာ ရှာပုံတော်" (သီတာလင်း၊ စောမြတ်နိုး၊ စောယုနန္ဒာ၊ အာဒံဦး) ဒါရိုက်တာ-သီတာလင်း
၁၅:၀၀ - လျှပ်စစ်ဓာတ်အားသုံးစွဲမှု သတိပြု

**ညပိုင်း**

၁၆:၂၀ - လျှောင်ဘေးဒဏ် ရင်ဆိုင်တုံ့ပြန်နိုင်ဖို့ ကြိုတင်ပြင်ဆင်ကာကွယ် ကြပါစို့(ရုပ်ကွက်)
၁၇:၀၅ - " ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ " (၁၀၅)
၁၇:၁၅ - ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
၁၇:၃၅ - "သားအိမ်ခေါင်းကင်ဆာ အကြိုစစ်ဆေးခြင်း"
၁၉:၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ " မဟာကာလီ" (အပိုင်း-၁၀၆)
၂၀:၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ
၂၀:၃၅ - ရာဇဝင်ထဲကသမိုင်း အနုပညာ "ရတနာပုံနန်းမြို့ မတည်မီကတည်းက တည်ရှိခဲ့သောဘုရားများ" (လောကမဏိစူဠာဘုရား၊ ကျွဲဆည်ကန်ဘုရားများ)
- မြန်မာ့အငြိမ့်သဘင် ရေစီးကြောင်း " မန္တလေးအငြိမ့်" (မင်းသမီး-ချယ်ရီစိန်၊ ယုဝတီ၊ လူရွှင်တော်-ပေါစိန်၊ ထင်ပေါ်၊ ဂျာအေး) ဒါရိုက်တာ-ဇာဂနာ

# မောင်တောမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၅၀၀၀ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၃၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲက စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀၀နှင့် ညနေ ၆ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြား ၄၇၅၀၀၊ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၄၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မောင်တောခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ မေ ၃၀ ရက် မွန်းလွဲ ၁၂ နာရီခွဲက မောင်တောမြို့နယ် ဂုံးနား ကျေးရွာနေ မစီနာရ်(၃၄နှစ်)၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀၀ သိမ်းဆည်းရမိခဲ့သည်။

၎င်းအား စစ်မေးရာ မူးယစ်ဆေးဝါးများအား မောင်တောမြို့နယ် လက်သာအောက်ကျေးရွာနေ အမျိုးသားတစ်ဦး (စိစစ်ဆဲ)က လာရောက်အပ်နှံထားခြင်း ဖြစ်ကြောင်း ထွက်ဆိုသဖြင့် မစီနာရ်ကို မောင်တောမြို့မရဲစခန်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

အလားတူ အမှတ် (၄) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ခွဲ၊ လှဘော်ဇာ ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယင်းနေ့ ညနေ ၆ နာရီခွဲတွင် မောင်တောမြို့နယ် မောင်တော - လှဖိုးခေါင် ကားလမ်း လှဘော်ဇာ ရဲကင်းစခန်းရှေ့၌ မောင်တောမြို့နယ် (၂) ရပ်ကွက်နေ နူရ်မာမက် မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရန် တားဆီးစဉ် မောင်းနှင်ထွက်ပြေးသွား၍ လိုက်လံဖမ်းဆီးရာ ကျွဲတားပြင်ကျေးရွာပျက်အနီး ပုစွန်ကန်ဘေး၌ စိတ်ကြွရူးသွပ်ဆေးပြား ၄၇၅၀၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် နူရ်မာမက်ကို ပြင်ဖြူနယ်မြေ ရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ ရေမိုင်လှည့်ကင်း ဆောင်ရွက်

**နေပြည်တော် မေ ၃၁**

မောင်တောမြို့နယ် နယ်မြေ(၇) မကျီးချောင်းချောင်းဝရဲကင်းစခန်းမှ ဒုရဲမှူး နိုင်အောင်သူ ဦးစီးသည့် ရေယာဉ်တပ်ဖွဲ့စု (မောင်တော)မှ ငါးမန်းအမြန်သွား တိုက်ခိုက်ရေး ရေယာဉ်အမှတ် (၀၀၆)ပါ နှစ်စင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၂) နယ်ခြားစောင့်တပ် Shahparirdip BOP ကင်းစခန်းမှ Subedar MD, Nur E Allam ဦးဆောင်သည့် စက်တပ်ရေယာဉ် နှစ်စင်း၊ စုစုပေါင်း လေးစင်းတို့သည် မေ ၃၀ ရက် နံနက်ပိုင်းက မကျီးချောင်းချောင်းဝထိပ်၊ ရေမိုင်အမှတ် (၂)အနီးမှ ကညင်ချောင်း ချောင်းဝထိပ်၊ ရေမိုင်အမှတ် (၅) အနီးအထိ နတ်မြစ်ကြောင်းအတိုင်း နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ ရေမိုင်ကင်းလှည့်ခဲ့ပြီး ရေယာဉ်အမှတ် (၀၀၆)ပေါ်၌ နှစ်ဖက်ကင်းလှည့် သည့်အဖွဲ့များ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ရဲပြန်ကြား**

# နာရီ ၄၀ ကြာ စုံစမ်းဖော်ထုတ်သည့် လူသတ်မှု ကျူးလွန်သူမှာ အစ်ကိုရင်း ဖြစ်နေ

**သထုံ မေ ၃၁**

မွန်ပြည်နယ် သထုံမြို့နယ် ကော့သန်ကျေးရွာလယ်တဲအတွင်း လည်ပင်းတွင် ထိုးသွင်းဒဏ်ရာဖြင့် ညီဖြစ်သူ သေဆုံးနေကြောင်း အစ်ကိုဖြစ်သူက တရားလိုပြုလုပ်၍ တိုင်တန်းမှုအား ရဲတပ်ဖွဲ့ဝင်များက နာရီ ၄၀ အတွင်း စုံစမ်းဖော်ထုတ်ခဲ့ရာ သတ်သူမှာ တရားလိုဖြစ်နေကြောင်း မေ ၃၁ ရက်က သထုံမြို့မ ရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ သထုံမြို့နယ် လိပ်အင်းရပ်ကွက် အုန်းခြံလမ်းနေ ဇော်မျိုး (ခ) မျိုးထွန်း (ခ) ဂျီဝါးက မေ ၂၉ ရက် နံနက် ၁ နာရီခန့်တွင် ညီဖြစ်သူ ဇော်ထူး၏ လည်ပင်းအား ဓားဖြင့်ထိုးသတ်သွားသည်ကို တွေ့ရှိရပြီး ၎င်း၏ အစ်ကိုဖြစ်သူများအား ဖုန်းဖြင့် အကြောင်းကြားကာ သထုံမြို့မရဲစခန်းတွင် အမှုဖွင့်လှစ်ခဲ့သည်။

လူသတ်မှုအား ပြည်နယ်၊ ခရိုင်နှင့် သထုံမြို့မစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သီဟအောင် ပူးပေါင်းပါဝင်သော စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးချက်အရ သေဆုံးသူ ဇော်ထူးက ဇော်မျိုးနှင့် ၎င်း၏ ဇနီးဖြစ်သူ မဖြူတို့ နေထိုင်မှု မသင့်သဖြင့် မဖြူ (ခ) ကရနီးအား ဆဲဆိုခြင်းကြောင့် မေ ၈ ရက် ည ၁၀ နာရီခန့်က ဇော်မျိုး (ခ) မျိုးထွန်း (ခ) ဂျီဝါးက စတီးဓားဖြင့် တဲအတွင်း ဝင်၍ ဇော်ထူးအားထိုး၍ ထွက်ပြေးခဲ့ရာ ဝမ်းဗိုက်တွင် သာမန်ဒဏ်ရာရရှိခဲ့ကြောင်း၊ မေ ၂၉ ရက် နံနက် ၁ နာရီတွင် ဓားဖြင့် ဇော်ထူး၏ လည်ပင်းအား ထိုးကာ ဓားအား တဲအနီးရေအိုင်အတွင်း ပစ်ချပြီး အစ်ကိုဖြစ်သူများကို ညီဖြစ်သူအား အခြားသူတစ်ဦးမှ သတ်ပြီး ထွက်ပြေးသွားကြောင်း ဖုန်းဖြင့် အကြောင်းကြားပြီး သထုံမြို့မ ရဲစခန်းသို့ သွားရောက်အမှုဖွင့်ခဲ့ခြင်း ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် မေ ၃၁ ရက် ညနေပိုင်းတွင် သထုံမြို့မရဲစခန်းမှူး ဒုရဲမှူးဇော်မိုးက တရားလိုပြုလုပ်၍ ဇော်မျိုး (ခ) ဇော်ထွန်း (ခ) ဂျီဝါးအား အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**နန္ဒကျော်စွာ**

# လယ်ဝေးမြို့နယ်တွင် တရားမဝင် တူမီးသေနတ်လက်ဝယ်ထားရှိသူအား အရေးယူ

**လယ်ဝေး မေ ၃၁**

နေပြည်တော် လယ်ဝေးမြို့နယ်တွင် တရားဝင်လိုင်စင်ခွင့်ပြုချက်မရှိဘဲ အသက်အန္တရာယ်ဖြစ်စေသော တူမီးသေနတ် လက်ဝယ်ထားရှိအသုံးပြုသူအား အရေးယူထားကြောင်း သိရသည်။

လယ်ဝေးမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် ထွန်းထွန်းနိုင်၊ လယ်ဝေးမြို့မရဲစခန်းမှ ဒုရဲအုပ် ကျော်ဖြိုး ဟန်၊ ဒုရဲအုပ် ဆန်းလင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် ယနေ့ညနေပိုင်းတွင် လယ်ဝေးမြို့မ ရဲစခန်းက ထွန်းထွန်း (၃၅နှစ်) ရွာသစ်ကြီးကျေးရွာ သပြေပင်အုပ်စု လယ်ဝေးမြို့နယ်နေသူအား ၎င်းမီးသွေးဖုတ်သည့်အလုပ် လုပ်ကိုင်ရာ အောင်သာအုပ်စု ယက္ကန်းစင်တောင်၏ အရှေ့ တောင်ဘက် လေးကွင်းတဲစုသို့ သွားရောက်ဖမ်းဆီးရာ ထွန်းထွန်းအား ၎င်း၏ နေအိမ်တဲတွင် တွေ့ရှိရပြီး ၎င်းနေထိုင်သည့် နေအိမ်တဲတွင် တူမီးလုပ်သေနတ်တစ်လက်နှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရှိရ၍ သိမ်းဆည်းခဲ့ပြီး ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ တူမီးသေနတ် လက်ဝယ်ထားရှိအသုံးပြုသူ ထွန်းထွန်းကို လယ်ဝေးမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

# ဖလမ်းမြို့မှ ကလေးမြို့သို့ ဆိုင်ကယ်ဖြင့်သွားသော အမျိုးသားနှစ်ဦး ပျောက်ဆုံးနေ

**ဖလမ်း မေ ၃၁**

ဖလမ်းမြို့နယ် နှာသျှာလ်ကျေးရွာမှ ကလေးမြို့သို့ မေ ၂၉ ရက် ညနေပိုင်းက ဆိုင်ကယ်ဖြင့်သွားသော အမျိုးသားနှစ်ဦးသည် အကြောင်းအရင်းမသိ ပျောက်ဆုံးသွား ကြောင်း စုံစမ်းသိရှိရသည်။

နှာသျှာလ်ကျေးရွာတွင် နေထိုင်သူ ဆလိုင်းကျဲဟူ( ၂၃ နှစ်)နှင့် ဆလိုင်းဗန်အုပ်ထောင်း (၁၀ နှစ်) တို့သည် နှာသျှာလ်ကျေးရွာမှ ကလေးမြို့သို့ ပြောင်းရွှေ့မည့် ဆွေမျိုးများကို လိုက်လံပို့ဆောင်ရန် မေ ၂၉ ရက် ညနေပိုင်းက ကလေးမြို့သို့ ဆိုင်ကယ်ဖြင့်ဆင်းသွားပြီး ဆွေမျိုးများ ကလေးမြို့သို့ရောက်ရှိပြီဖြစ်သော်လည်း အဆိုပါနှစ်ဦးသည် ရောက်မလာသေးသဖြင့် ဖုန်းဖြင့်ဆက်သွယ်ရာ ပြန်လည်ဖြေဆိုနိုင်ခြင်းမရှိဘဲ အကြောင်းအရင်းမသိ ဖလမ်း-ကလေးကားလမ်းတွင် ပျောက်ဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။

**ဥျန်**

# တာချီလိတ်မြို့တွင် မီးလောင်မှု အမျိုးသမီးငယ်တစ်ဦး သေဆုံး

**တာချီလိတ် မေ ၃၁**

တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ကချင်ရွာနေ မအေးအေးသင်း၏ နေအိမ်၌ ဖွင့်လှစ်ထားသည့် ကုန်စုံဆိုင်တွင် မေ ၃၀ ရက် ည ၇ နာရီခွဲခန့်က ဓာတ်ဆီပုံးထဲမှ ဓာတ်ဆီများအား ရေသန့်ဘူးခွံများအတွင်း လဲလှယ်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပြီး အမျိုးသမီးငယ်တစ်ဦးသေဆုံးကြောင်း သိရသည်။

အဆိုပါ ဆိုင်ခန်းအတွင်း မီးလောင်လွယ်သည့် ပစ္စည်းများ အမြောက်အမြားရှိနေသည့်အတွက် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများစုပေါင်းကာ ငြိမ်းသတ်ခဲ့ကြပြီး ည ၈ နာရီခွဲခန့်တွင် မီးညွန့်ကျိုးသွားကာ ည ၉ နာရီခန့်တွင် လုံးဝမီးငြိမ်းသွားသည်။

မီးလောင်မှုကြောင့် နှစ်ခန်းတွဲဆိုင်ခန်းနှင့် ဆိုင်ခန်းအတွင်းရှိ ပစ္စည်းများဆုံးရှုံးခဲ့ကာ အခြားလူနေအိမ်များသို့ ကူးစက်မှုမရှိသော်လည်း ဆိုင်ဝန်ထမ်း တစ်ဦးဖြစ်သူ မစုမွန်ဦး (၁၆နှစ်) မှာ မီးလောင်သေဆုံးခဲ့ပြီး မီးသတ်ဝန်ထမ်းတစ်ဦးမှာလည်း မီးခိုးမွန်းကာ အသက်ရှူကျပ်လာသည့်အတွက် တာချီလိတ် ခရိုင်ဆေးရုံကြီးသို့ အမြန်ပို့ဆောင်ကုသမှုခံယူခဲ့ရကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၃၁** - တောင်ကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၃၀ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်က တောင်ကြီးမြို့နယ် နန်းဟောင်းကျေးရွာအုပ်စု ရေသပြေကျေးရွာအနီး ဇလဲ-တောင်ကြီး ကားလမ်းတွင် သိန်းထိုက် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၀ သိမ်းဆည်းရမိခဲ့သည်။ အလားတူ ယင်းနေ့နံနက် ၉ နာရီက တပ်မတော်မှ မဘိမ်းမြို့နယ် ကွန်းတောကျေးရွာအနီးရှိ တောင်ယာအတွင်းမှ တဲတစ်လုံးကိုတွေ့ရှိ၍ ဝင်ရောက်ရှာဖွေရာ တဲအတွင်း၌ လော့နောင်၊ မောင်အလေး၊ တူးလာ၊ ကျိန်းဆက်နှင့် ကျားလိမ်တို့ကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၅၄၂၀၀၊ ဘိန်းဖြူ ၂ ဂရမ်၊ မြန်မာငွေကျပ်သိန်း ၁၇၀၊ ဖုန်းတစ်လုံးနှင့် ဆိုင်ကယ်နှစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# အမေရိကန်သမ္မတထရမ့် အထူးစုံစမ်းစစ်ဆေးရေးမှူး ရောဘတ်မူလာကို ဝေဖန်တိုက်ခိုက်

**ဝါရှင်တန် မေ ၃၁**

အထူးစုံစမ်းစစ်ဆေးရေးမှူး ရောဘတ်မူလာ၏ အစီရင်ခံစာအရအမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က သူ့ကိုယ်သူ အပြစ်ကင်းသူတစ်ဦးဖြစ်ကြောင်း ပြောဆိုပြီး စုံစမ်းမှုကို ဦးဆောင်ခဲ့သည့်အက်ဖ်ဘီအိုင်ထောက်လှမ်းရေးအကြီးအကဲဟောင်း မူလာသည် ပြဿနာရှာသူတစ်ယောက်ဖြစ်ကြောင်း တိုက်ခိုက်ပြောကြားလိုက်သည်။

၂၀၁၆ ခုနှစ်အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ရုရှားဝင်ရောက်စွက်ဖက်မှု ရှိ မရှိနှင့် တရားရေးတွင် သမ္မတ၏ ကြားဝင်နှောင့်ယှက်မှု ရှိ မရှိစုံစမ်းစစ်ဆေးမှုများနှင့် ပတ်သက်၍ မူလာကချပြခဲ့ပြီး နောက်တစ်နေ့တွင် သမ္မတကမူလာသည် သမ္မတကိုမနှစ်သက်သည့် လူတစ်ယောက်ဖြစ်ကြောင်း အိမ်ဖြူတော်တွင် ယမန်နေ့က သတင်းထောက်များကို ပြောခဲ့သည်။

ထို့အပြင် မူလာကအက်ဖ်ဘီအိုင်အကြီးအကဲ ပြန်ဖြစ်ချင်နေသော်လည်း မိမိကငြင်းဆိုခဲ့ကြောင်း ထရမ့်က ပြောသည်။ သို့သော်မူလာသည် ၎င်း၏ ယခင်ရာထူးဖြစ်သည့် အက်ဖ်ဘီအိုင်အကြီးအကဲရာထူးကို ပြန်လည်ရယူလိုကြောင်း တစ်ခါမျှ ဖော်ပြခြင်းမရှိသလိုသမ္မတနှင့်ပတ်သက်ပြီး ၎င်း၏နိုင်ငံရေးဆိုင်ရာ အမြင်ကိုလည်း တစ်ကြိမ်တစ်ခါမှလူသိရှင်ကြား ပြောကြားခြင်းလည်း မရှိကြောင်း သိရသည်။

မူလာသည်သမ္မတထရမ့်အလုပ်ဖြုတ်လိုက်သော ဂျိမ်းစ်ကိုမေ၏ မိတ်ဆွေရင်းတစ်ဦးဖြစ်ကြောင်းနှင့် မိမိနှင့်မူလာတို့သည် အလုပ်ကိစ္စနှင့်ပတ်သက်ပြီး စကားများဖူးကြောင်း ထရမ့်က ပြောသည်။ မေ ၂၉ ရက်က ထုတ်ပြန်ခဲ့သည့် မူလာ၏ အစီရင်ခံစာတွင် ၂၀၁၆ ခုနှစ် ရွေးကောက်ပွဲကာလအတွင်း သမ္မတထရမ့်အနေဖြင့် မဟုတ်မမှန် လုပ်ခဲ့သည်ဆိုသည့် လုံလောက်သည့် သက်သေမရှိကြောင်း ပြောခဲ့သလို သမ္မတက မည်သည့်ရာဇဝတ်မှုမှ မကျူးလွန်ခဲ့ကြောင်း ရှင်းရှင်းလင်းလင်း ယုံကြည်ခဲ့ပါက မိမိ၏ အစီရင်ခံစာတွင် အဆိုပါ ကိစ္စကို ထည့်သွင်းရေးသားသွားမည်ဖြစ်ကြောင်း မူလာက ပြောသည်။

**အေအက်ဖ်ပီ**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်(ယာ)နှင့် အထူးစုံစမ်းစစ်ဆေးရေးမှူး ရောဘတ်မူလာ (ဝဲ)ကို တွေ့ရစဉ်။

## တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများ များပြားလာခြင်းကြောင့် အမေရိကန်က မက္ကဆီကိုအပေါ် အခွန်စည်းကြပ်မည်

**ဝါရှင်တန် မေ ၃၁**

အမေရိကန်သည် မက္ကဆီကို ကုန်ပစ္စည်းများအပေါ် အခွန်စည်းကြပ်မှု ၅ ရာခိုင်နှုန်းပြုလုပ်မည်ဖြစ်ပြီး အမေရိကန်သို့ ဦးတည်လာသည့် ရွှေ့ပြောင်းနေထိုင်သူများကို မရပ်တန့်နိုင်ပါက ၂၅ ရာခိုင်နှုန်းအထိ တိုးမြှင့်သွားမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကြာသပတေးနေ့တွင်ပြောသည်။ ဇွန်လ ၁၀ ရက်နေ့တွင် အမေရိကန်မှ မက္ကဆီကိုနိုင်ငံအတွင်းသို့ ဝင်ရောက်လာမည့် ကုန်ပစ္စည်းများအားလုံးကို ၅ ရာခိုင်နှုန်း ကောက်ခံသွားမည်ဖြစ်ကြောင်း မက္ကဆီကို ကိုဖြတ်၍ အမေရိကန်ပြည်ထောင်စုသို့ ရွှေ့ပြောင်းဒုက္ခသည်များ ဝင်ရောက်လာမှု မလျော့ကျသေးသရွေ့ ယင်းအတိုင်းဆက်လက်တည်ရှိနေကြမည်ဖြစ်ပြီး အမေရိကန်သမ္မတ ထရမ့်ကပြောသည်။

တရားမဝင် ရွှေ့ပြောင်းသွားလာသူများ ပြဿနာမပပျောက်ခင်အချိန်အထိ အခွန်စည်းကြပ်မှုကို တဖြည်းဖြည်း တိုးမြှင့်သွားမည်ဖြစ်ကြောင်း ထရမ့်က ပြောသည်။ ဇူလိုင် ၁ ရက်နေ့တွင် မက္ကဆီကို ကုန်ပစ္စည်းများအပေါ် အခွန်စည်းကြပ်မှု မှာ ၁၀ ရာခိုင်နှုန်းအထိ တိုးသွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၁ ရက်တွင် ၂၅ ရာခိုင်နှုန်းအထိ တဖြည်းဖြည်းတိုးသွားမည်ဖြစ်ကြောင်း အိမ်ဖြူတော်က ပြောသည်။



အမေရိကန်ပြည်ထောင်စုအတွင်း ဝင်ခွင့်ရရန် ကြိုးပမ်းနေကြသည့် ရွှေ့ပြောင်းနေထိုင်သူများကို တွေ့ရစဉ်။

မက္ကဆီကိုကို ဖြတ်သန်းလာသော ရွှေ့ပြောင်းနေထိုင်သူများကို မရပ်တန့်နိုင်သေးသရွေ့ အခွန်စည်းကြပ်မှုကို ယင်းပမာဏအတိုင်း ဆက်လက်ထားရှိမည်ဟု အိမ်ဖြူတော် ကြေညာချက်တွင် ပါရှိသည်။ မက္ကဆီကို၊ ကနေဒါတို့နှင့် မြောက်အမေရိကန် ကုန်သွယ်ရေး သဘောတူစာချုပ်အသစ်တွင် လက်မှတ်ထိုးသည့်နေ့မှာပင် ယင်းသို့ကြေညာချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ယင်းကဲ့သို့ အခွန်စည်းကြပ်မှု အကျိုးဆက်သည် မက္ကဆီကို ကို ဆိုးရွားစွာ သက်ရောက်နိုင်မည်ဖြစ်သည်။

မက္ကဆီကိုမှ ကုန်ပစ္စည်း ၈၀ ရာခိုင်နှုန်းခန့်သည် အမေရိကန်သို့ တင်ပို့နေခြင်းပင်ဖြစ်သည်။ မက္ကဆီကို သမ္မတ အန်ဒရီ လိုပက်ဇ်အော်ဘရာဒေါ သည် ယင်းကဲ့သို့ အခွန်စည်းကြပ်မှု ကြေညာချက်ကို သိရှိပြီးနောက် ပြန်လည်အဆင်ပြေစေရေးအတွက် သမ္မတထရမ့်ထံ စာရေးသားခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## လစ်ဗျားမှ အီတလီသို့ ဒုက္ခသည် ၁၄၉ ဦး ကယ်တင် ပို့ဆောင်

**ထရီပိုလီ မေ ၃၁**

ဒုက္ခသည် ၁၄၉ ဦးကို လစ်ဗျားနိုင်ငံမှ အီတလီသို့ ကယ်ဆယ်နိုင်ခဲ့ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး UNHCR ကပြောသည်။ ထရီပိုလီမြို့တွင် ဖြစ်ပေါ်နေသော ပဋိပက္ခများနှင့် တိုက်ပွဲများကြောင့် ဒုက္ခသည်များနှင့် ခိုလှုံသူ ၁၄၉ ဦးကို လုံခြုံမှုရရှိစေရေး ရောမမြို့သို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း UNHCR ၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

ယခုကယ်တင်ခြင်းခံရသည့် ဒုက္ခသည်များမှာ အာဖရိကလူမျိုးများဖြစ်ပြီး ကလေး ၆၅ ဦးပါဝင်သည်ဟု ကုလအေဂျင်စီက ပြောသည်။ အဆိုပါဒုက္ခသည်များတွင် ဆီးရီးယား၊ ဆူဒန် ၊ ဆိုမာလီတို့မှ ဒုက္ခသည် ၆၂ ဦးပါဝင်ကြောင်း၊ ၎င်းတို့ကို ကုလသမဂ္ဂ၏ အရေးပေါ် ထွက်ခွာရာ စင်တာများမှ ကယ်ထုတ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းတို့၏နောက်ဆုံး ဦးတည်ရာမှာ နော်ဝေနိုင်ငံပင်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထရီပိုလီမြို့တွင် တိုက်ပွဲများ၏အခြေအနေမှာ ပြင်းထန်နေသည့်အတွက် ယခုလိုကယ်ထုတ်ခဲ့ရခြင်းဖြစ်ကြောင်း ထရီပိုလီမြို့တွင် ကုလသမဂ္ဂကျောထောက်နောက်ခံပြုထားသည့် လစ်ဗျားအစိုးရနှင့် အရှေ့ပိုင်းအခြေစိုက်တပ်ဖွဲ့များကြား ဧပြီ ၁ ရက်မှ စပြီး တိုက်ပွဲများပြင်းထန်လျက်ရှိသည်။

လစ်ဗျားနိုင်ငံသည် ရွှေ့ပြောင်းဒုက္ခသည်များအတွက် အဓိကဆွဲဆောင်နေသည့် ထွက်ပေါက်တစ်ခုလည်းဖြစ်သည်။ လစ်ဗျားနိုင်ငံမှတစ်ဆင့် မြေထဲပင်လယ်ကိုဖြတ်ကာ ဥရောပသို့သွားလာကြခြင်းဖြစ်သည်။

လစ်ဗျားတွင် မွမ်မာကဒါဖီကို ဖြုတ်ချခဲ့ပြီးနောက် တိုင်းပြည်တွင် အခြေအနေများ မငြိမ်မသက်ဖြစ်ခဲ့ရသည်။ နိုင်ငံရေးအရ လုံခြုံစိတ်ချမှုမရှိခြင်း၊ ပဋိပက္ခများ ဖြစ်ပေါ်ခြင်းတို့ကြောင့် အာဖရိကန်အများစုမှာ ဥရောပသို့ဝင်ရောက်ရန် ကြိုးပမ်းလာကြသည်။

လစ်ဗျားနိုင်ငံရှိ ခိုလှုံရာနေရာများမှာ ပင်လယ်ပြင်မှကယ်တင်ထားသော သို့မဟုတ် လစ်ဗျားလုံခြုံရေးတပ်ဖွဲ့၏ ဖမ်းဆီးခြင်းကို ခံထားရသော တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများနှင့် ပြည့်နှက်လျက်ရှိသည်။

**ဆင်ဟွာ**

## ဘူဒါပတ်မြို့ လှေနစ်မြုပ်မှုတွင် အသက်ရှင်ကျန်ရစ်သူများ ရှာဖွေမှု သုံးရက်မြောက် ရောက်လာ

**ဘူဒါပတ် မေ ၃၁**

ဘူဒါပတ်မြို့ ဒန်းညူဘ်မြစ်အတွင်း လှေနစ်မြုပ်မှုဖြစ်ပွားခဲ့ရာ အသက်ရှင်ကျန်ရစ်သူများကို ရှာဖွေမှုများ ပြုလုပ်နေလျက်ရှိပြီး မျှော်လင့်ချက်မှာလည်း တဖြည်းဖြည်း မှေးမှိန်လာနေပြီဖြစ်သည်။

တောင်ကိုရီးယားမှ ခရီးသည်အများစုပါဝင်သည့် လူ ၂၁ ဦး မှာ ပျောက်ဆုံးနေဆဲဖြစ်သည်။ ရဲများနှင့် တပ်ဖွဲ့ဝင်များပါဝင်သည့် လှေများသည် ဒုတိယမြောက်ညအဖြစ် ရှာဖွေမှုများလုပ်ဆောင်ခဲ့ကြပြီး မြစ်ရေမြင့်တက်လာမှုကြောင့် ၎င်းတို့၏ ရှာဖွေရေးလုပ်ငန်းများမှာ အတားအဆီးများနှင့် ကြုံတွေ့နေရသည်။

ရေသူမအမည်ရှိ ရှုခင်းကြည့်လှေသည် မြစ်အတွင်း ခရီးသွားသင်္ဘောနှင့်ဗုဒ္ဓဟူးနေ့ညပိုင်းက တိုက်မိခဲ့ခြင်းဖြစ်သည်။ တောင်ကိုရီးယားခရီးသွား ခုနစ်ဦးထက်မနည်း သေဆုံးခဲ့ပြီးကပ္ပတိန်နှင့် ဝန်ထမ်းများအပါအဝင်လူပေါင်း ၂၁ ဦး ပျောက်ဆုံးနေဆဲဖြစ်သည်။ ပျောက်ဆုံးနေသူအများစုမှာ ဟန်ဂေရီအများစုဖြစ်ကြသည်။ ယခုအချိန်ထိ အသက်ရှင်ကျန်ရစ်သူ ခုနစ်ဦးသာ ရှာတွေ့သေးသည်။

ဒန်းညူဘ်မြစ်အတွင်း မြစ်ရေမြင့်တက်လာမှုကြောင့် ရေငုပ်ရှာဖွေခြင်းများတွင် အန္တရာယ်များဖြစ်ပေါ်လာနိုင်ပြီး အပျက်အစီးများ ဆယ်ယူရာတွင် ရက်အချို့ကြာမြင့်နိုင်ကြောင်း ကျွမ်းကျင်သူများက သတိပေးထားသည်။

**အေအက်ဖ်ပီ**

## ပင်လယ်ကွေ့နိုင်ငံများနှင့် အာရပ်နိုင်ငံများအဖွဲ့တို့ အီရန်အရေး ဆွေးနွေးပွဲကျင်းပ

**ရီယာ့ဒ် မေ ၃၁**

ပင်လယ်ကွေ့နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးကောင်စီနှင့် အာရပ်နိုင်ငံများအဖွဲ့တို့သည် ထိပ်သီးအစည်းအဝေးပွဲ နှစ်ခုကို အသီးသီးကျင်းပခဲ့ကြပြီး အီရန်အရေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကြာသပတေးနေ့ ညပိုင်းတွင် ဆော်ဒီအာရေဗျနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး သောကြာနေ့ မနက်ပိုင်းအထိ မြို့တော်မက္ကာတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းအစည်းအဝေးများကို ဆော်ဒီဘုရင် ဆယ်မန်ဘင် အဗ္ဗဒူလာဇစ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပေးခဲ့ပြီး မေလအတွင်း ဆော်ဒီပိုက်လိုင်းများ တိုက်ခိုက်ခံရမှုနှင့် ဆော်ဒီရေနံတင်သင်္ဘောများ တိုက်ခိုက်ခံရမှုတွင် အီရန်မှ ပါဝင်ပတ်သက်ကြောင်း ၎င်းကပြောသည်။



မက္ကာမြို့၌ အာရပ်ခေါင်းဆောင်များ တွေ့ဆုံကြစဉ်။

အီရန်၏ လုပ်ရပ်များကို ရပ်တန့်နိုင်ခြင်းမရှိပါက အခြေအနေဆိုးရွားမှု ပိုမိုအားကောင်းလာနိုင်ကြောင်း ဆော်ဒီဘုရင်ကပြောသည်။

အီရတ်နိုင်ငံကမူ အခြားသော နိုင်ငံများနှင့်မတူဘဲ အိမ်နီးချင်း အီရန်နိုင်ငံဘက်မှ ရပ်တည်ပေးခဲ့ပြီး ဒေသတွင်း တင်းမာနေမှုများကို ဖြေလျှော့ပေးရန် လိုအပ်သည်ဟု ပြောကြားခဲ့သည်။

အီဂျစ်နိုင်ငံအပါအဝင် အခြားသော နိုင်ငံများက ဆော်ဒီအာရေဗျ၏ အဆိုကို ထောက်ခံကြပြီး ဒေသအတွင်းမငြိမ်မသက်မှုများဖြစ်ပေါ်စေနိုင်သည့် အပြုအမူများကို အီရန်နိုင်ငံဘက်မှ ရပ်တန့်ပေးရန် တိုက်တွန်းခဲ့ကြသည်။ ကာတာနိုင်ငံသည် ဆော်ဒီအာရေဗျနှင့် ဆက်ဆံရေး ဆိုးရွားနေသော်လည်း ယခုကျင်းပသည့် အစည်းအဝေးတွင် ပါဝင်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဂျပန်နှင့်ရုရှားတို့ ပူးပေါင်းဆောင်ရွက်မှုအတွက် ဆွေးနွေးမှုများ မြှင့်တင်မည်

**တိုကျို မေ ၃၁**

ရုရှားနိုင်ငံက ထိန်းချုပ်ထားသော ကျွန်းလေးခုတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအတွက် ဆွေးနွေးမှုများမြှင့်တင်ရန် ဂျပန်နှင့်ရုရှားနိုင်ငံခြားရေး ဝန်ကြီးတို့ သဘောတူခဲ့ကြသည်။

ဂျပန်နိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ ခေါင်းဆောင်များ ဇွန်လအတွင်းတွေ့ဆုံကြမည်ဖြစ်ရာ ယင်းမတိုင်မီ ယခုလို သဘောတူညီမှုရရှိခဲ့ကြခြင်းဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် ဇွန်လနှောင်းပိုင်းတွင် အိုဆာကာ၌ ပြုလုပ်မည့် ဂျီ ၂၀ ထိပ်သီးအစည်းအဝေးတွင် တွေ့ဆုံကြမည်ဖြစ်သည်။

တာရိုကိုနိုနှင့် ဆာဂီလာ့ဗ်ရိုဗ်တို့သည် ငြိမ်းချမ်းရေးစာချုပ်ဆွေးနွေးပွဲတွင် ကြီးကြပ်သူများအဖြစ် သောကြာနေ့ကတွေ့ဆုံခဲ့ကြပြီး လေးကြိမ်မြောက်တွေ့ဆုံခြင်းလည်းဖြစ်သည်။

ပထမဦးဆုံးအကြိမ် တွေ့ဆုံပွဲကို ဇန်နဝါရီလအတွင်းက ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဂျပန်နှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီးတို့သည် ယခင်တွေ့ဆုံခဲ့စဉ်ကဆွေးနွေးခဲ့သည်များကို ထပ်လောင်းပြောဆိုခဲ့ကြပြီး နှစ်နိုင်ငံစလုံးမှ အချုပ်အခြာအာဏာပိုင်ကျွန်းများတွင် ကွာခြားချက်များ မရှိစေရေး ပြောဆိုခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**

### ဆူဒန်လုံခြုံရေးဌာနများမှ ပဋိပက္ခများအဆုံးသတ်ရန် ကတိပြု

**ခါတွန် မေ ၃၁**

ဆူဒန်နိုင်ငံတွင် မကြာသေးမီကာလအတွင်းဖြစ်ပေါ်ခဲ့သော ပဋိပက္ခများကြောင့် အရပ်သားများသေဆုံးမှုပေါ်ပေါက်ခဲ့ပြီးနောက်ပိုင်းတွင် ပဋိပက္ခများကို အဆုံးသတ်တော့မည်ဟု သောကြာနေ့တွင် ဆူဒန်လုံခြုံရေးဌာနများကပြောသည်။

ဆူဒန်လုံခြုံရေးဌာနများတွင် ဆူဒန်လက်နက်ကိုင်တပ်ဖွဲ့၊ ရဲတပ်ဖွဲ့၊ အမျိုးသားထောက်လှမ်းရေးနှင့် လုံခြုံရေးနှင့် အထောက်အကူပြုရေးအဖွဲ့တို့ ပါဝင်သည်။

အရပ်သားများ၏ လုံခြုံရေးအတွက် လုံခြုံရေးဆိုင်ရာ အနှောင့်အယှက်များ အဆုံးသတ်စေရေး ဥပဒေအတိုင်း ဆောင်ရွက်သွားမည်ဟု ဆူဒန်တပ်ဖွဲ့မှ ကြေညာချက်ထုတ်ပြန်ထားသည်။

လုံခြုံရေးဌာနများကလည်း နိုင်ငံသားများကို နိုးကြားစွာနှင့် အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းခဲ့သည်။

လွန်ခဲ့သည့် နှစ်ရက်တွင်း မြို့တော်ခါတွန်တွင် ဆူဒန်တပ်ဖွဲ့ ဌာနချုပ်ရှိရာ နေရာတွင် ထောင်ပေါင်းများစွာသော ဆန္ဒပြပြည်သူများသည် ထိုင်လျက်ဆန္ဒပြခဲ့ကြသည်။

**ဆင်ဟွာ**

# နေရပ်ဆီ ပြန်သွားတော့မယ့် အမှိုက်များ

**ကလျာမိုးမြင့်**

**အရှေ့တောင်အာရှနိုင်ငံတစ်ခုဖြစ်တဲ့ ဖိလစ်ပိုင်နိုင်ငံဟာ ကနေဒါနဲ့ ရက်သတ္တပတ်အနည်းငယ်ကြာအောင် သံတမန်ရေးရာကတောက်ကဆတ်ဖြစ်ပွားခဲ့ပြီးတဲ့နောက် တန်ချိန်ပေါင်းများစွာရှိတဲ့ အမှိုက်သရိုက်တွေကို ကနေဒါနိုင်ငံဆီ ပြန်ပို့ခဲ့ပါတယ်။ သံတမန်ရေးရာ ကတောက်ကဆတ် ဖြစ်ပွားမှုမှာ ဖိလစ်ပိုင်သမ္မတဒူတာတေးက ကနေဒါဆီကလာခဲ့တဲ့ အမှိုက်တွေကို ကနေဒါဆီ သင်္ဘောနဲ့လာစွန့်မယ်လို့ ခြိမ်းခြောက်ခဲ့တာဖြစ်ပါတယ်။**




ကနေဒါသို့ ပြန်လည်ပို့ဆောင်မည့် စွန့်ပစ်အမှိုက်များ သယ်ဆောင်ထားသည့်သင်္ဘောကို တွေ့ရစဉ်။

**သင်္ဘောနဲ့ပြန်ပို့**

၂၀၁၄ ခုနှစ်မှာတုန်းက အမှိုက်တွေကို မနီလာမြို့ဆီ ပို့ဆောင်လာခဲ့ချိန်မှာ ဒီအမှိုက်တွေကို ပြန်လည်သန့်စင်အသုံးပြုမယ်ဆိုတဲ့ ခေါင်းစဉ် တပ်ခဲ့တယ်လို့ ဖိလစ်ပိုင်နိုင်ငံသားတွေက ပြောပါတယ်။ ကနေဒါနိုင်ငံက အဲဒီအမှိုက်တွေ သယ်ဆောင်ရွှေ့ပြောင်းမှုနဲ့ စွန့်ပစ်ဖယ်ရှားမှုတွေအတွက် ကုန်ကျစရိတ်အားလုံးကို ကျခံခဲ့ဖို့ သဘောတူခဲ့ပါတယ်။ စွန့်ပစ်ပစ္စည်းကုန်သေတ္တာပေါင်း ၆၉ လုံးခန့်ကို ကုန်တင်သင်္ဘောကြီးတစ်စင်းနဲ့ မနီလာမြောက်ပိုင်း စူဘစ်ပင်လယ်အော်ဆီကနေ ခုတ်မောင်းပြီး ပို့ဆောင်ခဲ့တာ ဖြစ်ပါတယ်။

အမှိုက်တွေအတွက် ကျွန်ုပ်တို့ နှုတ်ဆက်တယ်လို့ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး တက်ဒီလော့ဆင်ဂျာက သောကြာနေ့နံနက်က တွစ်တာပေါ်မှာ ရေးသားခဲ့ပါတယ်။ တွစ်တာပေါ်မှာ ဆူညံပေါက်ကွဲတဲ့ အရေးအသားမျိုးတွေကြောင့် လူသိများတဲ့ နိုင်ငံခြားရေးဝန်ကြီး တက်ဒီလော့ဆင်ဟာ အမှိုက်တွေတင်ထားတဲ့ သင်္ဘောဆိပ်ကမ်းကနေ ထွက်ခွာတဲ့ရုပ်ပုံနဲ့ ဗီဒီယိုဖိုင်တွေကို တွစ်တာပေါ်မှာ တင်ထားခဲ့ပါတယ်။

**နိုင်ငံတကာစည်းမျဉ်းအတိုင်းဆောင်ရွက်**

တန်ချိန် ၁၅၀၀ လောက်ရှိတဲ့ အမှိုက်သရိုက်စွန့်ပစ်ပစ္စည်းတွေကို ကနေဒါနိုင်ငံဗန်ကူဗာမြို့ဆီ သင်္ဘောနဲ့ အရောက်ပို့ဆောင်သွားမှာဖြစ်ပြီး ဇွန်လကုန်လောက်မှာ ရောက်ရှိမယ်လို့ ခန့်မှန်းရတယ်။ ဒါတွေကို အဲဒီမှာ သန့်စင်ပြုပြင်သွားဖို့ ရှိတယ်လို့ သိရပါတယ်။ ခုလိုလုပ်ရတဲ့ အကြောင်းက ကနေဒါကနေ အစပြုပြီးရောက်လာတဲ့ စွန့်ပစ်ပစ္စည်းတွေကို ကိုင်တွယ်ဆောင်ရွက်ရာမှာ နိုင်ငံတကာစည်းမျဉ်းတွေကို ကျွန်ုပ်တို့ လိုက်နာဖို့ လုပ်နေတယ်ဆိုတဲ့အကြောင်း ထုတ်ဖော်ပြသလိုက်တာပဲလို့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကနေဒါ ပါလီမန်အတွင်းဝန် စိန်ဖရာဆာက ပြောကြားခဲ့ပါတယ်။

**တရားမဝင်တင်ပို့လာတဲ့ ပစ္စည်းတွေပါနေ**

အမှိုက်သရိုက်ကိစ္စဟာ ကနေဒါနိုင်ငံအတွက် သိပ်ကိုအရေးကြီးတဲ့ ဦးစားပေးကိစ္စဖြစ်တယ်ဆိုတာကို ရှင်းရှင်းလင်းလင်းသိအောင် ဖိလစ်ပိုင်အစိုးရက လုပ်ဆောင်လိုက်ပြီးတဲ့နောက်မှာ နှစ်များစွာကြာအောင် မတင်မကျဖြစ်နေခဲ့တဲ့ အဲဒီအကြောင်းအရာကို ဖြေရှင်းဆောင်ရွက်ဖို့အတွက် ကနေဒါနိုင်ငံက မကြာသေးခင် ရက်သတ္တပတ်တွေအတွင်းမှာပဲ မြန်မြန်ဆန်ဆန် လှုပ်ရှားလာတာဖြစ်တယ်လို့ ၎င်းကဆိုပါတယ်။

အရှေ့တောင်အာရှ နိုင်ငံတစ်လွှားက နိုင်ငံတွေဟာ ၎င်းတို့ရဲ့ ကမ်းခြေတွေဆီကို ပို့ဆောင်လာတဲ့ အနောက်နိုင်ငံတွေဆီက အမှိုက်သရိုက် အစုအဝေးကို ပြန်သယ်သွားကြဖို့ တိုက်တွန်းတောင်းဆိုနေကြပြီ ဖြစ်တယ်။ အဲဒီထဲက တချို့အမှိုက်တွေဟာဆိုရင် တရားမဝင်တင်ပို့လာခဲ့တဲ့ စွန့်ပစ်ပစ္စည်းတွေ ဖြစ်တယ်လို့ အငြင်းပွားစရာ ဖြစ်ပါတယ်။

**ပိတ်ပင်မှုစလုပ်**

စွန့်ပစ်ပစ္စည်း အစုအဝေးကို နှစ်များစွာကြာအောင် တင်ပို့ခဲ့တဲ့ တရုတ်နိုင်ငံက ပြည်ပက အမှိုက်သရိုက်တွေဝင်လာမှုကို ပိတ်ပင်တားဆီးမှု စလုပ် လိုက်ပြီးနောက်မှာ ဖွံ့ဖြိုးပြီး နိုင်ငံတွေဆီက တင်ပို့လာတဲ့ အမှိုက်သရိုက်တွေရဲ့ ပမာဏကို ထုတ်ဖော် ပြောကြားခဲ့ပါတယ်။ ဒီတော့ ရလဒ်အနေနဲ့ ပြန်လည်သန့်စင် အသုံးပြုနိုင်တယ်လို့ တလွဲခေါင်းစဉ်တပ်ခဲ့တဲ့ စွန့်ပစ်ပစ္စည်းတွေကို ဖွံ့ဖြိုးပြီး အခြားနိုင်ငံတွေဆီ ပြန်ပို့ဆောင်ခဲ့ပြီး ဒါတွေကိုအခုအချိန်မှာ ပြန်လည်အကောင်အထည်ဖော်နေပြီ ဖြစ်ပါတယ်။

**တရားရုံးက အမိန့်ချ**

၂၀၁၃ ခုနှစ်နဲ့ ၂၀၁၄ ခုနှစ်အတွင်း ပြန်လည်သန့်စင်အသုံးပြုမယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ အမှိုက်သရိုက်ကုန်သေတ္တာတွေကို သင်္ဘောနဲ့ ပို့ဆောင်လာခဲ့တဲ့ကိစ္စကို ဖိလစ်ပိုင်အာဏာပိုင်တွေက ဦးစွာ ဖွင့်ဟဖော်ထုတ်လိုက်တာပါ။ မနီလာနိုင်ငံတကာကုန်တင်သင်္ဘောဆိပ်ကမ်းမှာ ရောက်လာတဲ့ ကုန်သေတ္တာတွေမှာ ပြန်လည်သန့်စင်သုံးစွဲနိုင်တဲ့ ပလတ်စတစ်ပစ္စည်းတွေ ပါတယ်လို့ ပြောလို့ရပေမယ့် တကယ်တမ်းကျတော့ အိမ်သုံးစွန့်ပစ်ပစ္စည်း တန်ချိန်များစွာကို လက်ခံခဲ့ရတယ်။ ၂၀၁၆ ခုနှစ်မှာ ဖိလစ်ပိုင်တရားရုံးကစွန့်ပစ်ပစ္စည်းတွေကို မူလနေရာဖြစ်တဲ့ ကနေဒါဆီသင်္ဘောနဲ့ ပြန်လည်ပို့ဆောင်ဖို့ အမိန့်ချမှတ်လိုက်ပြီး ပြန်ပို့တဲ့ ကုန်ကျစရိတ်ကိုလည်း အဲဒီနိုင်ငံကပဲ ကျခံစေဖို့ အမိန့်ထုတ်လိုက်ပါတယ်။

**ကနေဒါ ပျက်ကွက်**

အမှိုက်တွေပြန်သယ်သွားဖို့ နောက်ဆုံးသတ်မှတ်ရက်ပေးထားတဲ့ မေ ၁၅ ရက်မှာ ကနေဒါနိုင်ငံက ဆောင်ရွက်ဖို့ ပျက်ကွက်ခဲ့ပြီးတဲ့နောက် ယခုလအစောပိုင်းမှာ ဖိလစ်ပိုင်ဟာ ကနေဒါနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံအမတ်ကြီးကို အော့တဝါကနေ ပြန်လည်ဆင့်ခေါ်လိုက်ပြီး အဲဒီနောက်မှာမှ ကနေဒါက အမှိုက်တွေကို ပြန်လည်ယူဆောင်သွားဖို့ ပြင်ဆင်မှုတွေ စတင်လုပ်ဆောင်မယ်လို့ ဆိုလာပါတယ်။

**ဖိလစ်ပိုင်ခြိမ်းခြောက်**

ပြောစရာရှိလာရင် ဘယ်သူ့မျက်နှာကိုမှ မထောက်ထားဘဲ ဟောဟောဒိုင်းဒိုင်း ပြောချတတ်တဲ့သူအဖြစ် လူသိများလှတဲ့ ဖိလစ်ပိုင်သမ္မတဒူတာတေးဟာ ပြီးခဲ့တဲ့လအတွင်းက အကယ်၍ အမှိုက်ကိစ္စကို မဖြေရှင်းဘူးဆိုရင် အဲဒီအမှိုက်တွေအားလုံးကို ကနေဒါဆီပြန်ပို့ဆောင်မယ်။ ပြန်ပို့တဲ့ အမှိုက်တွေကို ကနေဒါကလက်မခံဘူးဆိုရင် ဖိလစ်ပိုင်ကလည်း အဲဒီနိုင်ငံတွေက ကမ်းခြေရဲ့အခြေခံနယ်နိမိတ်မျဉ်းကနေ ၁၂ မိုင်လောက်ကွာဝေးတဲ့ ပင်လယ်ရေပိုင်နက်ထဲကို ၎င်းတို့ဆီကရောက်လာတဲ့ ပမာဏအတိုင်း အမှိုက်တွေ လာစွန့်ပစ်မယ်လို့ ခြိမ်းခြောက်ခဲ့တာဖြစ်ပါတယ်။

**အများပြည်သူကျန်းမာရေးကို ထိခိုက်စေ**

ပြန်လည်သန့်စင်ဖို့ဆိုပြီး မနီလာဆိပ်ကမ်းကို ရောက်လာတဲ့ ကုန်သေတ္တာတွေထဲမှာ နေအိမ်သုံးစွန့်ပစ်ပစ္စည်းတွေနဲ့ ပြည့်နှက်နေတဲ့အပြင် ကျန်တဲ့ကုန်သေတ္တာတွေကို ၂၀၁၅ ခုနှစ်က စုံစမ်းခဲ့ရာမှာ နေအိမ်သုံးစွန့်ပစ်ပစ္စည်းတွေနဲ့ လမ်းဘေးအမှိုက်သရိုက်တွေ အပါအဝင် အန္တရာယ်မရှိတဲ့ မြူနီစီပယ်စွန့်ပစ်အမှိုက်တွေ ပါနေတယ်ဆိုတာကို တွေ့ရှိရတယ်လို့ ဆိုပါတယ်။ အဲဒီအမှိုက်သေတ္တာတွေကြောင့် ဆိပ်ကမ်းတွေ ပြည့်ကျပ်မှုဖြစ်စေပြီး အများပြည်သူကျန်းမာရေးကိုလည်း အန္တရာယ် ဖြစ်စေနိုင်တယ်လို့ ဖိလစ်ပိုင်အစိုးရက ပြောပါတယ်။

ဖိလစ်ပိုင်ဆီ ရောက်ရှိလာတဲ့ စွန့်ပစ်ပစ္စည်းတွေကို မူလနေရာဖြစ်တဲ့ ကနေဒါဆီသင်္ဘောနဲ့ ပြန်သယ်ဖို့ အမိန့်ချလိုက်တဲ့ ၂၀၁၆ ခုနှစ်မှာပဲ ကနေဒါဟာ အလားတူ အခြေအနေမျိုး နောက်တစ်ဖန်ထပ်မဖြစ်ရစေဖို့ ကာကွယ်တားဆီးတဲ့အနေနဲ့ အန္တရာယ်ဖြစ်စေတဲ့ စွန့်ပစ်ပစ္စည်းတွေ သင်္ဘောနဲ့ပို့ဆောင်မှုနဲ့ ပတ်သက်ပြီး စည်းမျဉ်းစည်းကမ်းတွေကို ပြင်ဆင်ပြောင်းလဲမှုတွေ လုပ်ဆောင်လာခဲ့ပါတယ်။

ဖိလစ်ပိုင်လိုပဲ အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်တဲ့ မလေးရှားနိုင်ငံကလည်း သြစတြေးလျနိုင်ငံဆီက ရောက်လာတဲ့ စွန့်ပစ်ပလတ်စတစ်အမှိုက် တန်ချိန် ၁၀၀ကျော်ကို သြစတြေးလျနိုင်ငံဆီ ပြန်လည်ပို့ဆောင်မှာဖြစ်တယ်လို့ သိရပါတယ်။ အကြောင်းရင်းကတော့ အဲဒီစွန့်ပစ်ပစ္စည်းတွေဟာ ပြန်လည်သန့်စင်ဖို့ သိပ်ကို ညစ်ညမ်းမှုဖြစ်စေနိုင်တာကြောင့် ဖြစ်တယ်လို့ မလေးရှားအစိုးရက ပြောကြားခဲ့ပြီး အမှိုက်တွေကိစ္စမှာ ဘယ်ကုမ္ပဏီတွေက တာဝန်ရှိတယ်ဆိုတာကိုတော့ အမည်တပ်ပြောဆိုခဲ့ခြင်း မရှိသေးပါဘူး။ ဒါပေမယ့် မလေးရှားနိုင်ငံက ကမ္ဘာ့အမှိုက်ပုံ အဖြစ် မခံနိုင်ဘူး။ ဒါကို ပြန်တုံ့ပြန်ရမှာပဲလို့ မလေးရှား ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးယိုဘီရင်က ပြောကြားခဲ့ပါတယ်။

**ကိုးကား- ဘီဘီစီ၊ ဂါဒီးယန်း**

> **“အမှိုက်တွေပြန်သယ်သွားဖို့ နောက်ဆုံးသတ်မှတ်ရက်ပေးထားတဲ့ မေ ၁၅ ရက်မှာ ကနေဒါနိုင်ငံက ဆောင်ရွက်ဖို့ ပျက်ကွက်ခဲ့ပြီးတဲ့နောက် ယခုလအစောပိုင်းမှာ ဖိလစ်ပိုင်ဟာ ကနေဒါနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံအမတ်ကြီးကို အော့တဝါကနေ ပြန်လည်ဆင့်ခေါ်လိုက်ပြီး အဲဒီနောက်မှာမှ ကနေဒါက အမှိုက်တွေကို ပြန်လည်ယူဆောင်သွားဖို့ ပြင်ဆင်မှုတွေ စတင်လုပ်ဆောင်မယ်လို့ ဆိုလာပါတယ်”**

# ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)နှင့် ပညာရေးကောလိပ်(လွိုင်ကော်)တို့မှ ဆရာ ဆရာမများ၊ ဝန်ထမ်းများ တွေ့ဆုံ



**လွိုင်ကော် မေ ၃၁**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)နှင့် ပညာရေးကောလိပ် (လွိုင်ကော်)တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာများနှင့် ဝန်ထမ်းများ၏ အခက်အခဲများ၊ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုသည် ယမန်နေ့က ကွန်ပျူတာတက္ကသိုလ်(လွိုင်ကော်)နှင့် ပညာရေးကောလိပ် (လွိုင်ကော်) တို့သို့ သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့သည်။ **(ဓာတ်ပုံ)**

တွေ့ဆုံပွဲတွင် ဝန်ထမ်းများက ကြုံတွေ့နေရသည့်အခက်အခဲများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)တွင် လိုအပ်သည့်ပစ္စည်းများ ဝယ်ယူဖြည့်ဆည်းပေးနိုင်ရန်အတွက် ငွေကျပ် ၁၂ ဒသမ ၂၀၀ သန်းနှင့် မော်တော်ယာဉ် တစ်စီးကိုလည်းကောင်း၊ ပညာရေးကောလိပ်(လွိုင်ကော်)တွင် လိုအပ်သည့်ပစ္စည်းများ ဝယ်ယူဖြည့်ဆည်းပေးနိုင်ရန်အတွက် ငွေကျပ် ၃၅ သိန်းကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကွန်ပျူတာတက္ကသိုလ် (လွိုင်ကော်)တွင် တည်ဆောက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူ အိပ်ဆောင် နှစ်ဆောင် ဆောက်လုပ်နေမှုနှင့် ပညာရေးကောလိပ်(လွိုင်ကော်) စာသင်ဆောင်တွင် ဖွင့်လှစ်လျက်ရှိသော လုပ်ငန်းခွင်အကြို မူလတန်းဆရာ အတတ်ပညာသင်တန်း တက်ရောက်လျက်ရှိသော ကျောင်းသား ကျောင်းသူများ၏ သက်တူရွယ်တူ သင်ကြားလေ့ကျင့်ခြင်း အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**လွိုင်ကော်သား**

# အမျိုးသားအဆင့် မူခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာ ၂၀၁၈-၂၀၂၀ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးရှင်းလင်းပွဲ ထားဝယ်မြို့၌ ကျင်းပ

**ထားဝယ် မေ ၃၁**

အမျိုးသားအဆင့် မူခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာ (၂၀၁၈-၂၀၂၀) အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို မေ ၂၉ ရက်က ထားဝယ်မြို့တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် ဒီမိုကရေစီလမ်းစဉ်သို့ ကူးပြောင်းခဲ့ပြီး ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်နေသောကာလအတွင်း ဒေသအတွင်းနှင့် အမျိုးသားအဆင့်အဖွဲ့အစည်းများအနေဖြင့် တရားမျှတမှု၊ ပြည်သူ့ဘဝလုံခြုံရေးအပါအဝင် အဓိကကျသော ဖွံ့ဖြိုးတိုးတက်မှု ရလဒ်များဖြစ်ပေါ်စေရန် ယင်းတို့၏ စွမ်းရည်များကို တိုးမြှင့်ဖော်ဆောင်ရေးသည် အရေးကြီးဆုံးအချက်ဖြစ်ကြောင်း၊ ဗဟိုအဆင့်မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မူခင်းကြိုတင်ကာကွယ်ရေးမဟာဗျူဟာရေးဆွဲ ဆောင်ရွက်ခြင်းသည် အသွင်ကူးပြောင်းကာလ၌ မရှိမဖြစ် လိုအပ်သော ကိစ္စရပ်တစ်ခုဖြစ်သကဲ့သို့ ရာဇဝတ်မှုများနှင့် အကြမ်းဖက်မှုများအန္တရာယ်မှ ကင်းဝေးသည့် ငြိမ်းချမ်းမျှတသော လူမှုအသိုက်အဝန်းတစ်ခုအား ထူထောင်နိုင်မည်လည်းဖြစ်ကြောင်း၊ ဗဟိုအဆင့်မူခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာစီမံချက်တွင် ပါဝင်သင့်သည့် ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်း ၁၈ ဖွဲ့မှ ဟန်ချက်ညီ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမှ ရေရှည်အောင်မြင်နိုင်မည်လည်းဖြစ်ကြောင်းနှင့် မဟာဗျူဟာအား အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ၂၀၁၈ ခုနှစ်မှ ၂၀၂၀ အထိ နှစ်နှစ်တာကာလကို အချက်အလက်များ ကောက်ယူခြင်း၊ လိုအပ်သော မဟာမိတ်အဖွဲ့အစည်းများ ထူထောင်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊ ရှေ့ပြေးစီမံချက်တစ်နှစ် စမ်းသပ်ပြုလုပ်ခြင်းနှင့် အသေးစိတ် မဟာဗျူဟာများ ဖော်ဆောင်ခြင်းတို့ကို ပြုလုပ်သွားမည့် အခြေအနေများ ဆွေးနွေးညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ဇေယျနှင့် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးခင်မောင်အေးတို့က အမျိုးသားအဆင့် မူခင်းကြိုတင်ကာကွယ်ရေးမဟာဗျူဟာ ၂၀၁၈-၂၀၂၀ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာသူများက ဆွေးနွေးတင်ပြချက်များပေါ်တွင် တာဝန်ရှိသူများက ပြန်လည်ရှင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး( ပြန်/ဆက်)**




အမျိုးသားအဆင့် မူခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာ ၂၀၁၈-၂၀၂၀ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရှင်းလင်းပွဲ ထားဝယ်မြို့၌ ကျင်းပနေစဉ်။

# တရားမဝင်ကုန်သွယ်မှုများမရှိစေရန် တီးတိန်မြို့အဝင်၌ ရှောင်တခင်စစ်ဆေး

**တီးတိန် မေ ၃၁**

ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်း တရားမဝင်ကုန်သွယ်မှုများ မရှိစေရန်အတွက် တီးတိန်မြို့အဝင်၌ ယာဉ်များအဝင်အထွက် ရှောင်တခင် စစ်ဆေးခြင်းကို တရားမဝင် ကုန်သွယ်မှုများ စစ်ဆေးတားဆီး ထိန်းချုပ်အရေးယူရေး အထူးအဖွဲ့က မေ ၂၉ ရက်က ဆောင်ရွက်ခဲ့သည်။ တီးတိန်မြို့နယ် တရားမဝင်ကုန်သွယ်မှုများ စစ်ဆေးတားဆီး ထိန်းချုပ်အရေးယူရေး အထူးအဖွဲ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဂိုဆွင်းခိုင် ခေါင်းဆောင်၍ မြို့မရဲစခန်းမှူး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ပြည်တွင်းအခွန်ဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်စည်ပင်၊ စိုက်ပျိုးရေးဦးစီးဌာန၊ ပြန်/ဆက်ဦးစီးဌာနတို့မှ တာဝန်ရှိသူများ ပါဝင်ကြပြီး ရိဒ်- တီးတိန်- ကလေးလမ်းကြောင်းအတိုင်း အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်သို့ တင်သွင်းပို့ဆောင်သော ကုန်ပစ္စည်းများတွင် တရားမဝင် အကောက်အခွန်မဲ့ ကန့်သတ်ပစ္စည်းမျ ား မပါရှိစေရေးအတွက် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် ဖလမ်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးနေစဉ်။

# ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် ဖလမ်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ဖလမ်း မေ ၃၁**

ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးမန်ဟင်းဒါလ်းနှင့် တာဝန်ရှိသူများ ယမန်နေ့က ဖလမ်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဖလမ်းမြို့ ဗိုလ်ကွန်ဘိခ်ဂေါက်ကွင်း၌ဟိုတယ်ဆောက်လုပ်မည့် မြေနေရာ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ယာယီရုံးတက်မည့် ချင်းချယ်ရီ မူကြိုကျောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အဆောက်အအုံသစ်ဆောက်လုပ်မည့်မြေနေရာများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဖလမ်းမြို့ တောင်ဇလပ်ရိပ်သာ ဧည့်ခန်းမ၌ မြို့မိ မြို့ဖ၊ သိက္ခာတော်ရဆရာတော်များနှင့် ဖလမ်းမြို့ တလန်လိုရပ်ကွက် ဗိုလ်ချုပ်လမ်းတာချဲ့ရာတွင် မလွတ်သည့် သတင်းကောင်းနှစ်ခြင်းအသင်းတော်၏ ဘုရားကျောင်းအဆောက်အအုံပြောင်းရွှေ့ရေး တွေ့ဆုံဆွေးနွေးကာ ဖလမ်း(ဆူရ်ဘုန်)လေယာဉ်စီမံကိန်းအနီးရှိ ဂေါက်ကွင်းအသစ် အကောင်အထည်ဖော်မည့် မြေနေရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဌန်**

# အိမ်သုံးဆေးဝါးနှင့် ဖြည့်စွက်စာထုတ်လုပ်သည့် စက်ရုံတည်ဆောက်ရန် မြေငှားစာချုပ်ချုပ်ဆို

**ပဲခူး မေ ၃၁**

ပဲခူးမြို့၌ အိမ်သုံးဆေးဝါးနှင့် ဖြည့်စွက်စာထုတ်လုပ်သည့်စက်ရုံ တည်ဆောက်ရန်အတွက် Amethyst ကုမ္ပဏီလီမိတက်နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရ စက်ရုံ၊ အလုပ်ရုံများ တည်ထောင်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီတို့ မြေငှားစာချုပ် ချုပ်ဆိုပွဲကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ မေ ၂၉ ရက်က ကျင်းပသည်။

**ပံ့ပိုးကူညီပေးမည်**

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး စက်ရုံ၊ အလုပ်ရုံများ တည်ထောင်ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက ယခုအချိန်တွင် ရင်းနှီးမြှုပ်နှံမှုနှင့်ဆိုင်သည့် ခိုင်မာသောမူဝါဒများ၊ စီးပွားရေးနှင့်ဆိုင်သော မူဝါဒ/ လမ်းစဉ်များ ချမှတ်ထားပြီးဖြစ်၍ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်လာနိုင်ခဲ့ပြီဖြစ်ကြောင်း၊ Amethyst ကုမ္ပဏီလီမိတက်က မြန်မာ့ဒေသထွက်ကုန်ပစ္စည်းများဖြင့် ဆေးဝါးနှင့် ဖြည့်စွက်စာ (အားဆေး) များ ထုတ်လုပ်မည်ကို သိရှိရသဖြင့် များစွာဂုဏ်ယူဝမ်းမြောက်ပြီး လိုအပ်သည်များကိုလည်း ပံ့ပိုးကူညီပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ထုတ်လုပ်ဖြန့်ဖြူး**

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ Amethyst ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာဒေါ်မေဇော်ဦးနှင့် ဦးဇော်လွင်တို့က မြေငှားစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ Amethyst ကုမ္ပဏီလီမိတက်သည် ပဲခူးမြို့ စက်မှုနယ်မြေရှိ မြေကွက်အမှတ်(၇၇-ခ)၌ မြေဧရိယာ ၀.၉၃ စတုရန်းမီတာကို ပဲခူးတိုင်းဒေသကြီး စက်ရုံ၊ အလုပ်ရုံများ တည်ထောင်ရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီထံမှ ငှားရမ်း၍ အိမ်သုံးဆေးဝါးနှင့် ဖြည့်စွက်စာများကို မြန်မာနိုင်ငံသားပိုင်အနေဖြင့် စက်ရုံတည်ဆောက်၍ ထုတ်လုပ်ဖြန့်ဖြူးသွားမည်ဖြစ်သည်။

**ဟိန်းထက် (ပဲခူး)**

# ငြိမ်းချမ်းရေးဆိုင်ရာ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို IBEC ဆရာတော် လက်ခံရယူ

**စစ်ကိုင်း မေ ၃၁**

အမေရိကန်နိုင်ငံ Royal Academy of Global Peace နှင့် ဂျာမနီနိုင်ငံ International Peace University တို့က ကြီးမှူးပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ငြိမ်းချမ်းရေးအသိအမှတ်ပြုအဖြစ် ချီးမြှင့်သော ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို မြန်မာနိုင်ငံမှ ရရှိသူ IBEC ဆရာတော်သည် အိန္ဒိယနိုင်ငံ ဘန်ဂလောမြို့ရှိ Hotel Claresta Conference ၌ မေ ၃၀ ရက်က ကျင်းပသည့် World Peace ညီလာခံသို့ တက်ရောက်၍ ပါရဂူဘွဲ့ကို လက်ခံရယူခဲ့ကြောင်း သိရသည်။

အဆိုပါ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှ စတော့ဟုမ်းငြိမ်းချမ်းရေးဆုရှင် IBEC ဆရာတော်နှင့် အိန္ဒိယ၊ သီရိလင်္ကာနှင့် နီပေါနိုင်ငံတို့မှ ပုဂ္ဂိုလ်ငါးဦး အပါအဝင် တစ်ကမ္ဘာလုံးတွင် စုစုပေါင်း ခြောက်ဦးကိုသာ ချီးမြှင့်ခြင်းဖြစ်ကြောင်း၊ ဆရာတော်၏ ဗုဒ္ဓဘာသာနှင့် ငြိမ်းချမ်းရေးကိစ္စ ဆောင်ရွက်မှုများ၊ လူသားအကျိုးပြုလုပ်ငန်း ဆောင်ရွက်မှုများ၊ ကျန်းမာရေးလုပ်ငန်း ဆောင်ရွက်မှုများ၊ လူငယ် ပြုစုပျိုးထောင်ရေးလုပ်ငန်း ဆောင်ရွက်မှုများကို နိုင်ငံတကာမှ မှတ်တမ်းများရယူကာ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

IBEC ဆရာတော် ဦးသောဘိတသည် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ သောတာပန်ရပ်၌ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေးစင်တာ(International Buddhist Education Center-IBEC)ကို တည်ထောင်ထားပြီး (၁)ပရိယတ္တိစာသင်တိုက် (၂)ဘုန်းတော်ကြီးသင်ပညာရေးအထက်တန်းကျောင်း (၃)လူ့စွမ်းအားအရင်းအမြစ်ဌာန (၄)ကျွန်းလှသီတဂူ ဗုဒ္ဓတက္ကသိုလ်နှင့် စက္ခုဒါနဆေးရုံတော် (၅)အပြည်ပြည်ဆိုင်ရာယဉ်ကျေးမှုစင်တာ(နယ်သာလန်)စသည့် ကဏ္ဍ ကြီးငါးခုဖြင့် သာသနာရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။



ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို IBEC ဆရာတော် ဦးသောဘိတ လက်ခံရယူစဉ်

**တင်မောင်(မန်းကိုယ်ပွား)**

# ကျိုက်မရောမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်

**ကျိုက်မရော မေ ၃၁**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်း ကျေးရွာ ၂၀ ၌ အကောင်အထည်ဖော်ထားသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ အတိုးရငွေများဖြင့် ကျေးရွာ ခြောက်ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ခြောက်ခုကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ဆောင်ရွက်နေသော လုပ်ငန်းများမှာ ကော့ပြည့်ကျေးရွာ၌ အတိုးရငွေကျပ် ၈၅ သိန်းဖြင့် ရွာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ငဖယ်ချောင်းကျေးရွာ၌ အတိုးရငွေ ကျပ် သိန်း ၉၀ ဖြင့် ရွာတွင်းလမ်း ကွန်ကရစ် ခင်းခြင်းလုပ်ငန်း၊ ဦးလေးကျေးရွာ၌ အတိုးရငွေ ကျပ် ၉၅ သိန်းနှင့် ပြည်သူထည့်ဝင် ငွေကျပ်နှစ်သိန်းခွဲဖြင့် အမက စာသင်ကျောင်း ခေါင်မိုးပြုပြင်ခြင်း၊ ခနောင်ကျေးရွာ၌ အတိုးရငွေကျပ် သိန်း ၇၀ ဖြင့် အမကကျောင်းအဝင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ရေပူကော့စပ်ကျေးရွာ၌ အတိုးရငွေကျပ် ၇၅ သိန်းနှင့် ပြည်သူ့ထည့်ဝင်ငွေကျပ် ၃၁ သိန်းဖြင့် ရွာထိပ်တံတား တည်ဆောက်ခြင်းလုပ်ငန်း၊ ဖာသိမ်ကျေးရွာ၌ အတိုးရငွေကျပ် သိန်း ၆၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် ၁၄ သိန်းဖြင့် ရွာထိပ်တံတား တည်ဆောက်ခြင်းလုပ်ငန်းများဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်အတွင်းမှ ကျေးလက်နေပြည်သူများ၊ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိပြီး မိသားစု ဝင်ငွေ တိုးပွားစေရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာ ဖူလုံစေရေး၊ ကျေးလက်လူထု၏ စွမ်းဆောင်ရည်များ တိုးတက်လာစေရေး ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို မြို့နယ်အတွင်းရှိ ကျေးရွာ ၂၀ ၌ဆောင်ရွက်ထားကာ တစ်ရွာလျှင် နိုင်ငံတော်မှမတည်သည့် အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ စီ ပံ့ပိုး၍ စီမံကိန်းကို အကောင်အထည်ဖော်ထားသည်။

**မွန်ကျေးလက်**

# မယ်စကြဝဠာ မြန်မာ (၂၀၁၉)ပြိုင်ပွဲတွင် ဘားအံအလှမယ် ဆွေဇင်ထက် ဆွတ်ခူးရရှိ

**ရန်ကုန် မေ ၃၁**

(၇)ကြိမ်မြောက် မယ်စကြဝဠာ မြန်မာ (၂၀၁၉) (Miss Universe Myanmar-2019) အလှမယ်ရွေးချယ်ပွဲ၏ နောက်ဆုံးအဆင့်ပြိုင်ပွဲကြီးကို ယနေ့ညနေ ၆ နာရီမှစ၍ ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပခဲ့ရာ Winner ဆုရှင်အဖြစ် ဘားအံအလှမယ် ဆွေဇင်ထက် ဆွတ်ခူးရရှိခဲ့သည်။

**ကိုယ်ရည်ကိုယ်သွေးစွမ်းရည်ယှဉ်ပြိုင်**

ယနေ့ညပြုလုပ်သည့် နောက်ဆုံးဖိုင်နယ်ပြိုင်ပွဲကြီးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့ကြီး (၂၆)မြို့ ကိုယ်စားပြု အလှမယ်လေးများ ၂၆ ဦး အသီးသီး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲတွင် အလှမယ်လေးများက တစ်ဦးချင်းစီ မိတ်ဆက်ကြပြီး အလှမယ်လေးများ၏ Performance များဖြင့် တင်ဆက်သည်။ ထို့နောက် အလှမယ် ၃၀ မှ ဆန်ခါတင် ၁၃ ဦး၊ ထိုမှတစ်ဆင့် အလှမယ် ခြောက်ဦးတို့အား အသီးသီး ရွေးချယ်သည်။ ပြိုင်ပွဲတွင် အမျိုးသမီးများ၏ ခန္ဓာကိုယ်အလှ၊ ကိုယ်နေကိုယ်ဟန်များဖြင့် ယှဉ်ပြိုင်ခြင်း၊ ကိုယ်ရည်ကိုယ်သွေးစွမ်းရည်နှင့် အခြားအရည်အသွေးအမျိုးမျိုးတို့ကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ဝင်ရောက်ဖြေဆိုယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ယနေ့ညကျင်းပသော မယ်စကြဝဠာ မြန်မာ(၂၀၁၉) အလှမယ်ပြိုင်ပွဲတွင် First Runner Up အဖြစ် မြိတ်အလှမယ် မွေးသက်က လည်းကောင်း၊ Second Runner Up အဖြစ် မန္တလေး အလှမယ် ထက်သီရိဇော်က လည်းကောင်း၊ 3rd Runner Up အဖြစ် မင်းဘူးအလှမယ် ချောသွေးရတနာ၊ 4th Runner Up အဖြစ် မြစ်ကြီးနားအလှမယ် လင်းထက်ထက်ကျော်၊ 5th Runner Up အဖြစ် ပုသိမ်အလှမယ် စုစုစန္ဒီက ရရှိခဲ့သည်။

**အများကြီးကြိုးစားပြင်ဆင်**

"ဒီနေ့ပြိုင်ပွဲမှာ အမြင့်ဆုံးသရဖူဆုရလိုက်လို့ အတိုင်းမသိဝမ်းသာမိပါတယ်။ ဒီပြိုင်ပွဲအတွက်လည်း ညီမအနေနဲ့ အများကြီးပြင်ဆင်ခဲ့ရပါတယ်။ အဖေအမေ ပံ့ပိုးမှုအပါဝင် အော်ဂနိုက်ဇေးရှင်းက ယုံကြည်လို့ အခုလိုဆုပေးအပ်တဲ့အပေါ် အလွန်ကိုကျေးဇူးတင်ပါတယ်။ ပြိုင်ပွဲမတိုင်မီက အများကြီးကြိုးစားပြင်ဆင်ခဲ့ရတယ်။ ဒီအတွက် သရဖူဆောင်းခွင့်ရခဲ့တာပါ။ အကောင်းဆုံးလည်း ကြိုးစားသွားမှာပါ။ ဒါကညီမရဲ့ အိပ်မက်လည်းဖြစ်တဲ့အတွက် အတိုင်းမသိ ဝမ်းသာပါတယ်"ဟု သရဖူဆုရှင် အလှမယ် ဆွေဇင်ထက်က ပြောသည်။

**နိုင်ငံတကာပြိုင်ပွဲများယှဉ်ပြိုင်မည်**

Winner ဆုရှင်အနေဖြင့် (၆၈)ကြိမ်မြောက် ကျင်းပသည့် Miss Universe ပြိုင်ပွဲအား သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ထို့ပြင် အခြားဆုရရှိသူ ငါးဦးအား အခြားနိုင်ငံတကာပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း သိရသည်။

**(၇)ကြိမ်မြောက်ကျင်းပ**

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ မယ်စကြဝဠာ ပြိုင်ပွဲများကို ၁၉၅၉ မှ စတင်ကာ ၁၉၆၀ ခုနှစ်ထိ သုံးနှစ်ဆက်တိုက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော်လွန်သည့် ၂၀၁၃ ခုနှစ်မှ ပြန်လည်စတင်ကာ ကျင်းပနိုင်ခြင်းဖြစ်သည်။ ၂၀၁၉ ခုနှစ်၏ ယခုအကြိမ်သည် (၇)ကြိမ်မြောက်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း၊ မျိုးမင်းသိန်း (မရမ်းကုန်း)**



မယ်စကြဝဠာ မြန်မာ (၂၀၁၉) ဆုရှင် ဆွေဇင်ထက်အား ပြိုင်ပွဲဝင်များက ဂုဏ်ပြုအားပေးစဉ်။ ဓာတ်ပုံ- အာကာစိုး

# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၃၁-၅-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၈၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၀၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၈၈၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၅၅/၁၀၁၀ ကျပ် | ၁၀၁၅/၁၀၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၆၅/၁၀၂၀ ကျပ် | ၁၀၃၀/၁၀၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၅၀/၉၁၅ ကျပ် | ၉၅၅/၉၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၉၂၀/၉၈၅ ကျပ် | ၁၀၃၀/၁၀၄၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၃၂ ・ ၇ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၀၈ ・ ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၂ ・ ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၃၃ ・ ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၄၀၈ ・ ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၀ ・ ၆ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၂ ・ ၀၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၉၄၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၈ ・ ၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၅ ・ ၇၆ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၄၀၄ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။


# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ‘ဒဏ္ဍာရီပင်လယ်’ ဇာတ်ကား၏ ရေအောက်ဇာတ်ဝင်ခန်းအများစုတွင် အိချောပိုကိုယ်တိုင် သရုပ်ဆောင်ခဲ့

ဝသုန္ဒြေရုပ်ရှင်ထုတ်လုပ်ရေး၏ ဒုတိယမြောက်ရုပ်ရှင်ဇာတ်ကားဖြစ်သည့်ဒဏ္ဍာရီပင်လယ်ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာကျော်သူက ဖန်တီးရိုက်ကူးလျက်ရှိပြီး ဇာတ်ညွှန်း သမီးမြတ်ကျော်က ရေးသား၍ သရုပ်ဆောင် အလင်းရောင်၊ ထွန်းကိုကို၊ အိချောပို၊ မေသန်းနုနှင့် အခြားသရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားသည်။

အဆိုပါ ဇာတ်ကားသည် အချစ်ဇာတ်ကားတစ်ကားဖြစ်သည့်အပြင် လူသားများ၏ လောဘစိတ်အကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းအကြောင်း စသည်တို့ကိုပါ ထည့်သွင်းရိုက်ကူး ပြသထားသည်။ ဇာတ်လမ်းထဲတွင် ရေသူမအဖြစ် သရုပ်ဆောင်သည့် အိချောပိုက ရေအောက်ဇာတ်ဝင်ခန်းအများစုတွင် လူစားမထိုးဘဲ ကိုယ်တိုင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ရိုက်ကူးမှုများနှင့် ပတ်သက်၍ ဒါရိုက်တာကျော်သူက “ရိုက်ကူးမှုပိုင်းဆိုရင် ရေအောက်ရိုက်ချက်တွေပေါ့၊ ရေအောက်ရိုက်ချက်တွေကို စမ်းသပ်ကြည့်တော့ ကမ်းစပ်မှာရိုက်လို့ အဆင်မပြေဘူး၊ ပင်လယ်ထဲထွက်ရိုက်မှရမယ့်အခန်းတွေ ပါတယ်လေ၊ စိတ်တော့ပူရတာပဲ၊ တံတားထိပ်က မင်းသမီး ရေထဲခုန်ချတဲ့ဇာတ်ဝင်ခန်းဆိုရင် သူက လူစားမထိုးဘူး၊ ကျွန်တော်တို့မှာ ကယ်ဆယ်ရေးတွေတော့ရှိတယ်၊ အဲဒီတော့ ကယ်ဆယ်ရေးကို အသင့်လုပ်ထားတယ်၊ အရေးပေါ်ကားလည်း ကျွန်တော်တို့မှာ ပါတယ်၊ ကျွန်တော်က လူစားထိုး ရိုက်ပေးမယ်ဆိုတာ မင်းသမီးက သူကိုယ်တိုင်ပဲ သရုပ်ဆောင်မယ်လို့ပြောတယ်၊ ရိုက်ကူးရေးက အဆင်ပြေပြေတော့ ပြီးသွားပါတယ်၊ ဒီကားမှာ ကျွန်တော် ရိုက်နေရင်း သတိထားမိတာတော့ အိချောပိုသရုပ်ဆောင်တာ ငါးတစ်ကောင်လို ဖြစ်နေတယ်၊ အဲဒါ ကျွန်တော်ချီးကျူးပါတယ်” ဟု ပြောသည်။



သရုပ်ဆောင် အိချောပိုကလည်း “ရေအောက်ထဲမှာသွားပြီး တကယ်ရိုက်ခဲ့ရတဲ့ ဇာတ်ကားတစ်ကားပါ၊ တစ်နေ့ကို ခေါင်းသုံးခါလောက်လျှော်ရတယ်၊ ရေအောက်ထဲကကို မထွက်ရတဲ့ကားလို့ ပြောလို့ရပါတယ်၊ ရိုက်တဲ့အခါမှာလည်း နေရိပ်ရင် ပင်လယ်ထဲကိုသွားရိုက်လိုက်၊ နေပူလာရင် ကုန်းပေါ်မှာရှိတဲ့ ရေကူးကန်မှာ သွားရိုက်လိုက်နဲ့ အများကြီး ကြိုးစားရတဲ့ ကားလေးပါပဲ၊ ညီမက ရေထဲကို တကယ်ခုန်ချရတဲ့ အခန်းတွေဆို တစ်ကဒ်တည်းနဲ့ အပြီးသတ်ရိုက်ရတာမျိုးဆိုတော့ သေချာ စနစ်တကျ လေ့ကျင့်ထားရတယ်၊ ကိုယ်က အပြင်မှာ ရေကူးနေကျဆိုတော့ အခက်အခဲမရှိပေမယ့် ပင်လယ်ထဲမှာကျတော့ နည်းနည်းကြောက်တာပေါ့၊ ရိုက်ကူးရေးသမားတွေလည်း သနားဖို့ကောင်းပါတယ်၊ သူတို့လည်း အမျိုးစုံ ရိုက်ရတာပါပဲ၊ တစ်ခန်းဆို အမှတ်တရဖြစ်ခဲ့တယ်၊ ကင်မရာ လေးခုနဲ့ အဝေးကြီးကနေ ရိုက်ရတဲ့အခန်းပေါ့၊ ပင်လယ်ထဲကို ခုန်ချတဲ့အခါမှာ အဝေးကနေရိုက်တာ၊ အဲဒီအခန်းဆို ညီမအထင်က ရေအောက်မှာ တစ်ယောက်တော့ စောင့်နေမယ်ထင်ထားတာ၊ တကယ်ခုန်ချလိုက်တဲ့အခါမှာ ဘယ်သူမှမရှိကြဘူး၊ အဲဒါလေးတွေတော့ အမှတ်တရဖြစ်ရတယ်၊ ပြီးတော့ ရေကူးတာက ညီမတို့ ကူးနေကျပုံစံမျိုးမဟုတ်တဲ့ ရေသူမလို ကူးရတဲ့ပုံစံဖြစ်နေတယ်၊ အဲဒီတော့ ရေသူမပုံစံ ရေကူးနည်းကို ရေကူးဆရာမနဲ့ သေချာသင်ရတယ်၊ ရှူတင်ပြီးတာနဲ့ ဆရာမနဲ့ သွားသွား သင်ထားရတာပေါ့နော်၊ လူစားထိုးရိုက်လို့မရတဲ့အခန်းတွေကများတော့ ကိုယ်တိုင်ကြိုးစားထားရတဲ့ အခန်းလေးတွေ၊ လုပ်ကွက်လေးကို ပြန်ကြည့်ပြီး သဘောကျတယ်၊ ပြီးတော့ ရေသူမလေးက သူ့ရဲ့ဌာနေကိုပြန်တဲ့ အခန်းဆို ရေထဲမှာ အကြာကြီး နေရတာမျိုး၊ ဒါတွေကျတော့ လူအစားထိုးမရိုက်လို့မရဘူး” ဟု ပြောသည်။

ဇာတ်လမ်းရိုက်ကူးမှု အခြားအတွေ့အကြုံများနှင့် ပတ်သက်၍ ဒါရိုက်တာ ကျော်သူက “အခက်အခဲအနေနဲ့ မုန်တိုင်းဝင်တယ်၊ ဒါပေမယ့် ရိုက်တဲ့နေရာဆီ မုန်တိုင်းမလာတဲ့အတွက် အဆင်ပြေတယ်၊ ရိုက်ကွင်းလာကြည့်တော့ ရေသူမကျောက်ဆောင်က ရိုက်ဖို့အဆင်ပြေတယ်၊ တကယ်ရိုက်တော့ ရေတက်တာက တစ်ချိန်နဲ့တစ်ချိန် မတူဘူးဆိုတော့ ရေတက်ရေကျ ပြဿနာတွေရှိတယ်၊ ပင်လယ်ဆိုတော့ ကျွန်တော်တို့ မြန်မာလူမျိုးတွေရဲ့ ကိုးကွယ်ယုံကြည်မှုအတိုင်း လုပ်ရတာမျိုးတွေလည်း ရှိတာပေါ့နော်၊ ရှင်ဥပဂုတ္တကို ကန်တော့ပွဲပေးထားတယ်၊ ရိုက်ကူးရေးမှာ မမြင်နိုင်တဲ့ ကူညီမှုတွေ ရခဲ့ပါတယ်” ဟု ဆက်ပြောပြသည်။

**ကိုလင်း**

# ကာရိုက်တာကို အပိုအလိုမရှိအောင် ဦးစားပေး သရုပ်ဆောင်သည်ဟု ရွှေမှုံရတီ ပြောကြား

အနုပညာလောကထဲသို့ မော်ဒယ်တစ်ယောက်အဖြစ် စတင်ဝင်ရောက်လာခဲ့ပြီး နိုင်ငံကျော်မင်းသားများ ဦးစီးတည်ထောင်ထားသည့် အနုပညာပျိုးခင်းမှတစ်ဆင့် သရုပ်ဆောင်တစ်ဦးဖြစ်လာသည့် ရွှေမှုံရတီအနေဖြင့် ရုပ်ရှင်ဇာတ်ကားပေါင်းများစွာ ရိုက်ကူးခဲ့ပြီး ငယ်ရွယ်သူဖြစ်သော်လည်း သရုပ်ဆောင်ပိုင်းတွင် သဘာဝကျကျ သရုပ်ဆောင်နိုင်မှုကြောင့် ပရိသတ်၏ အခိုင်အမာအသိအမှတ်ပြု အားပေးမှုကို ရရှိနေသည်။ လက်ရှိတွင် ရုံတင်ပြသနေသည့် ညှော်သည် ရုပ်ရှင်ဇာတ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်ထားသည်။



ရွှေမှုံရတီက “ညှော်သည်ဇာတ်ကားမှာ သဲရဲ့ အိုက်တင်ပြောင်းထားတော့ ပရိသတ် တစ်မျိုးဖြစ်နေမလားလို့တော့ စိတ်ပူတယ်၊ အိုဗာတင်းတွေတော့ မလုပ်ထားပါဘူး၊ သဲက သဘာဝဆန်တဲ့ ကာရိုက်တာကို ပိုလုပ်ချင်တယ်။ အခုနောက်ပိုင်း အနီးစပ်ဆုံးဆိုရင် ထိုင်းကားလေးတွေ ကြည့်ဖြစ်တယ်။ သူတို့သရုပ်ဆောင်တာလေးတွေကို ကြည့်လိုက်ရင် ပါးပါးလေးနဲ့ ချစ်ဖို့ကောင်းတယ်လေ။ ဒီတော့ သဲအနေနဲ့ သူတို့လောက် မမီရင်တောင်မှ သူတို့လို ကြိုးစားကြည့်ချင်တယ်၊ အဲဒါကြောင့် သဲအနေနဲ့ လိုအပ်တာတွေကို ထပ်ဖြည့်ပြီး လိုတိုးပိုလျှော့လေးနဲ့ပဲ သရုပ်ဆောင်သွားမှာပါ” ဟု ပြောသည်။

ညှော်သည်ဇာတ်ကားတွင် ပါဝင်ထားသည့် ခင်ပွန်းဖြစ်သူ အဆိုတော်ရွှေထူး၏သရုပ်ဆောင်မှုအပေါ် အမြင်ကိုလည်း ရွှေမှုံရတီက ယခုလိုဆက်ပြောသည်။ “ကိုယ့်ယောက်ျားကို ပရိသတ်တွေ အားပေးစေချင်တယ်၊ ရွှေမှုံရတီအနေနဲ့ဆိုရင်တော့ ကိုရွှေထူးရဲ့သရုပ်ဆောင်မှုကို ရာခိုင်နှုန်း ၇၀ လောက် မျှော်မှန်းပါတယ်၊ သူ့ရဲ့ဇနီးတစ်ယောက်အနေနဲ့ဆိုရင်တော့ တစ်ရာ ရာခိုင်နှုန်းအပြည့် မျှော်လင့်ထားတာပေါ့၊ အဲဒီကားရိုက်တုန်းကဆို အိုက်တင်နဲ့ပတ်သက်ပြီး ပြောပြဖြစ်တယ်၊ တချို့ဦးညီသူ့ကိုပြောပြတာတွေကို သူနားမလည်တာရှိရင် သူ့ကို တိုးတိုးလေးပြောပြဖြစ်တယ်။ အဓိကကတော့ အတွဲညီဖို့ပါပဲ၊ ဇာတ်ကားတိုင်းရဲ့ကာရိုက်တာပိုင်းကို ဂရုစိုက်တတ်သူဖြစ်လို့ ရွှေထူးနဲ့ ပထမဆုံးဆုံရတဲ့ဇာတ်ကားဆိုပြီး အမှတ်တရ ဇာတ်ဝင်ခန်းရယ်လို့တော့ မရှိခဲ့ဘူး၊ ညှော်သည်ဇာတ်ကားမှာ မှတ်မှတ်ရရအဖြစ်ဆုံး ဇာတ်ဝင်ခန်းကိုမေးရင်လည်း အကုန်လုံးပါပဲလို့ ပြောရမှာပါ၊ သဲက ဇာတ်ကားတစ်ကားရိုက်ရင် ဇာတ်ဝင်ခန်းတိုင်းကို အလေးထားတယ်လေ” ဟု ရွှေမှုံရတီက ဆိုသည်။

**ကိုလင်း**

# ‘အဆောင်’ ဇာတ်လမ်းတွဲတွင် အလှမယ် စဝ်ယွန်းဝတီဦးက အကြားအမြင်ဆရာမအဖြစ် ပါဝင်ထား

Miss International Myanmar 2017 Winner ဆု ရရှိခဲ့သူ စဝ်ယွန်းဝတီဦးသည် သရုပ်ဆောင်အလုပ်များ ခြေလှမ်းစနေပြီဖြစ်ပြီး လတ်တလောအနေဖြင့် Stellar Seven Entertainment က ရိုက်ကူးကာ Fortune TV ရုပ်သံလိုင်းမှ ဇွန် ၁ ရက်တွင် စတင်ပြသမည့် အဆောင် ဇာတ်လမ်းတွဲ၌ အကြားအမြင်ဆရာမလေး တစ်ယောက်အဖြစ် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

အကြားအမြင်ဆရာမ ကာရိုက်တာအတွက် ပြင်ဆင်ခဲ့ပုံနှင့်ပတ်သက်၍ စဝ်ယွန်းဝတီဦးက “ဒီကားထဲမှာ ညီမက လောကီအစီအရင်တွေကို စိတ်ဝင်စားပြီး ပရလောကသားတွေနဲ့ ချိတ်ဆက်ဖို့ ကြိုးစားနေတဲ့ အကြားအမြင်ရလုနီးပါး ဆရာမလေး တစ်ယောက်အနေနဲ့ သရုပ်ဆောင်ထားပါတယ်၊ ညီမအနေနဲ့ အသစ်ဆိုပေမယ့် လက်ခံထားတဲ့ အလုပ်ကိုတော့ သေသေချာချာလုပ်ဖို့ပဲ စိတ်ရှိပါတယ်။ အဲဒီအတွက် လိုအပ်တဲ့ ကာရိုက်တာပြင်ဆင်မှုတွေကို သေချာလေ့လာတယ်၊ အဓိက ကတော့ နတ်ပင့်တာတွေ၊ နတ်ခေါ်တာတွေအတွက် လေယူလေသိမ်းကို ကြိုးစားပြီးတော့ လေ့လာတယ်၊ ဗေဒင်ပညာနဲ့ပတ်သက်တဲ့စာတွေ ဖတ်တယ်၊ အစီအရင်တွေကို ဘယ်လိုလုပ်တယ်ဆိုတာ ဖတ်ကြည့်တယ်၊ အဝတ်အစား အပြင်အဆင်ကိုလည်း သေချာပြင်ဆင်ခဲ့ရတာမျိုးတွေ ရှိပါတယ်၊ ကိုယ်တိုင်ကလည်း နတ်တွေ၊ နာနာဘာဝတွေကို ယုံတယ်၊ အဲဒါကြောင့် ဇာတ်ကားရိုက်နေတုန်း Night Scene တွေဆိုရင်တော့ နည်းနည်းကြောက်တယ်” ဟု ပြောသည်။

အဆိုပါ ဇာတ်ကားမှာ အမျိုးသမီးအဆောင်တစ်ခုအတွင်း အထီးကျန်နေသည့် လျှို့ဝှက်မှုတွေများလွန်းလှသော အဆောင်ပိုင်ရှင် အမျိုးသမီးကြီးတစ်ဦးနှင့် လျှို့ဝှက်သော နောက်ကြောင်းကိုယ်စီရှိကြသည့် အဆောင်နေ မိန်းကလေးခုနစ်ဦးတို့ တွေ့ဆုံကြပြီးနောက် အဆောင်အတွင်း မထင်မှတ်ထားသည့် ချောက်ချားဖွယ် အဖြစ်အပျက်များ တစ်ခုပြီးတစ်ခု ဖြစ်လာရသည့်အကြောင်းကို ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ ဒါရိုက်တာ အကယ်ဒမီ မလိခစိုးထိုက်အောင်က ရိုက်ကူးထားပြီး သရုပ်ဆောင်များအဖြစ် ညိမ်းသော်၊ ဆုထက်ကုဋေ၊ ဖြိုးပပထူး၊ စဝ်ယွန်းဝတီဦး၊ ဆုထက်နှင့် အခြားသရုပ်ဆောင်များ ပါဝင်ထားပြီး ဇွန် ၁ ရက်မှစ၍ အပတ်စဉ် စနေနေ့ ည ၇ နာရီတွင် Fortune TVရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။ **ကိုလင်း**



# ဆရာမ ခင်ခင်ထူး၏ ‘ဆူးပန်းခွေ သွယ်ဘယက်နှင့် ပေရှက်လိပ် နားတောင်းဆင်’ ဝတ္ထုကို ဇာတ်လမ်းတွဲအဖြစ် ရိုက်ကူးမည်

စာရေးဆရာမ ခင်ခင်ထူး၏ ဆူးပန်းခွေ သွယ်ဘယက်နှင့် ပေရှက်လိပ် နားတောင်းဆင် ဝတ္ထုကို ခသုံးလုံး ရုပ်ရှင်ထုတ်လုပ်ရေးမှ စီစဉ်ပြီး ဇာတ်ညွှန်းနှင့် ဒါရိုက်တာ ဇော်မြင့်ဦးက ဇာတ်လမ်းတွဲအဖြစ် ပုံဖော်ရိုက်ကူးသွားမည်ဟု သိရသည်။



“ဒီဇာတ်လမ်းလေးကို ဖတ်ကတည်းက စိတ်ထဲမှာ စွဲစွဲလမ်းလမ်းဖြစ်တယ်။ ဆရာမကြီးရဲ့ဝတ္ထုကို ရုပ်ရှင်ရိုက်မယ်ဆိုရင် အချိန် နှစ်နာရီအတွင်းမှာ ဆရာမကြီး ပြောချင်တဲ့ စကားတွေ၊ ပြချင်တဲ့အရုပ်တွေ၊ သိစေချင်တဲ့ စိတ်ထားလေးတွေကို ပြည့်ပြည့်စုံစုံ မတင်ပြနိုင်မှာ စိုးရိမ်တဲ့အတွက် Forever Group နဲ့ ပူးတွဲပြီး အပိုင်း ၄၀ အထိ ရိုက်ကူးဖို့ စဉ်းစားထားတာပါ၊ ဝတ္ထုကလည်း အလွန်ကောင်းခဲ့တယ်၊ ဦးဇော်မြင့်ဦးရဲ့ဇာတ်ညွှန်းကလည်း ကောင်းပြီးသားဆိုတော့ ကိုယ်ပါဝင်ရမယ့် ကာရိုက်တာအတွက် ကြိုးစားရမှာပါ၊ ဒီဇာတ်ကားကိုတော့ ဇွန်လအတွင်းမှာ စတင်ရိုက်ကူးသွားမှာဖြစ်ပါတယ်၊ ဒါရိုက်တာက အကယ်ဒမီ ဦးဇော်မြင့်ဦးဖြစ်ပြီး ဇာတ်ညွှန်းကိုလည်း သူကိုယ်တိုင်ပဲ ရေးဖွဲ့ထားတာပါ” ဟု ပါဝင်သရုပ်ဆောင်မည့် ခန့်စည်သူက ပြောသည်။

ဆူးပန်းခွေ သွယ်ဘယက်နှင့် ပေရှက်လိပ် နားတောင်းဆင် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ခန့်စည်သူ၊ အောင်ရဲချမ်း၊ ထွန်းအိန္ဒြာဗိုနှင့် ခိုင်သင်းကြည်တို့က အဓိက ပါဝင်သရုပ်ဆောင်၍ အခြားအနုပညာရှင်များစွာလည်း ပါဝင်ကြမည်ဟု သိရသည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

# ကေတီပယ်ရီ၏ သီချင်းသစ်ထွက်ရှိ

အဆိုတော် ကေတီပယ်ရီဟာ အမေရိကန်အိုင်ဒေါမှာ ဒိုင်တစ်ဦးအဖြစ် လုပ်ကိုင်နေပြီး အမေရိကန်အိုင်ဒေါရဲ့နောက်ဆုံးပွဲလည်းပြီးသွားပြီဖြစ်လို့ အခုဆိုရင် သီချင်းဘက်ကို ပြန်လှည့်လာနိုင်ပြီပဲ ဖြစ်ပါတယ်။ အသက် ၃၄ နှစ်အရွယ် ကေတီပယ်ရီဟာ အမေရိကန်အိုင်ဒေါ တစ်ရာသီစာပြီးတဲ့အခါမှာတော့ ပေါ့ဂီတဘက်ကို ပြန်ဦးတည်လာနိုင်ပါပြီ။

ကေတီပယ်ရီရဲ့ Never Really Over ဆိုတဲ့ သီချင်းဗီဒီယိုဟာ မေ ၃၁ ရက်မှာ ထွက်ရှိပြီး သီချင်းသစ်အတွက် ပရိသတ်တွေအားလုံးဟာလည်း စိတ်လှုပ်ရှား ပျော်ရွှင်နေရပါတယ်။ ဒီသီချင်းကို ကေတီကိုယ်တိုင်ရေးထားတာဖြစ်ပြီး သူခရီးထွက်နေစဉ် အတွင်းမှာ ဒီသီချင်းကို ဖန်တီးခဲ့တာလို့ ကေတီက ပြောပါတယ်။ ကေတီဟာ သီချင်းအသစ်ကို ဧပြီ ၁၉ ရက်မှာ ထွက်ရှိနိုင်လိမ့်မယ်လို့ မျှော်လင့်ခဲ့ပြီး အခုအချိန်မှ ထွက်ရှိလာတာပဲ ဖြစ်ပါတယ်။ အခုလိုသီချင်းသစ်ထွက်တော့ ကေတီဟာ အယ်လ်ဘမ်အသစ်များ လုပ်နေတာလားဆိုပြီး ပရိသတ်တွေက ထင်ကြေးပေးနေကြပါတယ်။

ဒါပေမယ့် ကေတီပယ်ရီဘက်ကတော့ အတည်ပြုပြောကြားတာမျိုး မရှိသေးပါဘူး။ ကေတီနောက်ဆုံးထွက်ရှိခဲ့တဲ့ အယ်လ်ဘမ်ကတော့ Witness လို့ အမည်ရပြီး ၂၀၁၇ ခုနှစ်က ထွက်ရှိခဲ့တာဖြစ်လို့ အယ်လ်ဘမ်အသစ်မထွက်တာ နှစ်နှစ်နီးပါးရှိပါပြီ။

**ဟောလိဝုဒ်လိုက်ဖ်**




အဆိုတော် ကေတီပယ်ရီ

## ကစ်ဟာရင်တန် ကျန်းမာရေးစင်တာတွင် အနားယူလျက်ရှိ

Game of Thrones ကြယ်ပွင့် ကစ်ဟာရင်တန်ဟာ ပုဂ္ဂိုလ်ရေးရာကိစ္စများနဲ့ စပ်လျဉ်းပြီး တည်ငြိမ်မှုရရှိဖို့ ကျန်းမာရေးစင်တာမှာ အနားယူနေတယ်လို့ သိရပါတယ်။ အဆိုပါစင်တာမှာ စိတ်ဖိစီးမှုတွေ၊ အလုပ်တာဝန်ပိမှုတွေ၊ အထီးကျန်မှုတွေကင်းဝေးအောင် လုပ်ဆောင်ပေးတဲ့နေရာလည်း ဖြစ်ပါတယ်။

Game of Thrones ဇာတ်လမ်းတွဲရဲ့နောက်ဆုံးအတွဲဟာလည်း ဇာတ်သိမ်းသွားပြီပဲ ဖြစ်ပါတယ်။ ဒီလိုမျိုးအားလပ်နေတဲ့ကာလမှာ ကစ်ဟာရင်တန်က ပုဂ္ဂိုလ်ရေးရာကိစ္စအချို့ကို ဖြေရှင်းဖို့အတွက် ကျန်းမာရေးစင်တာမှာ အနားယူနေတာဖြစ်တယ်လို့ ကစ်ဟာရင်တန်ရဲ့ကိုယ်စားလှယ်တစ်ဦးက စီအင်န်အင်န်ကို ပြောပါတယ်။

ကစ်ဟာရင်တန်ဟာ Game of Thrones ဇာတ်ကားမှာ ဂျွန်စနိုးအဖြစ် ပါဝင်ခဲ့ပြီး သူဟာ အောင်မြင်ကျော်ကြားမှုကြောင့် ဘယ်လိုမျိုးအခက်အခဲတွေ ရင်ဆိုင်ခဲ့ရသလဲဆိုတာကို ပြောပြခဲ့ပါတယ်။ ဒီဇာတ်လမ်းတွဲပြီးတဲ့နောက်မှာတော့ သူဟာ စိတ်ပိုင်းဆိုင်ရာ အနေအထားတွေကို ပြင်ဆင်ခဲ့ရတယ်လို့ ပြောပါတယ်။ ဒီဇာတ်လမ်းတွဲနောက်ကွယ်က မှတ်တမ်းတွေကို တင်ဆက်တဲ့ HBO ရဲ့အစီအစဉ်မှာလည်း နောက်ဆုံးအပိုင်းအတွက် နှုတ်ဆက်တဲ့အခါ ကစ်ဟာရင်တန်ဟာ မျက်ရည်ကျပြီး ရိုက်ကူးရေးအဖွဲ့သားအားလုံးကို နှုတ်ဆက်ခဲ့ပါတယ်။ ဇာတ်လမ်းတွဲရဲ့ နောက်ဆုံးအပိုင်းတွေကို ရိုက်တဲ့အခါ အဆင်ပြေနေပြီး အားလုံးပြီးပြီလည်းဆိုရော လူလည်း ပြိုလဲသွားမတတ် ခံစားရတယ်လို့ ကစ်ဟာရင်တန်က ပြောပါတယ်။ ကစ်ဟာရင်တန်ကတော့ Game of Thrones တွဲဖက်သရုပ်ဆောင် ရိုစ်လက်စလီနဲ့ လက်ထပ်ထားပါတယ်။

**စီအင်န်အင်န်**



သရုပ်ဆောင် ကစ်ဟာရင်တန်။



# နှစ်လုံးတွဲများ (၁)

## မောင်ခင်မင် (ဓနုဖြူ)

"စကားနှစ်လုံးတွဲပုံ အမျိုးမျိုးရှိတဲ့အကြောင်း အရင်အပတ်က ဆရာ ပြောထားတာရှိပါတယ်။ ဘယ်လိုတွဲတယ်ဆိုတာ အသေးစိတ်သိပါရစေ ဆရာ"

"အင်း... အရင်အပတ်က 'စေလွှတ်' အကြောင်းပြောရင်း စကားနှစ်လုံးတွဲပုံတွေအကြောင်း စကားဆက်သွားတာလေ။ ကဲ- နှစ်လုံးတွဲပုံအကြောင်း ပြောမယ်ဆိုတော့ ထင်သာမြင်သာဖြစ်အောင် အရင်အပတ်ကပြောတဲ့ 'စေလွှတ်' လို ကြိယာတွေအကြောင်းက စကြတာပေါ့"

"ဟုတ်ကဲ့ပါ"

"ပထမပြောမှာက 'စေလွှတ်' လို နှစ်လုံးတွဲမျိုးပေါ့။ 'လွှတ်' လို့သုံးရင် ပုံမှန်အသုံးဖြစ်ပေမယ့် 'စေလွှတ်' လို့ တွဲသုံးရင် ပိုပြီးခံ့ခံ့ညားညားရှိတယ်လို့ ယူဆကြတယ်။ ပိုပြီးတော့လည်း စာသုံးဆန်တယ်ပေါ့။ အရင်အပတ်က ပြောပြီးပါပြီ။ အဲဒီလိုပဲ 'လုပ်' လို့ တစ်လုံးတည်းမသုံးဘဲ 'ပြုလုပ်' လို့ နှစ်လုံးတွဲသုံးရင် ခံ့ညားတယ်လို့ ထင်ရတာပေါ့"

"ဟုတ်ကဲ့ပါ။ 'ဘယ်လိုလုပ်မလဲ' လို့ မေးရင် ပုံမှန်ပဲ။ 'မည်သို့ပြုလုပ်မည်နည်း' လို့ မေးရင်တော့ စာသုံးဆန်သွားတာပေါ့နော် ဆရာ"

"ဟုတ်တယ်။ အဲဒီသဘောပဲ။ 'ပြောဆို၊ ကောင်းမွန်၊ ကြည့်ရှု၊ ငိုကြွေး၊ မေးမြန်း၊ ချက်ပြုတ်၊ ဆင်းသက်' ဆိုတဲ့ အတွဲတွေကို ကြည့်လေ။ ကဲ- 'ကောင်းမွန်' လို့ နှစ်လုံးမတွဲဘဲ တစ်လုံးတည်းသုံးရင် ဘယ်စကားလုံးကို သုံးမလဲ"

" 'ကောင်း' ကို သုံးပါ့မယ် ဆရာ"

"ဟုတ်ပါတယ်။ 'ကောင်း' နဲ့ 'မွန်' က အဓိပ္ပာယ်ချင်း ဆင်တူပါတယ်။ သုံးတဲ့အခါမှာ ပုံမှန်သုံးရင် 'ကောင်းတယ်၊ ကောင်းသည်' လို့သုံးတယ်မဟုတ်လား။ 'မွန်တယ်၊ မွန်သည်' လို့တော့ မသုံးဘူး။ ဒါပေမယ့် 'ကောင်းမွန်တယ်၊ ကောင်းမွန်သည်' လို့ သုံးရင်တော့ ခံ့ညားတဲ့ အငွေ့အသက်ပါလာတာပေါ့"

"နားလည်ပါပြီ ဆရာ။ ဒါဆိုရင် ခုနပြောတဲ့ နှစ်လုံးတွဲတွေမှာ ရှေ့ကစကားလုံးကို ပုံမှန်သုံးပြီး 'ခံ့ညားအောင်' စာဆန်ဆန်သုံးရင်တော့ နောက်ကစကားလုံးပါ တွဲသုံးရတာပေါ့နော်"

"ဟုတ်ပါတယ်။ အရင်းခံစကားလုံးတွေက 'ကြည့်၊ ငို၊ မေး၊ ချက်၊ ဆင်း' ဆိုတဲ့ စကားလုံးတွေပဲ။ တွဲသုံးတော့ 'ကြည့်ရှု၊ ငိုကြွေး၊ မေးမြန်း၊ ချက်ပြုတ်၊ ဆင်းသက်' ဆိုပြီး နှစ်လုံးတွဲတွေ ဖြစ်လာတာပေါ့။ သုံးပုံလည်း ခံ့ခံ့ညားညားရှိတာပေါ့"

"နားလည်ပါပြီ ဆရာ"

"နောက်တွဲပုံတစ်မျိုးက တစ်လုံးတည်းသုံးလို့ အဓိပ္ပာယ်မပြည့်စုံဘဲ နှစ်လုံးတွဲသုံးမှ အဓိပ္ပာယ်ပြည့်စုံတဲ့ နှစ်လုံးတွဲမျိုးပေါ့"

"ဟုတ်ကဲ့"

" 'သန့်ရှင်း' လို စကားမျိုးပေါ့။ 'သန့်' နဲ့ 'ရှင်း' က အဓိပ္ပာယ်ကွဲတဲ့ စကားလုံးနှစ်လုံးပဲ။ အဲဒီနှစ်လုံးတွဲပြီး 'သန့်ရှင်းရေး၊ သန့်ရှင်းမှ ကျန်းမာမယ်' ဆိုတာမျိုး သုံးတယ်"

"ဟုတ်လား။ အဲဒါကို 'သန့်' တစ်လုံးတည်းယူပြီး 'သန့်ရေး၊ သန့်မှ ကျန်းမာမယ်' လို့ သုံးသုံး၊ 'ရှင်းရေး၊ ရှင်းမှ ကျန်းမာမယ်' လို့ သုံးသုံး ဆိုလိုတဲ့အဓိပ္ပာယ် မရောက်ဘူးလေ။ တစ်လုံးချင်းအဓိပ္ပာယ်ရှိပေမယ့် နှစ်လုံးတွဲသုံးမှ အဓိပ္ပာယ်ပြည့်စုံတယ်ကွဲ့"

"နားလည်ပါပြီ ဆရာ"

"အဲဒီလိုဆိုရင် အဲဒီလိုစကားလုံးတွဲမျိုး စဉ်းစားပြီး ပြောကြည့်ပါလား"

"ဟုတ်ကဲ့။ 'ဆက်သွယ်' လို စကားလုံးမျိုးလား ဆရာ"

"ဟုတ်ပါတယ်။ 'ဆက်' နဲ့ 'သွယ်' က အဓိပ္ပာယ်ရှိပေမယ့် တစ်လုံးတည်းသုံးလို့ 'ဆက်သွယ်' ဆိုတဲ့ အဓိပ္ပာယ်မရဘူးလေ။ 'သူနဲ့ သူ့အလုပ်သမားတွေနဲ့ ဆက်သွယ်လို့မရဘူး' ဆိုတဲ့ အဓိပ္ပာယ်ရအောင် 'ဆက်လို့ မရဘူး'၊ 'သွယ်လို့မရဘူး' လို့ တစ်လုံးစီခွဲသုံးလို့ အဓိပ္ပာယ်မပြည့်စုံဘူးလေ"

"ဟုတ်ကဲ့ပါ။ တခြားစကားလုံးတွဲတွေရော ပြောပြပါ ဆရာ"

"အများကြီးရှိပါတယ်။ 'ရောင်းဝယ်၊ သွားလာ၊ ပေါက်ကွဲ၊ ကျေနပ်၊ ရပ်စဲ' ဆိုတဲ့ စကားလုံးမျိုးတွေပေါ့။ နှစ်လုံးတွဲသုံးမှ အဓိပ္ပာယ်ပြည့်စုံတာလေ"

"သေသေချာချာလေ့လာမှ ဒီသဘောတွေသိမယ်ဆိုတာ သဘောပေါက်ပါပြီ ဆရာ"

"ဟုတ်ပါပြီ။ နောက်တွဲပုံတစ်မျိုးက အပြုအမူနှစ်ခုကို တစ်ဆက်တည်းလုပ်တဲ့ အဓိပ္ပာယ်ရအောင် ကြိယာနှစ်ခု တွဲထားတဲ့ပုံစံပဲ"

"ဘယ်လိုပုံစံပါလဲ ဆရာ"

" 'ခူးစား၊ သွားဝယ်၊ ပြောင်းစီး၊ ပြေးဆင်း' ဆိုတဲ့ နှစ်လုံးတွဲမျိုးတွေပေါ့။ 'မာလကာသီးခူးစားတယ်' လို့ ပြောရင် ခူးတာရယ်၊ စားတာရယ် အပြုအမူနှစ်ခုကို တစ်ဆက်တည်းလုပ်တာမဟုတ်လား။ အဲဒီအဓိပ္ပာယ်ရအောင် 'ခူးစား' လို့ တွဲသုံးလိုက်တာပေါ့။ ကျန်တဲ့ နှစ်လုံးတွဲတွေလည်း အဲဒီအဓိပ္ပာယ်ပါပဲ"

"ဆရာ ခူးပြီးစားတယ်လို့လည်း ပြောတယ်ထင်ပါတယ်"

"ဟုတ်ပါတယ်။ အဲဒီအပြုအမူနှစ်ခုကို တစ်ခုပြီးမှ တစ်ခုလုပ်တာမို့ မင်းပြောသလို စကားလုံးနှစ်လုံးကြားမှာ 'ပြီး' ထည့်ပြီးလည်း သုံးနိုင်တာလေ။ 'သွားပြီးဝယ်၊ စောင့်ပြီးစီး၊ ပြေးပြီးဆင်း' ဆိုတာမျိုးပေါ့"

"နားလည်ပါပြီ ဆရာ"

"နောက်တွဲပုံတစ်မျိုးက စကားလုံးနှစ်လုံးမှာ ရှေ့စကားလုံးက ပဓာနဖြစ်ပြီး နောက်စကားလုံးက အဓိပ္ပာယ်ထင်ထင်ရှားရှားမရှိတဲ့ စကားလုံးပဲ။ အဲဒီအတွဲမျိုးတွေလည်း တော်တော်များများရှိတယ်"

"ဟုတ်ကဲ့ပါ"

" 'စိုးရိမ်၊ ကူညီ၊ လွယ်ကူ၊ ဆေးကြော၊ ဆန်းကြယ်' ဆိုတဲ့ စကားလုံးတွေကို ကြည့်လေ။ 'စိုးရိမ်' မှာ 'စိုး' ရဲ့ အဓိပ္ပာယ်က ဘာလဲ"

"စိတ်ပူတယ်၊ ပူပန်တယ်ဆိုတဲ့ အဓိပ္ပာယ်ပါ ဆရာ"

"ဟုတ်ပါတယ်။ 'သူမလာမှာ စိုးတယ်' တို့၊ 'ငြင်းပယ်မှာစိုးတယ်' တို့ဆိုတာ ပူပန်တဲ့အဓိပ္ပာယ်ပါပဲ။ ဒါဖြင့် 'ရိမ်' ကရော ဘာအဓိပ္ပာယ်ရှိသလဲ"

" 'ရိမ်' ရဲ့ အဓိပ္ပာယ်ကို ကျွန်တော်မသိပါဘူး ဆရာ"

**" 'သန့်ရှင်း' လို စကားမျိုးပေါ့။ 'သန့်' နဲ့ 'ရှင်း' က အဓိပ္ပာယ်ကွဲတဲ့ စကားလုံးနှစ်လုံးပဲ။ အဲဒီနှစ်လုံးတွဲပြီး 'သန့်ရှင်းရေး၊ သန့်ရှင်းမှ ကျန်းမာမယ်' ဆိုတာမျိုး သုံးတယ်"။ "ဟုတ်လား။ အဲဒါကို 'သန့်' တစ်လုံးတည်းယူပြီး 'သန့်ရေး၊ သန့်မှ ကျန်းမာမယ်' လို့ သုံးသုံး၊ 'ရှင်းရေး၊ ရှင်းမှ ကျန်းမာမယ်' လို့ သုံးသုံး ဆိုလိုတဲ့အဓိပ္ပာယ် မရောက်ဘူးလေ။ တစ်လုံးချင်းအဓိပ္ပာယ်ရှိပေမယ့် နှစ်လုံးတွဲသုံးမှ အဓိပ္ပာယ်ပြည့်စုံတယ်ကွဲ့"**

"အေး... ဆရာလည်း မသိဘူး"

"ဩော်"

" 'ရိမ်' ရဲ့ အနက်ကို မသိလို့ အနက်မထင်လို့ ပြောတာပေါ့။ ခုနပြောတဲ့ စကားလုံးတွေ 'ကူညီ၊ လွယ်ကူ၊ ဆေးကြော၊ ဆန်းကြယ်' တို့မှာလည်း ဒုတိယအစိတ်အပိုင်းတွေက အနက်မထင်ဘူးကွဲ့"

"အနက်မထင်ဘူးဆိုတာ ကျွန်တော် သိပ်နားမလည်လို့ပါ ဆရာ"

"ဒီလိုလေ။ ဒီနှစ်လုံးတွဲတွေမှာ ပထမအစိတ်အပိုင်းက အနက်ရှိတယ်။ အနက်ထင်တယ်။ ဒါကြောင့် နှစ်လုံးတွဲနေရာမှာ ပထမအစိတ်အပိုင်းကို အစားထိုးပြီး သုံးလို့ရတယ်။ အဓိပ္ပာယ်မပြောင်းဘူး။ အဲ... ဒုတိယအစိတ်အပိုင်းကို အစားထိုးရင်တော့ တခြားအနက်ဖြစ်ချင်ဖြစ်သွားမယ်။ ဘာအနက်အဓိပ္ပာယ်မှ မရှိတာဖြစ်ချင်ဖြစ်သွားမယ်။ မူလအနက်တော့ မရတော့ဘူးကွဲ့"

"သာဓကလေးနဲ့ ပြောပြပါ ဆရာ"

" 'စိုးရိမ်' ကိုပဲ သာဓကပြပါ့မယ်။ 'သူမလာမှာ စိုးရိမ်တယ်' ဆိုတဲ့စကားမှာ 'စိုးရိမ်' နေရာမှာ 'စိုး' ကို ထည့်ပြောရင် ဘယ်လိုပြောမလဲ"

" 'သူမလာမှာ စိုးတယ်' လို့ ပြောပါ့မယ် ဆရာ"

"အဲဒီလိုပြောရင် မူလအဓိပ္ပာယ်ပြောင်းသွားသလား"

"မပြောင်းပါဘူး ဆရာ။ 'စိုးရိမ်တယ်' လို့ ပြောတာနဲ့ 'စိုးတယ်' လို့ ပြောတာနဲ့ အဓိပ္ပာယ်အတူတူပါပဲ"

"ဟုတ်ပြီ။ ဒါဆိုရင် 'စိုးရိမ်' နေရာမှာ 'ရိမ်' တစ်လုံးတည်းထည့်ပြီးပြောရင် ဘယ်လိုပြောမလဲ"

" 'သူမလာတာရိမ်တယ်' လို့ ပြောပါ့မယ် ဆရာ"

"ဘာအဓိပ္ပာယ်လဲ"

"ဘာအဓိပ္ပာယ်မှ မရပါဘူး ဆရာ။ 'ရိမ်' မှာ အနက်အဓိပ္ပာယ် မရှိပါဘူး"

"ဒါကြောင့် 'ရိမ်' က အနက်မထင်ဘူးလို့ ပြောတာပေါ့"

"နားလည်ပါပြီ ဆရာ"

"နောက်တစ်လုံးကြည့်ရအောင်။ 'လွယ်ကူ' နေရာမှာ 'လွယ်' ကို ထည့်ပြောကြည့်စမ်းပါ"

" 'ဒီအလုပ်က လွယ်ကူတယ်' ကို 'ဒီမေးခွန်းက လွယ်တယ်' လို့ ထည့်ပြောနိုင်ပါတယ် ဆရာ။ အဓိပ္ပာယ်အတူတူပါပဲ"

"ကဲ 'လွယ်ကူ' နေရာမှာ 'ကူ' ကို ထည့်ပြောကြည့်စမ်းပါ"

" 'ဒီအလုပ်က ကူတယ်' ဖြစ်သွားပါတယ်။ အဓိပ္ပာယ်မထင်ရှားပါဘူး ဆရာ။ လွယ်ကူတဲ့ အဓိပ္ပာယ် မဟုတ်တော့ပါဘူး"

"ကူတယ်ဆိုတာ ကူညီတယ်ဆိုတဲ့ တခြားအဓိပ္ပာယ်တော့ ရတာပေါ့။ ဒါပေမယ့် လွယ်ကူတဲ့အဓိပ္ပာယ်မဟုတ်တော့ဘူး။ 'ဒီအလုပ်က ကူတယ်' လို့ ပြောတဲ့ စကားဟာလည်း အဓိပ္ပာယ်မပေါ်ဘူး။ ဒါကြောင့် 'လွယ်ကူ' မှာ 'ကူ' ဟာလည်း အနက်မထင်တဲ့ အစိတ်အပိုင်းဖြစ်နေတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ဒီနေရာမှာ အရေးကြီးတာက 'အနက်မထင်' ဆိုတဲ့ အယူအဆပဲ။ ဒုတိယအစိတ်အပိုင်းတွေက အနက်အဓိပ္ပာယ် အထင်အရှားမရှိတာတော့ အမှန်ပဲ။ ဒါဖြင့် အဓိပ္ပာယ်မရှိဘဲ ဘာဖြစ်လို့ ထည့်ထားတာလဲလို့ မေးစရာရှိတာပေါ့။ ပညာရှင်တွေက အဲဒီစကားမျိုးတွေကို အနက်မထင်ပေမယ့် စကားပြေပြစ်အောင် တွဲသုံးတဲ့စကားတွေလို့လည်း ယူဆကြတယ်။ ကုန်းဘောင်ခေတ်က ဝေါဟာရတ္ထပကာသနီဆိုတဲ့ ဝေါဟာရအတွင်းကျမ်းကြီးမှာ 'ပြေပြစ်ရုံ ဖတ်ဆိုသောဝေါဟာရ' လို့ နာမည်ပေးထားတယ်"

"ဩော်... ဟုတ်ကဲ့ပါ"

"တစ်နည်းစဉ်းစားရင်တော့ ဒီအစိတ်အပိုင်းတွေက တွဲသုံးစတုန်းက အဓိပ္ပာယ်ရှိလို့သာ တွဲသုံးတာဖြစ်မယ်။ အဓိပ္ပာယ်မရှိဘဲ တွဲသုံးစရာအကြောင်းမရှိဘူးလို့ စဉ်းစားနိုင်တာပေါ့။ ဒါဖြင့် ဘာဖြစ်လို့ အခုအနက်အဓိပ္ပာယ်မထင်တာလဲလို့မေးရင် အဲဒီအနက်ကို မဖော်ထုတ်နိုင်လို့ ပြောတာလည်း ဖြစ်နိုင်တာပေါ့"

"ဘယ်လိုမဖော်ထုတ်နိုင်တာပါလဲ ဆရာ"

"သာဓကတစ်ခုပြမယ်လေ။ 'ဆေးကြော' ဆိုတဲ့ စကားကို တို့ဒီနေ့ တွင်တွင်ကျယ်ကျယ် သုံးနေတယ် မဟုတ်လား"

"သုံးပါတယ် ဆရာ"

" 'ဆေးကြော' ကို ခုနစကားတွေလို စိစစ်ကြည့်စမ်းပါ"

" 'ဆေးကြော' မှ 'ဆေး' က အနက်ထင်ပါတယ်။ 'ကြော' က အနက်မထင်ပါဘူး"

"ဘာကြောင့် အဲဒီလိုပြောနိုင်တာလဲ"

" 'ပန်းကန်များကို ဆေးကြောသည်' လို့သုံးသလို 'ပန်းကန်များကို ဆေးသည်' လို့လည်း သုံးပါတယ်။ ပန်းကန်များကို ကြောသည်လို့ မသုံးနိုင်ပါဘူး ဆရာ။ ဒါကြောင့် 'ကြော' က အနက်မထင်ပါဘူး ဆရာ"

"ဟုတ်ပါပြီ။ ဒါပေမယ့် 'ကြော' ဟာ မွန်စကားဖြစ်ပြီး 'ဆေးတယ်' လို့ အဓိပ္ပာယ်ရကြောင်း ပညာရှင်တွေ ဖော်ထုတ်ထားတယ်။ ဒီတော့ 'ဆေးကြော' ဆိုတာ အဓိပ္ပာယ်တူတဲ့ မြန်မာစကားနဲ့ မွန်စကား တွဲသုံးတာဆိုတာ ထင်ရှားတာပေါ့။ ဒါပေမယ့် 'ကြော' ရဲ့ အဓိပ္ပာယ်ကို မဖော်ထုတ်နိုင်ရင်တော့ အနက်မထင်လို့ပဲ သတ်မှတ်ကြမှာပေါ့ကွယ်"

# စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

၆၈။ ဆိုင်းငံ့မိန့်အကြောင်းကြားစာကို လက်ခံရရှိပြီးနောက် တင်သွင်းသူသည် ဆိုင်းငံ့မိန့်ကို မကျေနပ်ပါက သက်ဆိုင်ရာ စီရင်ပိုင်ခွင့်ရှိသည့် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားနိုင်သည်။ မူပိုင်ခွင့်တရားရုံးသည် ပြန်လည်စိစစ်ရန် အခွင့်အရေးတောင်းဆိုသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဆိုင်းငံ့ကာလကို ပြင်ဆင်ခြင်း၊ ပြန်လည်ရုပ်သိမ်းခြင်း သို့မဟုတ် အတည်ပြုခြင်း ပြုလုပ်ရမည်။

၆၉။ မူပိုင်ခွင့်တရားရုံးက စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ချိုးဖောက်ထားသောပစ္စည်းများ မှန်ကန်ကြောင်း ဆုံးဖြတ်ခဲ့လျှင် တင်သွင်းသူသည် အဆိုပါပစ္စည်းများအား ထိန်းသိမ်းခြင်း၊ ဖျက်ဆီးခြင်း၊ ဖယ်ရှားခြင်းတို့အတွက် ကုန်ကျစရိတ်များကို အကောက်ခွန်ဦးစီးဌာနသို့ ပေးဆောင်ရမည်။

၇၀။ မူပိုင်ခွင့်တရားရုံးက စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ချိုးဖောက်ထားသော ပစ္စည်းများမဟုတ်ကြောင်း ဆုံးဖြတ်ခဲ့လျှင် အဆိုပါပစ္စည်းများကို မှားယွင်းစွာဆိုင်းငံ့ခြင်းနှင့် ယာယီထိန်းသိမ်းခြင်းတို့ကြောင့် ဖြစ်ပေါ်သည့် နစ်နာကြေးကို မူပိုင်ခွင့်တရားရုံးမှ သတ်မှတ်ဆုံးဖြတ်သည့် ပမာဏအတိုင်း လျှောက်ထားသူမှ တင်သွင်းသူထံ ပေးဆောင်ရမည်။

၇၁။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးချိုးဖောက်ထားသော ပစ္စည်းများကို စီးပွားရေးအလို့ငှာ မဟုတ်ဘဲ ပစ္စည်းတင်သွင်းသူက ကိုယ်ပိုင်သုံးရန် ရည်ရွယ်၍ ခရီးသည်ဝန်စည်အနေဖြင့် ယူဆောင်လာသော ပစ္စည်းများနှင့်သော်လည်းကောင်း၊ နည်းဥပဒေတွင် သတ်မှတ်ဖော်ပြထားသော တင်သွင်းတင်ပို့လာသော ပစ္စည်းများနှင့်သော်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ။

၇၂။ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးချိုးဖောက်ထားသောပစ္စည်းများနှင့် စပ်လျဉ်း၍ ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့်လည်းကောင်း၊ အခြားနိုင်ငံမှ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်လည်းကောင်း၊ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့်အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများနှင့်လည်းကောင်း သတင်းအချက်အလက်များဖလှယ်ပြီး ပူးပေါင်းဆောင်ရွက်နိုင်သည်။

### အခန်း (၂၂)
### စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးကို ထိပါးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ မူပိုင်ခွင့်တရားရုံး၏ လုပ်ပိုင်ခွင့်များ

၇၃။ (က) အခွင့်အရေးရရှိသူသည် နစ်နာမှုအတွက် တရားမကြောင်းအရ ပုဒ်မ ၇၄ နှင့် ၇၅ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ချမှတ်ပေးရန် မူပိုင်ခွင့်တရားရုံးတွင် အထွေထွေမှု လျှောက်ထားနိုင်သည်။

(ခ) အခွင့်အရေးရရှိသူသည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူပေးရန် မူပိုင်ခွင့်တရားရုံးသို့ လျှောက်ထားနိုင်သည်။

၇၄။ (က) မူပိုင်ခွင့်တရားရုံးသည် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ထိပါးချိုးဖောက်မှုများနှင့် စပ်လျဉ်း၍ ပုဒ်မ ၇၃၊ ပုဒ်မခွဲ (က) အရ လျှောက်ထားလာပါက တရားမကြောင်းအရ ကုစားဆောင်ရွက်ရန် အောက်ပါ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(၁) စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ထိပါးချိုးဖောက်ခြင်းကို ကာကွယ်တားဆီးရန်နှင့် အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန်အရပ်ရပ် ပေးဆောင်၍ ရှင်းလင်းထုတ်ယူပြီးသည့် သွင်းကုန်ပစ္စည်းများအပါအဝင် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးထိပါးချိုးဖောက်ထားသော ပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို ကာကွယ်တားဆီးရန်သင့်သည် ထင်မြင်သည့်အမိန့်၊

(၂) စွပ်စွဲခံရသော စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ထိပါးချိုးဖောက်မှုနှင့် သက်ဆိုင်သည့် သက်သေခံအထောက်အထားများကို မူလအခြေအနေမပျက် ထိန်းသိမ်းထားရန်သင့်သည် ထင်မြင်သည့်အမိန့်၊

(၃) သက်ဆိုင်ရာ အကောက်ခွန်ဦးစီးဌာနက ထုတ်ထားသည့် ဆိုင်းငံ့မိန့်ကို ပြင်ဆင်ရန်၊ ပယ်ဖျက်ရန် သို့မဟုတ် အတည်ပြုရန်အမိန့်။

(ခ) မူပိုင်ခွင့်တရားရုံးသည် ယာယီအရေးယူ ဆောင်ရွက်ပေးရန်အတွက် လျှောက်ထားသူထံမှ အောက်ပါတို့ကို တင်သွင်းရန် ညွှန်ကြားနိုင်သည် -

(၁) လျှောက်ထားသူမှာ အခွင့်အရေးရရှိသူဖြစ်ကြောင်း၊ ယင်း၏ အခွင့်အရေးကို ထိပါးချိုးဖောက်နေကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာရှိကြောင်း ထင်ရှားစေရန် ခိုင်လုံသည့် အထောက်အထားများကို တင်ပြစေခြင်း၊

(၂) ယာယီအရေးယူဆောင်ရွက်မှုကို အလွဲသုံးစားပြုခြင်းမှ ကာကွယ်တားဆီးရန်အတွက် လုံလောက်သည့် အာမခံ တင်သွင်းစေခြင်း။

(ဂ) မူပိုင်ခွင့်တရားရုံးသည် ပုဒ်မခွဲ (က) ပါ အမိန့်အရ ယာယီအရေးယူ ဆောင်ရွက်မှုများကို ဆောင်ရွက်ရာတွင် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ထိပါးချိုးဖောက်သည်ဟု စွပ်စွဲခံရသောပစ္စည်းများကို ခွဲခြားသတ်မှတ်နိုင်ရန် နောက်ထပ်လိုအပ်သော မည်သည့်သတင်းအချက်အလက်ကိုမဆို တင်သွင်းရန် လျှောက်ထားသူကို ထပ်မံညွှန်ကြားနိုင်သည်။

(ဃ) မူပိုင်ခွင့်တရားရုံးသည် လျှောက်ထားတောင်းဆိုခဲ့သည့် ယာယီအရေးယူဆောင်ရွက်ချက်များကို စတင်ဆောင်ရွက်ခဲ့သည့်နေ့မှစ၍ ထိခိုက်နစ်နာမှုအပေါ် အမှုကို အပြီးအပြတ် ဆုံးဖြတ်နိုင်ရန်အတွက် မူပိုင်ခွင့်တရားရုံးက သတ်မှတ်ထားသည့် သင့်လျော်သောကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ထားခြင်း မရှိခဲ့လျှင် ယာယီအရေးယူဆောင်ရွက်ရန် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တရားစွဲဆိုမှုကို တရားမကြောင်းအရ တရားစွဲဆိုခြင်းမရှိလျှင် ပုဒ်မ ၇၅၊ ပုဒ်မခွဲ (ခ) ကို မထိခိုက်စေဘဲ ပုဒ်မ ၇၄၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၇၅၊ ပုဒ်မခွဲ (က) တို့အရ ချမှတ်ထားသော ယာယီအရေးယူဆောင်ရွက်ချက်များကို လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ ရုပ်သိမ်းရမည် သို့မဟုတ် အကျိုးသက်ရောက်မှုကို ရပ်စဲရမည်။

(င) မူပိုင်ခွင့်တရားရုံးသည် ယာယီအရေးယူ ဆောင်ရွက်ချက်များကို ရုပ်သိမ်းလျှင်ဖြစ်စေ၊ လျှောက်ထားသူ၏ ပျက်ကွက်မှု သို့မဟုတ် ပြုလုပ်မှုတစ်ရပ်ရပ်ကြောင့် ရပ်စဲလျှင်ဖြစ်စေ၊ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ထိပါးချိုးဖောက်ခြင်းမရှိကြောင်း သို့မဟုတ် ထိပါးချိုးဖောက်ရန် အလားအလာမရှိကြောင်း တွေ့ရှိလျှင်ဖြစ်စေ လျှောက်ထားခံရသူ၏ တောင်းဆိုချက်အရ အဆိုပါ အရေးယူဆောင်ရွက်ချက်များကြောင့် ပေါ်ပေါက်သော ထိခိုက်နစ်နာမှုများအတွက် သင့်လျော်သော လျော်ကြေးကို လျှောက်ထားသူက လျှောက်ထားခံရသူသို့ ပေးစေရန် အမိန့်ချမှတ်နိုင်သည်။

၇၅။ (က) မူပိုင်ခွင့်တရားရုံးသည် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် တစ်ဖက်သတ် ယာယီအရေးယူဆောင်ရွက်သည့် အမိန့်များကို ချမှတ်နိုင်သည် -

(၁) အခွင့်အရေးရရှိသူကို ကုစား၍မရနိုင်သော ထိခိုက်နစ်နာမှုကိုဖြစ်စေတန်ရာသည့် နှောင့်နှေးကြန့်ကြာမှု တစ်စုံတစ်ရာရှိခြင်း၊

(၂) သက်သေခံအထောက်အထားများ ပျက်စီးဆုံးရှုံးမည့် အန္တရာယ် အမှန်တကယ်ကျရောက်နေခြင်း။

(ခ) မူပိုင်ခွင့်တရားရုံးသည် တစ်ဖက်သတ် ယာယီအရေးယူ ဆောင်ရွက်ရာတွင် -

(၁) ဆောင်ရွက်ပြီးလျှင်ပြီးချင်း နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ ယာယီအရေးယူဆောင်ရွက်သည့် အမိန့်ကို လျှောက်ထားခံရသူထံ အသိပေးအကြောင်းကြားရမည်။

(၂) မူပိုင်ခွင့်တရားရုံးက သတ်မှတ်သည့် အချိန်ကာလအတွင်း သို့မဟုတ် ယင်းကဲ့သို့ သတ်မှတ်ချက်မရှိခဲ့လျှင် အကြောင်းကြားစာထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အကြောင်းကြားခံရသူက လိုက်နာခြင်းမရှိလျှင် ယင်းအရေးယူဆောင်ရွက်ချက်များကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်။

(ဂ) မူပိုင်ခွင့်တရားရုံးသည် ယင်းအရေးယူဆောင်ရွက်ချက်များအပေါ် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် အတည်ပြုခြင်းတို့အား ဆုံးဖြတ်ပေးရန် လျှောက်ထားခံရသူများ၏ တောင်းဆိုချက်အရ နှစ်ဖက်ကြားနာ၍ ပြန်လည်စစ်ဆေးခြင်းတစ်ရပ်ကို သင့်လျော်သည့်ကာလအတွင်း ဆောင်ရွက်ရမည်။

၇၆။ (က) စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ထိပါးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ တရားမဥပဒေနှင့် တရားမကျင့်ထုံးဥပဒေတို့ကို မထိခိုက်စေဘဲ ပုဒ်မ ၇၃၊ ပုဒ်မခွဲ (ခ) အရ စွဲဆိုမှုတွင် မူပိုင်ခွင့်တရားရုံးသည် အောက်ပါအမိန့် တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(၁) အကောက်ခွန်ဦးစီးဌာနတွင် ကျသင့်ခွန်အရပ်ရပ် ပေးဆောင်၍ ရှင်းလင်းထုတ်ယူပြီး တင်သွင်းလာမည့် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ထိပါးချိုးဖောက်ထားသည့် ပစ္စည်းများ နိုင်ငံတော်၏ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ ဝင်ရောက်လာခြင်းကို ကာကွယ်တားဆီးခြင်း အပါအဝင် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ထိပါးချိုးဖောက်မှုအတွက် တားမြစ်သည့် အမိန့်၊

(၂) (ကက) စာပေနှင့်အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ထိပါးချိုးဖောက်ခြင်းကြောင့် ဖြစ်ပေါ်လာသော အခွင့်အရေးရရှိသူ၏ ထိခိုက်နစ်နာမှုများအတွက် ထိပါးချိုးဖောက်သူမှ အခွင့်အရေးရရှိသူထံ လုံလောက်သော နစ်နာကြေးကို ပေးဆောင်စေရန်အတွက် ချမှတ်သည့် အမိန့် သို့မဟုတ် သင့်လျော်သော ကိစ္စရပ်များတွင် အခွင့်အရေးရရှိသူမှ ကြိုတင်သတ်မှတ် တောင်းဆိုထားသော နစ်နာကြေးကိုဖြစ်စေ၊ ချိုးဖောက်သူမှ ရယူခံစားခဲ့သော အကျိုးအမြတ်ကိုဖြစ်စေ၊ နှစ်ရပ်လုံးကိုဖြစ်စေ ပြန်လည်ပေးစေရန် အမိန့်။

(ခခ) အခွင့်အရေးရရှိသူ၏ တရားစရိတ်နှင့် ရှေ့နေစရိတ်တို့အပါအဝင် သင့်လျော်သော ကုန်ကျစရိတ်များကို ပေးဆောင်စေရန် အမိန့်။

(၃) အခွင့်အရေးရရှိသူကို ထိခိုက်နစ်နာမှု မရှိစေရန်အလို့ငှာ လျော်ကြေးတစ်စုံတစ်ရာ ပေးဆောင်စေခြင်းမရှိဘဲ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ချိုးဖောက်သောပစ္စည်းများကို ကုန်သွယ်မှုလမ်းကြောင်းမှ ဖယ်ရှားရန် သို့မဟုတ် ဖျက်ဆီးရန် ချမှတ်သည့်အမိန့်၊

(၄) စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ချိုးဖောက်ထားသောပစ္စည်းများ ပြုလုပ်ရာတွင် အဓိကအသုံးပြုသော ပစ္စည်းကိရိယာ တန်ဆာပလာများကို ကုန်သွယ်မှုလမ်းကြောင်းမှ ဖယ်ရှားရန် သို့မဟုတ် ဖျက်ဆီးရန် ချမှတ်သည့်အမိန့်။

(ခ) မူပိုင်ခွင့်တရားရုံးသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) နှင့် (၄) တို့အရ အမိန့်တစ်ခုခုကို ချမှတ်ရန်စဉ်းစားရာတွင် အဆိုပါအမိန့်နှင့် စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ထိပါးချိုးဖောက်မှုအတိုင်းအတာကို အချိုးညီစွာ ချင့်ချိန်ဆုံးဖြတ်ရမည်ဖြစ်ပြီး အခြားအကျိုးသက်ဆိုင်သူများ၏ အကျိုးစီးပွားကိုလည်း ထည့်သွင်းစဉ်းစားရမည်။

၇၇။ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေး ထိပါးချိုးဖောက်ခံရသည်ဟု မရိုးမဖြောင့်သောသဘောဖြင့် မမှန်မကန်တိုင်ကြားကြောင်း ပေါ်ပေါက်လျှင် ယင်းသို့ တိုင်ကြားခြင်းကြောင့် မှားယွင်းစွာ ဟန့်တားခံရသည့် လျှောက်ထားခံရသူကို လျှောက်ထားသူက လျော်ကြေးပေးရမည့်အပြင် လျှောက်ထားခံရသူ၏ ကျသင့်သော ရှေ့နေစရိတ်အပါအဝင် တရားစရိတ်နှင့် အခြားကုန်ကျစရိတ်များကို လျှောက်ထားသူက ပေးဆောင်စေရန် မူပိုင်ခွင့်တရားရုံးက အမိန့်ချမှတ်နိုင်သည်။

၇၈။ (က) မူပိုင်ခွင့်တရားရုံးသည် အောက်ပါအခြေအနေများတွင် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ သင့်လျော်သော ကိစ္စရပ်များတွင် လျှို့ဝှက်သတင်းအချက်အလက်များကို အကာအကွယ်ပေးလျက် သက်သေခံအထောက်အထားများကို တစ်ဖက်အမှုသည်က တင်ပြရန် အမိန့်ချမှတ်နိုင်သည် -

(၁) အခွင့်အရေးရရှိသူက ယင်း၏ တောင်းဆိုချက်များကို လုံလောက်စွာ အထောက်အကူပြုနိုင်မည့် ခိုင်လုံသည့် သက်သေခံအထောက်အထားကို တင်ပြထားသောအခါ၊

(၂) ယင်းတောင်းဆိုချက်များနှင့် စပ်ဆိုင်သည့် ခိုင်လုံသော သက်သေခံအထောက်အထားများသည် တစ်ဖက်အမှုသည်၏ လက်ဝယ်တွင်ရှိကြောင်း တိကျစွာ ဖော်ပြထားသောအခါ။

(ခ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ မိမိအလိုအလျောက် ထိပါးချိုးဖောက်မှုတွင် မူပိုင်ခွင့်တရားရုံးသည် အောက်ပါအခြေအနေများ၌ ထိခိုက်နစ်နာသူနှင့် ထိပါးချိုးဖောက်သူတို့၏ စွပ်စွဲချက်များ သို့မဟုတ် သက်သေခံအထောက်အထားများအရ ကြားနာခွင့်ပေးပြီး ၎င်းတို့၏ အပြန်အလှန်စွပ်စွဲငြင်းဆိုသည့်အချက်များ အပါအဝင် သတင်းအချက်အလက်များအပေါ် အခြေခံ၍ အတည်ပြုခြင်း သို့မဟုတ် ငြင်းဆိုခြင်းစသည့် ပဏာမနှင့် အပြီးသတ်ဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည် -

(၁) လိုအပ်သည့် သတင်းအချက်အလက်များကိုရယူရာတွင် ငြင်းဆိုလျှင်၊

(၂) သင့်လျော်သော အချိန်ကာလအတွင်း လိုအပ်သော သတင်းအချက်အလက်ကို မပေးပို့နိုင်လျှင်၊

(၃) အရေးယူဆောင်ရွက်မှုနှင့် စပ်လျဉ်းသော လုပ်ထုံးလုပ်နည်းများကို သိသာစွာ ဟန့်တားလျှင်။

၇၉။ မူပိုင်ခွင့်တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်တွင် ငွေဒဏ်ချမှတ်ခဲ့ပါက ယင်းချမှတ်သော ငွေဒဏ်အားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကို သော်လည်းကောင်း နစ်နာကြေးအဖြစ် နစ်နာသူအား ပေးစေရန် အမိန့်ချမှတ်နိုင်သည်။

၈၀။ တရားစွဲဆိုရန် အကြောင်းတစ်ရပ်တည်းကို အခြေပြု၍ ပြစ်မှုကြောင်းနှင့် တရားမကြောင်း နှစ်ရပ်လုံးဖြင့်စွဲဆိုပါက မူပိုင်ခွင့်တရားရုံးသည် တရားမမှုတွင် ထိခိုက်နစ်နာမှုအတွက် နစ်နာကြေးပေးစေရန် စီရင်ချက်၊ အမိန့်နှင့် ဒီကရီချမှတ်သည့်အခါ ပုဒ်မ ၇၉ အရ ချမှတ်သည့် ငွေဒဏ်မှ နစ်နာကြေးအဖြစ်ပေးခဲ့သော ငွေကြေးကို ခုနှိမ်ပေးရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

## ရန်ကုန်မြို့ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး (၇၃) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၇၃) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ၁၃၈၁ - ခုနှစ်၊ နယုန်လဆန်း (၁၄)ရက်၊ ၁၆-၆-၂၀၁၉(တနင်္ဂနွေနေ့)၊ နံနက်(၉)နာရီတွင်ဗဟန်းမြို့နယ်၊ကမ္ဘာအေးစေတီလမ်း၊ အမှတ်(၄၉/၅၁)ရှိ **အဘိဓမ္မာရတနာဃရ** ဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်ပါ၍ သီးခြားဖိတ်စာရသည်ဖြစ်စေ၊ အသင်းဝင်တိုင်းမပျက်မကွက်တက်ရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အသင်းဝင်များသည် အသင်းကြီး၏ တိုးတက်ရာ တိုးတက်ကြောင်း ဆွေးနွေးအကြံပြုလိုသည့်အချက်များရှိပါက ဆူးလေစေတီတော်ရင်ပြင်ရှိ အသင်းကြီးရုံးခန်းသို့ (၈-၆-၂၀၁၉) ညနေ ( ၄း၀၀ )နာရီနောက်ဆုံးထား ပေးပို့ကြပါရန် မေတ္တာရပ်ခံပါသည်။

အမှုဆောင်အဖွဲ့ - ၀၁-၃၇၈၄၅၇၊ ၃၇၁၄၈၈၊ ၀၉၂၅၀၃၁၆၃၇၆

**Air - Con** အဟောင်း/အပျက်များ
ဈေးကောင်းပေးဝယ်သည်။
ကိုမောင်မောင်တင်
၀၉ - ၇၃၀၉၅၉၅၀၊ ၀၉ - ၇၆၅၀၈၅၈၅၀

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7L/5227 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**




အမှတ်(၁၂၈)၊ ၁၄-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၂၀၃၄၂

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁၄)လမ်း (လမ်းတို)၊ အမှတ်-(၁၂၈) နေ ဦးခေါ်အင်ပိုး (၁၂/လမတ(နိုင်)၀၀၉၀၇၄)သည် ဖော်ပြပါကုန်အမှတ်တံဆိပ်ကို မိမိ တစ်ဦးတည်း မူပိုင်အဖြစ် သုံးစွဲရန်အတွက် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်အမှတ်-(၉၆၂၇/၂၀၁၀) ဖြင့် မှတ်ပုံတင်သွင်းထားခဲ့ပြီး ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဖော်ပြပါ"**မဟာသုဒဿန**" ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် သင်္ကန်းများကို ကိုယ်ပိုင်ချုပ်လုပ်၊ ထုတ်လုပ်၍ အရောင်းဆိုင်များ ဖွင့်လှစ်ကာ မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် ဖြန့်ချိ၊ ရောင်းချ၊ ကြော်ငြာသွားမည်ဖြစ်ကြောင်း၊ ၎င်း"**မဟာသုဒဿန**" သင်္ကန်းတိုက် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တုပပြုလုပ်ရောင်းချခြင်း၊ ဆင်တူရိုးမှား၊ ထပ်တူထပ်မျှ တုပပြုလုပ်သုံးစွဲခြင်း မပြုလုပ်ကြရန်နှင့် အကယ်၍ တုပပြုလုပ်သုံးစွဲသည်ကို မြင်တွေ့ကြားသိရပါက မိမိတို့လုပ်ငန်း အကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးမှုများအတွက် တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားစွဲဆိုလျက် လျော်ကြေးငွေများ တောင်းခံသွားမည့်အပြင် တုပပြုလုပ်သူတို့၏ လုပ်ငန်းအား အပြီးအပိုင် ပိတ်သိမ်းပြီးသည့်တိုင်အောင် ဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် သတိပေး ကြေညာပါသည်။

**ဦးခေါ်အင်ပိုး၏ လွှဲအပ်ညွှန်ကြားချက်အရ -**

ဦးအောင်ဖြိုးလတ် (LL.B)
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၀၅)**
အမှတ်-၁၃၈၊ ဒုတိယထပ်၊ ၃၂-လမ်း(အလယ်)၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၂၅၄၃၂၀၅၂၇




### ဖခင်အမည်မှန်

မိုင်းဆတ်မြို့၊ အလက(ကျဒယ်)၊ ပဉ္စမတန်းမှ မောင်သူရထိုက်၏ ဖခင်အမည်မှန်မှာ ဦးဟန်စိုး ၁၃/လရန(နိုင်)၀၀၄၄၇၂ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ အလက (၄)၊ ပထမတန်းမှ မောင်ကျော်ဇေယျာလင်း၏ ဖခင်အမည်မှန်မှာ ဦးဖရန်စစ္စကို ဖြစ်ပါကြောင်း။

### အမည်မှန်

မောင်တောမြို့၊ အထက -၂၊ တက္ကသိုလ်ဝင်တန်းမှ(ဘ)ဦးကြည်ဝင်း၏သမီး သူဇာမိုးဦး ၁၁/မတန(နိုင်)၀၂၇၈၂၉၏ အမည်မှန်မှာ လှသူဇာမိုးဦး ဖြစ်ပါကြောင်း။ **လှသူဇာမိုးဦး**

### မွေးသက္ကရာဇ်အမှန်

မောင်တောမြို့နယ်၊ ရွက်ညိုတောင်ကျေးရွာနေ (ဘ)ဦးရွှေဘော်မောင်၏ သမီး မအေးအေးဇံ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၁၀-၁၉၉၅ ဖြစ်ပါကြောင်း။

### အမည်မှန်

ဦးစောနိုင်ဦး၏သား ကျိုက်မရောမြို့နယ် အမက(ထော်ပလော့)မှ စတုတ္ထတန်းအောင်မြင်ခဲ့သည့် မောင်ဝင်းထွဋ်ဝင်း၏ အမည်မှန်မှာ မောင်ထက်ထူးလွင်ကျော် ဖြစ်ပါကြောင်း။

### အမည်မှန်

ဦးမောင်မောင်၏သမီး ကျိုက်မရောမြို့နယ် မူလွန်(အံကစင်မွန်စု)၊ သတ္တမတန်းမှ မပန်းမိုးအေး၏ အမည်မှန်မှာ မပန်းမော်အေး ဖြစ်ပါကြောင်း။

### အမည်ပြောင်း

ဦးဝင်းမျိုးထက်-ဒေါ်နန်းအင်ကြင်းဦးတို့၏သား ဥတ္တရသီရိမြို့နယ် New Campus ကိုယ်ပိုင်အလယ်တန်းကျောင်း ဒုတိယတန်းမှ မောင်စိုင်းအောင်မြတ်ကြွယ်အား မောင်လမင်းယံဟု ပြောင်းလဲခေါ်ပါရန်။

**မောင်လမင်းယံ**

### ပျောက်ဆုံးကြောင်း

ကျွန်မ နန်းအုပ် ၁၃/ကတန(နိုင်)၁၇၈၇၃၇၏ Passport No(မမှတ်မိ) သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၉၇၆၂၂၉၈**

အကောင်းကြိုက်သူများအတွက်
သန့်
စပါယ်ရှယ်ပေါ်ဆန်း၊မွှေး၊ ပဲဆီမွှေး၊ ရှမ်းဆန်၊ ဘာစမာတီ၊ ဆန်မျိုးစုံ ရွေးချယ်သန့်စင်ပြီး(ခပ်ချက်)ဆန်များကို အိမ်အရောက်ပို့ပေးပါသည်။
ယနေ့မှာကြားလျှင် ယနေ့အရောက်ပို့ ဝန်ဆောင်မှုဖြစ်ပါသည်။
(ပိတ်ရက်မရှိပါ။) ဆန်သားနှင့်ထမင်းအား နှစ်သက်မှုမရှိပါက တစ်ပတ်အတွင်း ပြန်လည်လဲလှယ်ပေးပါမည်။
ရွှေဘိုပေါ်ဆန်းမွှေးရပြီ။
ဘုရင့်နောင်ပွဲရုံမျက်နှာစာတန်း။ ဘုရင့်နောင်လမ်းမကြီး။
ဖုန်း-01-3681209, 01-3681504, 09-73249922, 09-443249933

### ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၂၀)ရပ်ကွက် ဝေပုလ္လ (၁) လမ်း၊ အမှတ်(၅၁၂/က)၊အကျယ်အဝန်း(၁၀×၆၀)ပေရှိ အိမ်၊ခြံ၊မြေနှင့်ပတ်သက်၍ အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါ အမှတ်(၅၁၂/က)၊(၁၀×၆၀)ပေနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးမင်းမင်းဇော် ၁၂/လသယ(နိုင်)၀၂၃၉၆၅ပိုင်ဆိုင်ပြီး ကျွန်မ၏မိတ်ဆွေ ဦးဇော်မင်းထွန်းမှ ဝယ်ယူရန် စရန်ငွေတစိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ရာ ၎င်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၅ ရက်အတွင်း ကျွန်မထံသို့ ပိုင်ဆိုင်မှုအထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အပြီးအပိုင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အိအိထွေး(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၃၃)
တိုက်အမှတ်(၉/၁၁)၊အခန်း ၃၀၆(၄လွှာ)၊၃၆လမ်း(အောက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

### ပျောက်ဆုံးကြောင်း

ကျွန်မ ယဉ်ယဉ်ထွေး ၇/ကတခ(နိုင်)၁၁၀၂၄၀ ၏ Passport No (မမှတ်မိ) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၄၈၇၈၀၂၂**

### အမည်ပြောင်း

ဦးမြတ်စိုး၏သမီး တာချီလိတ်မြို့၊ ရန်အောင်မြေ(၁)၆/၁၆နေ မနှင်းယုခိုင်အား မညြမြတ်ချယ်ဟု ပြောင်းလဲခေါ်ပါရန်။

### ဖခင်အမည်မှန်

မော်လမြိုင်မြို့နယ်၊ အထက(ခွဲ)စမ်းကြီး၊ နဝမတန်းအောင်မှ မခင်မြတ်နိုးဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော် ၈/ခမန(နိုင်)၂၄၃၆၂၄ ဖြစ်ပါကြောင်း။ **ဦးအောင်ကျော်**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၁၁၈၃)၊ ဧရိယာ ၀ဒသမ၀၈၂၉ဧက အတွက် မြေပေးမိန့်ထုတ်ပေးပါရန် ဦးလှဌေး(ကိုယ်စား) ဒေါ်ချိုမာ(ဘ)ဦးစိန်လွင် ၉/လဝန(နိုင်)၂၃၇၂၁၁ မှ မြေချစလစ်၊ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ် (၁၂၆၃/၂၀၁၉)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ၎င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေ (၃)ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြ၍ မြေပေးမိန့်လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြီး ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ ဧရိယာ ၀ဒသမ၂၂၀ဧကရှိ ဦးကျော်သက်ဦး အမည်ပေါက် မြေငှားစာချုပ်မြေကွက်အမှတ်(M-115,M-117)အား ဒေါ်ခင်ဆွေဝင်း (ဘ)ဦးမြင့် ၁၂/ကတတ(နိုင်)၀၁၀၅၀၉ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် ဦးကျော်သက်ဦး ၅/ရဘန(နိုင်)၀၀၀၁၃၃ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ ဒုအရာခံဗိုလ်ကျင်မောင် အမည်ပေါက် ပါမစ်မြေကွက်အမှတ်(၂၀၆၈)အား အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့်တင်ပြရန်အတွက် ဦးဇော်လင်းဦး ၉/ပမန(နိုင်)၀၃၂၉၅၅ မှ ပျဉ်းမနားမြို့မြို့မြေတိုးချဲ့ရေးကော်မတီသို့ ပေးသွင်းထားသည့် ဝိုင်းကွက်တန်ဖိုးငွေသွင်းပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကတိသစ္စာပြုလွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အထက ၅ ဆဋ္ဌမတန်းမှ မောင်မြတ်နိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဝင်း ၁၁/ပတန(နိုင်)၀၄၉၂၉၆ ဖြစ်ပါကြောင်း။

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဂန့်ဂေါခရိုင်၊ ကျောက်ထုမြို့နယ်ခွဲ၊ ကြီးကျေးရွာနေ မနှင်းနွယ်ဝင်း၊ မခိုင်ဇင်မိုးတို့၏မိခင် ဒေါ်ယဉ်ယဉ်ထွေး (ခ)ဒေါ်ဇင်မာဝင်း ၈/ဆမန(နိုင်)၀၄၇၉၂၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ကြော်ငြာပါမှတ်ပုံတင်နံပါတ်မှာ အမှန်ဖြစ်ကြောင်း။

**ဒေါ်ယဉ်ယဉ်ထွေး(ခ)ဒေါ်ဇင်မာဝင်း**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဌ/၅၉၁၃၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ နေပြည်တော်**

### ပျောက်ဆုံးကြောင်း

ကျွန်တော်များ Korea Link Industrial Co.,Ltd မှ ခွင့်ပြုမိန့်အမှတ် (၄၈၅/၂၀၁၂)အား ၃-၅-၂၀၁၉ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၄၁၄၈၆၁၄**

### ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ ဖက်တောကျေးရွာ၊ အထက အဋ္ဌမတန်းမှ မသွယ်သွယ်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းမင်းလတ် ၉/တသန(နိုင်)၁၂၂၆၆၂ ဖြစ်ပါကြောင်း။

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

